အဘိဓဇမဟာရဋ္ဌဂုရု

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်

၏

# စိတ္တာနုပဿနာကျမ်း

နှင့်

# အသား ၁၂-မျိုးစာတမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဒီဇင်ဘာလ ၁၉၈၁

အဘိဓဇမဟာရဋ္ဌဂုရု

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်

၏

# စိတ္တာနုပဿနာကျမ်း

နှင့်

## အသား ၁၂-မျိုးစာတမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဒီဇင်ဘာလ ၁၉၈၁

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။



စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်
အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်

စိတ္တာနုပဿနာကျမ်း

# နိဒါန်း

---

## သတိပဋ္ဌာန်တရားပွားသင့်ပုံ

ဖွားသက်ရှည်။ ။အမျိုးသမီးကြီးတဦးသည် အသက် ၁၂၀-ရှိကြောင်း သတင်းထင်ပေါ်ကျော်ကြားသည်။

မြန်မာသက္ကရာဇ် ၁၃၁၅-ခု ၁၃၁၆-ခု အချိန်အခါလောက်ကဖြစ်သည်။

ထိုစဉ်က ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပဆဲဖြစ်ရာ မြန်မာ သီရိလင်္ကာ (သီဟိုဠ်) ထိုင်း (ယိုးဒယား) ကမ္ဘောဒီးယား (ကမ္ဘူးချား) လာအို (လော) ဟူသော ထေရဝါဒ ငါးနိုင်ငံမှ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်းသို့ ကြွရောက်၍ သံဂါယနာတင်တော်မူကြရန် ကျောင်းဆောင်ကြီး ၄-ဆောင်မှာ သီတင်းသုံး နေထိုင်တော်မူလျက် ရှိကြသည်။

ဖော်ပြခဲ့သည့် အသက်၁၂၀-ရှိ ဖွားသက်ရှည်၏ သတင်းကို ကြားသိကြရသော အချို့ဆရာတော်ကြီးများသည် ဖွားသက်ရှည်ကို သွားရောက်တွေ့ဆုံကြသည်။အကျိုးအကြောင်း မေး

မြန်းကြသည်။ ဝယာဝစ္စကုဏ်နှင့် ပြည့်စုံသော သက်တော်ကြီး ဖွားသက်ရှည်အား တတ်အားသမျှ လှူဒါန်း ပေးကမ်းချီးမြှင့်တော်မူကြသည်။

**တောင်ဘီလူးဆရာတော်နှင့် တွေ့ဆုံခြင်း**

ဖွားသက်ရှည်ထံ သွားရောက်ကြသည့် ဆရာတော်များ ရှိရာတွင် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်မှ အဘယခေမိက တောင်ဘီလူးဆရာတော်ကြီးလည်း တချိန်က တကြိမ်မျှ ကြွတော်မူခဲ့သည်။

ဆရာတော်ကြီးသည် စားဖွယ် သောက်ဖွယ်များကို ယူဆောင်လျက် နောက်လိုက် ကပ္ပိယနှင့်အတူ သံဃာယနာတင်မော်တော်ယာဉ် အဝါကြီးဖြင့် ကြွတော်မူသည်။ ဆရာတော်ဆိုက်ရောက်သောအခါ ဖွားသက်ရှည်သည်အိမ်ထပ်ခိုး အဆင့်ကလေးပေါ်မှ မည်သူမျှ တွဲမရှိမချရပဲ ဝါးလှေကားငယ်ဖြင့် သွက်လက်ပေါ့ပါးစွာ ဆင်းသက်လာသည်။

ဖွားသက်ရှည်၏ရုပ်မှာ အသက် ၁၂၀-ဆိုသော်လည်း ၆၀-၇၀ ခန့် ရှိမည်ဟု မှန်းရမည်။ အသားအရေမှာ အသက်နှင့်စာသော် ပိန်သည်ဟု မဆိုသာချေ၊ ခေါင်းမှဆံပင်များကို သပ်သပ်ရပ်ရပ် ရှိစေရန် ဖြီးပြီး ချည်ဖြင့် စည်းပေးထားသည်။ သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင် အင်္ကျီထဘီများကိုဝတ်ဆင်ထားသည်။ ထဘီကိုမူ သေသေချာချာ ဝတ်ဆင်ထားပြီးမှ ခိုင်မြဲစေရန် အဝတ်စရှည် တခုဖြင့် ထပ်စည်းထားသည်။

ဖွားသက်ရှည်သည် ဣန္ဒြေသိက္ခာငြိမ်သက်စွာပင် လှေကားငယ်မှ ဆင်းလာပြီး ဆရာတော်ကြီးကို ဦးချသည်၊ ဆရာ

ခတော်က မေးသည့် နေကောင်းကြောင်း စားကောင်းကြောင်း အိပ်ကောင်းကြောင်းများကို သွက်လက်စွာ အထစ်အငေါ့ မရှိ ပြောဆိုနိုင်သည်။ နောက်ကြောင်းအဖြစ်အပျက်များကိုမူ ဟာဝါလေ....ဟိုသင်းလေ... စသည်ဖြင့် စဉ်းစားတွေးတော မရ သည့် ဝေါဟာရများကို သုံးနေကာ မဖြေနိုင်သည်က များ သည်၊ ဖြေနိုင်ပြန်လျှင်လည်း မမှန်ကန်သည်က များနေပေ သည်။ ဆရာတော်ပါလာသည့် စားသောက်ဖွယ်များကိုလည်း မြိန်ရှက်စွာ စားသုံးသည်။

ဖွားသက်ရှည်၏သား သမီး မြေး မြစ်များကမူ ဖွားသက် ရှည်သည် ကျန်းမာရေး ဘာမျှပြောစရာမရှိအောင် ကောင်း ကြောင်း ကောင်းစွာ အိပ်နိုင် စားနိုင်ကြောင်း လျှောက် ထားကြသည်၊ ပြောစရာရှိသည်မှာ သတိမေ့တတ်ခြင်းတခု သာဖြစ်သည်။ စားပြီးပါလျက်လည်း မစားရသေးဟု ပြော တတ်ကြောင်း တခါတရံ ပြောပြီးသား စကားများကိုလည်း ထပ်ကာထပ်ကာ ပြောတတ်ကြောင်း ဤသို့သော သတိမေ့ လျော့မှုသာလျှင် ပြောစရာရှိကြောင်း လျှောက်ထားကြ သည်။

ဆရာတော်ကြီးသည် မေးသင့်သည်များကို မေးမြန်း၍ ပေးသင့်သည်များကို ပေးကမ်း၍ ပြန်ရန်နှုတ်ဆက်တော်မူပြီး လျှင်—

"ဒကာမကြီး ဘာများ လိုချင်သေးသလဲ"

ဟု မေးတော်မူသည်။ ထိုအခါ ဖွားသက်ရှည်က သွက်လက် စွာပင်—

"နားဆွဲ လှလှကလေး လိုချင်တယ်ဘုရား"

ဟု ပြန်ဖြေသည်။ ဆရာတော်ကြီးလည်း ရယ်မောရင်း ပြန်ကြွလာခဲ့သည်။

**လူဖြစ်ကျိုးနပ်ရန်။** ။ယင်း ဖွားသက်ရှည် အကြောင်းကို ဆင်ခြင်ကြည့်လျှင် ဖွားသက်ရှည်သည် အသက်ရှည်၏။ ကျန်းမာ၏၊ စီးပွားချမ်းသာရှိ၏၊ လူ့ဘဝတွင် လိုအပ်သည့် ကောင်းကျိုးချမ်းသာများ ပြည့်စုံလင် နေပြီဟု ဆိုသင့်လှပေသည်။ သို့သော် သတိမေ့ခြင်း သူငယ်ပြန်ခြင်းတို့ကြောင့် လူ့အင်္ဂါမစုံလင် လူရာမဝင်ပဲဖြစ်နေသည်။

အကယ်၍သာ သတိကောင်း၍ သူငယ်မပြန်ဘူးဆိုလျှင် အဘယ်မျှ လူဖြစ်ရကျိုးနပ်၍ လူ့တန်ဖိုးရှိလိုက်လေမည်နည်း။ မည်မျှလောက် ကိုယ့်အကျိုးစီးပွား သူတပါးအကျိုးစီးပွားများကို ဆောင်ရွက်နိုင်လိုက်လေမည်နည်း။

**စံကင်းဆရာတော်ကြီး။** ။ဤတွင် ဖွားသက်ရှည်နှင့် ဆက်နွယ်၍ သက်တော်ရှည် စံကင်းဆရာတော်ကြီး အကြောင်းကို တွေးမိပြန်သည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရွှေကျင်သာသနာပိုင် ဆရာတော်ဖြစ်သည့် ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးသည်ကား သက်တော်ရာကျော်၍ ပျံလွန်တော်မူသည့်တိုင်အောင် သတိတရား သမာဓိတရား ကြီးမားခိုင်ခံ့လှပေသည်။ရုပ်ကာယ အားနည်း၍ ထူမပေးမှသာလျှင် ထိုင်နိုင်သည့် အခြေအနေမှာပင် နာမကာယမှာ အားမနည်းပဲ သတိ, သမာဓိ, ပညာ တည်တံ့ခိုင်မာစွာဖြင့် လေးနက်သော

အဓိပ္ပါယ်များ ပါဝင်သည့် တရားတော်များကို မှန်ကန်တိကျ ပြတ်သားစွာ ဟောကြားတော်မူနိုင်ပေသည်။ ဆရာတော် ဟောကြားသည့် တရားတော်များကို တိတ်ခွေများဖြင့် ဖမ်းယူထားသည်ကို ကြည့်ညိုဖွယ်ရာ ကြားနာရဘူးပေသည်။

အမရပူရမြို့ မဟာဂန္ဓာရုံတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘာသာဒ္ဓိကာကျမ်းပြု အရှင် ဇနကာဘိဝံသသည် သက်တော်ရှည် စံကင်းဆရာတော် ဘုရားကြီးထံ အဖူးအမြော် ရောက်ခဲ့စဉ်က အာလာပ သလ္လာပ စကားများကို ဆွေးနွေးမေးလျှောက်ရင်း—

> ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဤမျှလောက် သက်တော်ကြီးသည်အထိ သတိမမေ့ခြင်း, သူငယ် မပြန်ခြင်းမှာ သတိပဋ္ဌာန်တရား ပွားများသော ကြောင့်ဟု တပည့်တော်ထင်ပါသည်၊ သတိပဋ္ဌာန် တရားပွားလျှင် သတိမေ့ခြင်း မရှိနိုင်၊ သူငယ်မပြန်နိုင် ဟု တပည့်တော် ကြားနာ မှတ်သားရဘူးပါသည် ဘုရား—

ဟူ၍ လျှောက်ထားသည်။ ယင်း လျှောက်ထားချက်ကို အနီးတွင် ရှိနေသည့် တပည့်ဒကာများ ကြားသိကြရသည်။ ယင်း တပည့်များတွင် ပါဝင်သည့် ဒကာ ထိန်ဝင်း နိုင်ငံ့ ဂုဏ်ရည်ဘွဲ့ရက မှတ်သားထားပြီး ပြန်လည်ပြောပြ၍ တဆင့် ကြားသိရပေသည်။

ဤနေရာတွင် ဆရာတော် အရှင်ဇနကာဘိဝံသ၏ "သတိပဋ္ဌာန်တရားပွားလျှင် သတိမေ့ ခြင်း မရှိနိုင်၊ သူငယ်မပြန်နိုင်"

ဟူသော လျှောက်ထားချက် စကားတော်ကို လေးလေးနက်နက် စိစစ်သုံးသပ်လှပေသည်။ မှတ်လည်း မှတ်သားထိုက်လှပေသည်။ ထို့ကြောင့်—

(က) သတိမေ့ခြင်း၊

(ခ) သူငယ်ပြန်ခြင်း၊

(ဂ) သတိပဋ္ဌာန်တရားပွားခြင်း—

တို့သည် မည်သည့်သဘောတရားမျိုးနည်း၊ မည်သို့ ဆက်သွယ်နေသနည်းဟု ဤစိတ္တာနုပဿနာကျမ်း နိဒါန်း၌ ဉာဏ်မီသမျှ စိစစ်လေ့လာတင်ပြလိုပါသည်။

## (က) သတိမေ့ခြင်း

**သတိမေ့ခြင်း ၂-မျိုး။** ။လောက၌ "သတိမေ့ခြင်း" ဟူ၍ ပြောဆိုသုံးစွဲကြရာ၌—

၁။ သတိမေ့မြောခြင်း၊

၂။ သတိမေ့လျော့ခြင်း—

၂-မျိုးကို ရောထွေးပြောဆိုနေကြပေသည်။ ရှင်းပြပါအံ့—

(၁) သတိမေ့မြောခြင်း။ ။လူများ၌ ရုပ်တရား နာမ်တရား ၂-မျိုး ရှိရာတွင် ရုပ်တရားမှာဖြစ်စေ၊ နာမ်တရားမှာဖြစ်စေ အကြောင်းတခုခုကြောင့် အလွန်အလွန် အင်အား နည်းသွားမှု ဖြစ်သောအခါ မည်သို့မှ မယ်မယ်ရရ ထင်ထင်ရှားရှား စိတ်အာရုံမပြုနိုင်၊ ဝီထိစိတ် မဖြစ်နိုင်ပဲ အသက်ရှိသည်ဆိုရရုံ ဘဝင်စိတ်မျှသာ

ဖြစ်ပေါ်နေသောအခါမျိုး ကြုံတွေ့ရတတ်ပေသည်။ ယင်းသို့ဖြစ်နေသည်ကို "သတိမေ့နေသည်"ဟု ပြောဆိုကြသည်။

အမှန်မှာ သတိတရားအရင်းခံသည့် ဝီထိစိတ်များ မဖြစ်ပဲ ဘဝင်မျှသာ ဖြစ်ပေါ်လျက် ဘဝင်အလျဉ်ကျောမှာ နစ်မြောနေခြင်း ဖြစ်သောကြောင့် "သတိမေ့မြောသည်"ဟု ပြောဆိုသင့်ပေသည်။

**(၂) သတိမေ့လျော့ခြင်း။** ။လူများ၌ လုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စ ရှိနေပါလျက် အင်အားကြီးမားသော အာရုံတခုခုက စိတ်အစဉ်သို့ ဝင်ရောက်လာသောအခါ မူလ လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စအပေါ် စိတ်မရောက်ပဲ ယင်းကိစ္စကို မလုပ်ဖြစ်သော အခါမှာလည်း "သတိမေ့နေသည်"ဟုပင် ပြောတတ်ပြန်ပေသည်။

အမှန်မှာ သတိတရားအရင်းခံသည့် နာမ်တရားများသည် မူလကိစ္စသို့ အာရုံရောက်မှု လျော့ပါးသွားပြီး အားကြီးသော အာရုံနောက်သို့ လိုက်ပါသွားသောကြောင့် မူလကိစ္စကို သတိမရ မလုပ်မိခြင်း ဖြစ်သည်။ သတိအရင်းခံသည့် နာမ်တရားများ အားနည်းလျော့ပါးခြင်းဖြစ်၍ "သတိမေ့လျော့သည်" ဟု ပြောဆိုသင့်ပေသည်။

ဤဖော်ပြခဲ့သော အကြောင်းများကြောင့် သတိမေ့ခြင်းဟူသော မြန်မာစကား၌ (၁) သတိမေ့မြောခြင်း၊ (၂) သတိမေ့လျော့ခြင်းဟူ၍ အဓိပ္ပါယ် ၂-မျိုး ပါဝင်ကြောင်း သိသာထင်ရှားလှပေသည်။

ယင်း ၂-မျိုးတို့တွင် (၁) သတိမေ့မြောခြင်းမှာ ရုပ်တရားဆိုင်ရာ ဖြစ်ပါမူ ရောဂါဝေဒနာ၏ အကြောင်းအရာ အခြေအနေအရ သမားတော်ကြီးများ ဆေးဝါးဖြင့် ကုသ၍ ပျောက်သည်လည်း ရှိ၍ မပျောက်ကင်းသည်လည်း ရှိနိုင်ပေသည်၊ ပျောက်ကင်းလျှင်လည်း သတိမေ့လျော့ခြင်း အဖြစ်ကျန်ရှိနေတတ်ပေသည်။ (၂) သတိမေ့လျော့ခြင်းမှာမူကား နာမ်တရားနှင့် ဆိုင်သည် ဖြစ်သောကြောင့် ဆေးဝါးဖြင့် ကုသ၍ ရနိုင်ဖွယ် မရှိချေ။

## (ခ) သူငယ်ပြန်ခြင်း

**ရူးသွပ်ခြင်းတမျိုး။** ။သူငယ်ပြန်ခြင်းဟူသည်မှာ အသက်အရွယ် ကြီးသူများ၌ အရှက်အကြောက် ကင်းမဲ့စွာ အဓိပ္ပါယ်မရှိ ပရမ်းပတာ ပြောဆိုခြင်း, ဝတ်စားခြင်း, ပြုမူခြင်းများ ဖြစ်လာတတ်သည်ကို ခေါ်ခြင်းဖြစ်သည်။ ယင်းသို့ ဖြစ်လာသည်ကို "သူငယ်ပြန်သည်"ဟု ယဉ်ကျေးစွာ သုံးနှုန်းပြောဆိုသော စကားသာ ဖြစ်သည်။ အသက်အရွယ် ငယ်သူများ၌ ယင်းလက္ခဏာ ပေါ်လာလျှင်မူကား "ရူးသွပ်သည်"ဟုပင် ပြောဆိုကြမည် ဖြစ်ပေသည်။ ထို့ကြောင့် သူငယ်ပြန်ခြင်းကို ရူးသွပ်ခြင်း တမျိုးဟု သတ်မှတ်သင့်ပေသည်။

**အကြောင်း ၄-မျိုး။** ။သူငယ်ပြန်သူများကို လေ့လာကြည့်လျှင် များသောအားဖြင့် သူငယ်မပြန်သေးမီ အချိန်အခါတုန်းက—

၁။ စိတ်ပိုင်းဆိုင်ရာ လေ့လာမှုများမှု မရှိခြင်း၊

၂။ မူးယစ်တွေဝေစေသည့် အရက်သေစာ-ဇသည် မှိုဝဲမှုများခြင်း၊

၃။ သတိမေ့မြောဘူးခြင်း၊ သို့မဟုတ် သတိမေ့လျော့တတ်ခြင်း၊

၄။ စည်းမဲ့ ကမ်းမဲ့ ပရမ်းပတာ ပြောဆိုဝတ်စား နေထိုင်တတ်ခြင်း —

ရှိသည်ကို တွေ့မြင်ရတတ်ပေသည်။ အနည်းအကျဉ်းမျှ အခြားအကြောင်းများလည်း ရှိကောင်း ရှိပေလိမ့်ဦးမည်။ ယင်းအချက် ၄-မျိုးကို အချို့မှာ ထင်ထင်ရှားရှား တွေ့ရ၍ အချို့မှာ သိမ်မွေ့စွာ မသိမသာ တွေ့ရတတ်သည်။ ယင်းသူယောင်ပြန်ခြင်းမှာ အချို့သော လူကြီးများမှာ အိုးပုတ် ချိုးရုပ် စသည်တို့ဖြင့် ကလေးအဖော်များနှင့် ရောနှောကစားခြင်း၊ လိုရာမရသည့်အခါ ခြေဆင်း၍လည်းကောင်း၊ လူးလိမ့်၍လည်းကောင်း အော်ဟစ် ငိုခြင်း၊ မတော်မလျော် ပြောဆို ပြုမူခြင်းများ ပြုလုပ်သည်အထိ ပြင်းထန်တတ်ပေသည်။ အချို့မှာမူ မားပြီးကို မစားရသေးဟု ပြောခြင်း စကားတမျိုးကို အထပ်ထပ်ပြောခြင်း စသည်ဖြင့် သိမ်မွေ့စွာပင် သူယောင်ပြန်တတ်ပေသည်။

**ကြောက်လန့်ဖွယ် သူယောင်ပြန်ခြင်း။** ။သိမ်မွေ့စွာ သူယောင်ပြန်သူများနှင့် တွေ့ဆုံရသောအခါ ရယ်ရွှင်ဖွယ် ကောင်းသော်လည်း ကြမ်းတမ်းစွာ သူယောင်ပြန်သူများနှင့် တွေ့ဆုံရသောအခါမှာမူ အလွန်ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းလှပေသည်။ အရှက်အကြောက် ကင်းမဲ့စွာ ပြောတတ်ခြင်း ဝတ်စားခြင်း ပြုလုပ်တတ်ခြင်းတို့ကို ရှုရှာဖွယ် တွေ့မြင်ရတတ်ရုံ မကပဲ နောက်ဆုံးဘဝတုံးသည်အထိ သူယောင်ပြန်ဘဝဖြင့် တွေတွေဝေဝေ

ဇောတ်သိမ်းသွားတတ်ပေသည်။ သူငယ်ပြန်ခြင်း ဖြစ်ပေါ်လာလျှင် ပြန်လည် ကောင်းမွန်လာသည် ဟူ၍ မတွေ့ဘူးပေ။ သမားတော်ကြီးများအား မေးမြန်းကြည့်သောအခါ "သူငယ်ပြန်ခြင်းမှာ နာမ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု ဖြစ်သောကြောင့် ဆေးဝါးဖြင့် ကုစား၍ မရနိုင်၊ အနည်းငယ်မျှ ပြုပြင်ခွင့်တော့ ရှိပါ၏"ဟု မယုတ်မလွန်သာ ဖြေဆိုသည်ကို ကြားရဘူးပေသည်။

သူငယ်ပြန်ခြင်း အလွန်အကျွံ ဖြစ်သာလျှင် ကုသိုလ်ကောင်းမှုနှင့် ဝေးလေပြီ၊ ကုသိုလ်လုပ်လျှင်လည်း အပေါ်ယံဟန်ပြမျှသာ ဖြစ်ပေတော့မည်။ သူငယ်ပြန်ဘဝဖြင့် သေဆုံးလျှင်လည်း တွေဝေမိန်းမောစွာ သေရမည်ဖြစ်သောကြောင့် ကောင်းရာ သုဂတိသို့ ရောက်ဖွယ်မရှိ၊ အပါယ်ဒုဂ္ဂတိသို့သာ ရောက်ရပေလိမ့်မည်။ သတိမေ့ခြင်း အရင်းခံသည့် သူငယ်ပြန်ခြင်းကား ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းလှပေသည်။

## (ဂ) သတိပဋ္ဌာန်တရား ပွားခြင်း

သတိမေ့ခြင်းနှင့် သူငယ်ပြန်ခြင်းတို့၏ သဘောတရားအကြောင်းများကိုလည်းကောင်း၊ သတိမေ့ခြင်းနှင့် သူငယ်ပြန်ခြင်း သဘောတရားများ မည်သို့ ဆက်သွယ်သည်ကိုလည်းကောင်း အထက်တွင် ဖော်ပြရေးသားခဲ့လေပြီ။ ယင်းသတိမေ့ခြင်း သူငယ်ပြန်ခြင်းများကို မဖြစ်နိုင်အောင် စွမ်းဆောင်နိုင်သည့် သတိပဋ္ဌာန်တရား ပွားခြင်းအကြောင်းကို ဆက်လက် ဖော်ပြပါအံ့။

**သတိ။** ။သတိပဋ္ဌာန်–ဟူသော ပါဠိစကားလုံး၌ သတိ ဟူသော စကားတလုံး၊ ပဋ္ဌာန–ဟူသော စကားတလုံး ပါရှိသည်။ သတိနှင့် ပဋ္ဌာန ပေါင်းစပ်၍ သတိပဋ္ဌာန်ဟု ဝေါ-ဟာရတခု ဖြစ်နေသည်။ ယင်း သတိပဋ္ဌာန- ပါဠိဝေါဟာရကို သတိပဋ္ဌာန်-ဟု မြန်မာပြန်ဆို၍ မြန်မာမှု ပြုထားခြင်း ဖြစ်သည်။ ယင်းတွင် ပါဝင်သည့် သတိ ဟူသည်မှာ ဗုဒ္ဓအဘိ-ဓမ္မာ၌ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်–ဟူ၍ ပရမတ္ထတရား ၄-ပါး ရှိရာတွင် **စေတသိက်** ပရမတ္ထတရားဖြစ်သည်။

စေတသိက်ဟူသည်မှာ စိတ်နှင့် ယှဉ်တွဲနေသည့် တရား တမျိုးဖြစ်သည်၊ ယင်း စေတသိက် ပရမတ္ထတရားသည် စုစု ပေါင်း ၅၂-ပါး တိတိကျကျ ရှိသည်။ ယင်း ၅၂-ပါးတွင် သတိစေတသိက်သည် တပါးအပါအဝင်ဖြစ်သည်။

ယင်း သတိတရားသည် ကုသိုလ်တရားများ ဖြစ်ပေါ်တိုင်း ပါဝင် ဖြစ်ပေါ်သည်။ ကုသိုလ်တရားတိုင်းနှင့် ယှဉ်တွဲသော စေတသိက် ၂၅-ပါးထဲ၌ တပါးအပါအဝင်ဖြစ်သည်။ထို့ကြောင့် သတိကို "သဗ္ဗကုသလသာဓာရဏစေတသိက်" ဟူ၍လည်း ခေါ်ဆိုသည်။(သဗ္ဗကုသလ=ကုသိုလ်အားလုံးနှင့် သာဓာရဏ =ဆက်ဆံသည်) ကုသိုလ်တရားအားလုံးနှင့် ဆက်ဆံသော စေတသိက်ဟု အဓိပ္ပါယ်ရသည်။

**သတိပုဒ် ခေါတ်ပစ္စည်း ခွဲပုံ။** ။သတိ-ဟူသောပါဠိစကားလုံး၌ အောက်မေ့ခြင်းအနက်ရှိသည့် သရ-ဓာတ်နောင် ဘာဝသာဓနအနက်ရှိသည့် တိ-ပစ္စည်းသက်၍ (သရ+တိ) သတိဟု ပုဒ်ဖြစ်ပေါ်လာသည်။

**သတိ-ပုဒ် ဝိဂ္ဂဟနှင့် အနက်။**　။သရဏံ သတိ-ဟု ဝိဂ္ဂဟ်ပြုရ၍ သရဏံ- အောက်မေ့ခြင်း-သတိ-အောက်မေ့ခြင်းဟု အနက်ပြန်ဆိုရသည်။ တနည်း ဥပစာအားဖြင့် "သရတီတိ သတိ" ဟူ၍လည်း ကတ္တုသာဓန ဝိဂ္ဂဟပြုနိုင်သည်။

**သတိ၏ လက္ခဏာ။**　။သတိတရားသည် စိတ်တရားနှင့် အခြားယှဉ်ဖက် တရားများကို ကောင်းသော ဘုရားအစရှိသော ကုသိုလ်ဖြစ်စေမည့် အာရုံ၌ ဖြစ်ပေါ်စေ, အောက်မေ့စေသည်။ မိမိကိုယ်တိုင်ကလည်း ကောင်းသော ဘုရားအစရှိသော အာရုံ၌ ဖြစ်တတ် အောက်မေ့တတ်သည်။ ထို့ကြောင့် သတိတရား၌ အနုဿရဏ=အောက်မေ့ခြင်း-ဟူသော အမှတ်အသား လက္ခဏာရှိသည် အနုဿရဏ-လက္ခဏာဟု ပြဆိုပေသည်။
(အဘိ-ဋ္ဌ-၁၊ ၂၁၉။ ဝိ ဋ္ဌ-၁၊ ၁၂၁။)

အမှတ်အသားကို ပါဠိလို **လက္ခဏာ**ဟု ခေါ်သည်။ ကိုယ်ပိုင်အမှတ်တံဆိပ်ပင်ဖြစ်သည်။ အောက်မေ့ခြင်း သဘောသည် သတိ-၏ ကိုယ်ပိုင် အမှတ်အသား လက္ခဏာဖြစ်သည်ဟု ဆိုလိုပေသည်။

**သတိ၏ ကိစ္စရသ။**　။အောက်မေ့သည် ဟူသည်မှာ အမှတ်ရခြင်းပင် ဖြစ်သည်။ ယင်းကိုပင် ပို၍ ထင်ရှားရန် စဉ်းစားမိသည်၊ တွေးမိသည်ဟူ၍လည်း ဖွင့်ဆိုနိုင်သည်၊ မအောက်မေ့ခြင်း, သတိမရခြင်း, မတွေးမိခြင်း, မစဉ်းစားမိခြင်း, မေ့ခြင်းတို့ကို ဖျက်ဆီးတတ်သော တရားဟူ၍လည်း အပြန်အလှန် ဖွင့်ဆိုသင့်ပေသည်။ ထို့ကြောင့်

**သတိ**သည် အသမ္မုဿနရသ=မေ့ခြင်းကို ဖျက်ဆီးတတ်သော အလုပ်ကိစ္စ ရှိသည်ဟု ကျမ်းဂန်တို့၌ ဖော်ပြကြသည်။
(အဘိ-ဋ-၁၊ ၂၁၉။ ဝိ ဋ-၁ ၊ ၁၂၁။)

**ရသ**-ဟူသည်မှာ အလုပ်ကိစ္စပင် ဖြစ်သည်၊ ပရမတ္ထ တရားတို့၏ သဘောအဓိပ္ပါယ်ကို ထင်ထင်ရှားရှား သိသာ စေရန် ရှေးပညာရှိကြီးများသည် လက္ခဏာ=ခေါ် ကိုယ်ပိုင် အမှတ်အသားဖြင့်လည်းကောင်း၊ ရသ-ခေါ် အလုပ်ကိစ္စဖြင့် လည်းကောင်း ရေးသား ဖော်ပြတော် မူကြပေသည်။ ထို့ကြောင့် သတိကို **အောက်မေ့ခြင်း** အမှတ် **အနုဿရဏ** ရှိသည်၊ မေ့ခြင်းကို ဖျက်ဆီး ပယ်ရှားခြင်း အလုပ်ကိစ္စ **အသမ္မုဿနရသ** ရှိသည်ဟု မှတ်သားရမည် ဖြစ်ပေသည်။

**သတိ၏ပစ္စုပဋ္ဌာန်**။ ။မည်ကဲ့သို့ အောက်မေ့ပါသနည်း-မေး လျှင် ကောင်းမြတ်သော ဘုရားအစရှိ သည့် ကုသိုလ်ဖြစ်နိုင်သည့် အာရုံကို **အောက်မေ့ခြင်း**, စဉ်းစား ခြင်း, တွေးခြင်းပင် ဖြစ်ပေသည်။ ယင်းသို့ ကောင်းသည့် ကုသိုလ်ဖြစ်စေမည့် အာရုံကို အောက်မေ့သည် ဆိုခြင်းဖြင့် **လည်း** မကောင်းသော အကုသိုလ် ဖြစ်မည့်အာရုံ၌ စိတ်မဖြစ် အောင် တားဆီးသည်ဟူသော **အဓိပ္ပါယ်**မှာ ပြောရန်မလိုပဲ ပေါ်ထွက်လာပေသည်။

ထို့ကြောင့် သတိတရားကို ရှေးသူတော်ကောင်း ပညာရှိ များက ရှင်ဘုရင်၏ အကျိုးစီးပွားကို ဆောင်ရွက်သည့် **အမတ်ချုပ်ကြီး**နှင့် တူသည်ဟု ဥပမာပေးကြသည်။ ရှင်ဘုရင် ၏ အကျိုးတော်ဆောင် အမတ်ချုပ်ကြီးသည် ရှင်ဘုရင်

ကောင်းကျိုး ရစေရန်၊ မကောင်းကျိုး ကင်းပစေရန် စောင့်ရှောက်သကဲ့သို့ပင် သတိသည်လည်း သတ္တဝါတို့အား ကုသိုလ်ရစေရန်၊ အကုသိုလ်ကင်းဝေးစေရန် စောင့်ရှောက် တတ်ပေသည်။

ယင်းသို့ စောင့်ရှောက် တတ်သောကြောင့် သတိကို ဉာဏ် ပညာဖြင့် မှန်းဆ၍ကြည့်လိုက်လျှင် အထိန်းတော်ကြီးကဲ့သို့ မြင်ရ ထင်ရပေသည်။ အထိန်းတော်ကြီးဟူသည်မှာ လူငယ် ပေါက်စနမောင်မယ်များကို စောင့်ထိန်းရသူဖြစ်သည်။ မိမိစောင့်ထိန်းရ သည့်သူငယ်ကို ကောင်းရာဖြစ်စေရန် မကောင်းရာ မဖြစ်စေ ရန် စောင့်ရှောက် ထိန်းသိမ်းရပေသည်။ ယင်းသို့ ဖြစ်သော ကြောင့် သတိကို အာရက္ခ ပစ္စုပဋ္ဌာန ရှိသည့် တရားဟု အဋ္ဌကထာ၌ ဖွင့်သည်။ (အဘိ–ဋ္ဌ-၁၊ ၂၁၇။ ဝိ-ဋ္ဌ ၁၊ ၁၂၁)

ပစ္စုပဋ္ဌာနဟူသည်မှာ "အဘယ် သဘောမျိုးဖြစ်သည်" ဟူ၍ ဉာဏ်ပညာ၌ ထင်မြင်လာပုံ အခြင်းအရာဟု အဓိပ္ပါယ် ရှိပေသည်။

**သတိ၏ပဒဋ္ဌာန်။** ။အောက်မေ့မှု သတိဖြစ်ပေါ်စေရန် အနီး ကပ်ဆုံး ကျေးဇူးပြုသည့်တရားကို စိစစ် ဖွေရှာလျှင် စွဲစွဲမြဲမြဲမှတ်သားထားမှု **သညာ** တရားပင် ဖြစ်ကြောင်း တွေ့ရှိရပေသည်။

ယင်း **သညာ**ဟူသည်မှာ စိတ်နှင့် အမြဲယှဉ်သည့် စေတသိက် တရားပင်ဖြစ်သည်။ စိတ်ဖြစ်တိုင်း ယှဉ်တွဲဖြစ်ပေါ်သည့် တရား ဖြစ်သည်။ သညာကို မြန်မာလို ပြန်ဆိုလျှင် မှတ်သားမှု သဘောတရားပင်ဖြစ်သည်။ "အမှတ်သညာ ကောင်းသည်၊

အမှတ်သညာ မကောင်းဘူး”ဟူ၍ လောကတွင် ပြောရိုးဆိုစဉ် ရှိပေသည်။ ခန္ဓာငါးပါးတွင် သညာက္ခန္ဓာ ဖြစ်သည်။

သေသေချာချာ စွဲစွဲမြဲမြဲ မှတ်သားမှု သညာဖြစ်ထားလျှင် အောက်မေ့မှု သတိဖြစ်ရန်လွယ်ကူသည်။ သညာမကောင်းလျှင် သတိလည်းဖြစ်ရန် မလွယ်ကူချေ။

**မြစ်ကွေ့ ဆရာတော်။** ။ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်ထုတ် မဟာဗုဒ္ဓဝင်စသော ကျမ်းပေါင်းများစွာ၌ နိဒါန်းရေးသားသော်မှုသည့် မြစ်ကွေ့ ဆရာတော် ဦးပညာဝံသ၏ နိဒါန်းများကို ဖတ်ရသောအခါ ကျမ်းအမည် ကျမ်းပြုဆရာအမည် စသည်ကို ရေးသားသည်မှာ တိတိကျကျ သေသေချာချာ ဖော်ပြပါရှိသည်ကို တွေ့ရှိရပေသည်။ ဆရာတော်၏ဂုဏ်သတင်း ကြီးမားသောကြောင့် သေ့လာစုံစမ်းကြည့်သောအခါ သညာ မည်မျှကောင်းသည်၊ သညာကောင်းအောင် မည်သို့ ကြိုးစား လေ့ကျင့်သည်ကို အံ့သြဖွယ် သိရှိရပေသည်။

စာပေနှင့် သက်ဆိုင်သည်ကို မဆိုထားဘိ ဆရာတော်ထံ ရောက်လာသည့် အာဂန္တုသြည့်သည် ရဟန်းတော်များကိုပင် တွေ့တွေ့ခြင်း ဘွဲ့အမည်ကိုမေးသည်။အာဂန္တုရဟန်းက တပည့်တော်၏အမည်“ဝိစိတ္တ”ဖြစ်ပါသည် ဘုရားဟူ၍ လျှောက်လျှင် “ဦးဝိစိတ္တ ဦးဝိစိတ္တ”ဟူ၍ ၁၀ ကြိမ် နှုတ်မှရွတ်သည်။ စိတ်မှ မည်မျှ ရွတ်မည်ကိုကား မသိနိုင်ပေ။

ယင်း အာဂန္တုရဟန်းနှင့် ခုံကာနီး၍ တွေ့သောအခါ “ကိုယ်တော့ဘွဲ့က ဦးဝိစိတ္တနော်”ဟု ဆရာတော်ကပင် စ၍

မေးသည်။ " မှန်ပါသည်ဘုရား"ဟု ပြန်လျှောက်သောအခါ "ဦးဝိစိတ္တ ဦးဝိစိတ္တ"ဟူ၍ တခါပြန်၍ နှုတ်မှ ၁၀-ကြိမ်ရွတ်ဆိုသည်၊ စိတ်မှမည်မျှရွတ်မည်ကို မသိနိုင်ချေ။

ထို့နောက် မည်မျှကြာမှ ပြန်တွေ့သည်ဖြစ်စေ၊ တွေ့လျှင်တွေ့ခြင်းပင်လျှင် ဆရာတော်က စတင်၍ "ဦးဝိစိတ္တ"ဟု နှုတ်ဆက်ခေါ်နိုင်သည်ဟူ၍ မှတ်သားရဘူးပေသည်။

ဤသည်မှာ သညာခိုင်ခံ့၍ သတိဖြစ်ပုံကို သက်သေတင်ပြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကျမ်းဂန်တို့၌ "သတိ ထိရသညာပဒဋ္ဌာနံ ဟူ၍ သတိဖြစ်ရန် ခိုင်မြဲသည့် သညာတရားသည် အနီးကပ်ဆုံး အကြောင်းဖြစ်သည်"ဟု ပြဆိုခြင်း ဖြစ်သည်။(အဘိ-ဋ္ဌ-၁၊ ၁၆၅။ ဝိသုဒ္ဓိ-၂၊ ၉၄။)

ဤသို့ မြစ်ကွေ့ဆရာတော်သည် ခေတ္တခဏမျှသာ တွေ့ရသော ညွှေသည် ရဟန်းတပါး၏ ဘွဲ့အမည်မျှကိုပင် "သတိ အနုဿရဏလက္ခဏံ = သတိဟူသည် အောက်မေ့မှု သဘောလက္ခဏာရှိသည်၊ ထိရသညာပဒဋ္ဌာနံ=မြဲမြံသော အမှတ်သညာက အနီးကပ်ဆုံး ကျေးဇူးပြုသည်" ဟူသော ဗုဒ္ဓအဘိဓမ္မာ နည်းကျကျ လေ့လာကျင့်သုံးသည်ကို တွေ့ရှိရသည်။ အခြား အသဲစွဲအောင် သိသင့်သော စာပေကျမ်းဂန် အရာ၌မူ မည်သို့ ကျင့်သုံးလေ့လာမည်ကို စာရှုသူများ မှန်းဆ၍သာ ကြည့်ကြသင့်ပေသည်။

ယင်းသို့ ထက်မြက်ခိုင်မြဲသည့် သတိတရား အရင်းခံ၍ ရေးသားသောကြောင့်ပင် "မြစ်ကွေ့ဆရာတော် ဦးပညာ-ဝံသ" ဟူသော နိဒါန်းရေးကောင်းသည့် ဆရာတော်တပါး

အဖြစ် စာပေနယ်ပယ်၌ မှတ်တမ်းတင်ခံ ထင်ပေါ်ကျော်ကြား တော်မူခြင်း ဖြစ်ပေသည်။

ဆရာတော်၏ "ဗုဒ္ဓအဘိဓမ္မာနည်းကျ သတိကောင်းစေသည့် နည်း"ကို ကျောင်းသားများ စာသင်သား ရဟန်း သာမဏေများ စာပေလေ့လာသူ သူတော်သိမ်းများလည်း လိုက်နာကျင့်သုံးသင့်လှပေသည်။ အကယ်၍ လိုက်နာကျင့်သုံး ပါမူ အမှန်မုချ အောင်ပွဲရကြလိမ့်မည်ဟု အကြံပြု တင်ပြလိုပေသည်။

ပဒဋ္ဌာန်-ဟူသည်မှာ ပဒဋ္ဌာန-ဟူသော ပါဠိစကားလုံးကို မြန်မာပြန်ဆိုခြင်းဖြစ်သည်။ ဖြစ်ပေါ်လာစေရန် ပြုလုပ်သည့် အနီးကပ်ဆုံး အကြောင်းတရားဟု အဓိပ္ပါယ် ရှိပေသည်။

**ပဋ္ဌာန**။ ။သတိပဋ္ဌာန-ဟူသော ဝေါဟာရ၌ ပါရှိသော ပဋ္ဌာန-ဟူသော ပုဒ်မှာ မြဲမြံခြင်း အနက်ရှိသည့် ပ-ဟူသော ဥပသာရပုဒ်နှောင် တည်နေခြင်း အနက်ရှိသည်၊ ဌာ-ဓာတ်နှင့် ဘာဝအနက်ဟော အန ပစ္စည်း တွဲစပ်၍ ပ+ ဌာ+အန=ပဋ္ဌာန-ဟု ဝေါဟာရပုဒ်တခု ဖြစ်နေသည်၊ ယင်း ပဋ္ဌာန-ပါဠိကို ပဋ္ဌာန်-ဟု မြန်မာပြန်သည်။ မြဲမြံစွာ တည်နေခြင်းသဘော-ဟု အနက်အဓိပ္ပါယ်ရသည်။

သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ-ဟု ဝိဂ္ဂဟပြုကာ သတိနှင့် ပဋ္ဌာန တွဲ၍ သတိပဋ္ဌာန–သတိပဋ္ဌာန်ဟု ဖြစ်လာသော အခါ "မြဲမြံစွာ တည်နေခြင်းဟူသော အောက်မေ့မှုသဘော" ဟု အနက်အဓိပ္ပါယ် ရရှိပေသည်။

ယင်း သတိပဋ္ဌာန-ပုဒ်ကို အရကောက်လျှင် မြဲမြံစွာ တည်နေခြင်း သဘောရှိသည့် အောက်မေ့မှု သတိတရားကိုပင် ကောက်ယူရသည်၊ ဤမျှ ပြဆိုခဲ့သော စကားအစဉ်ဖြင့် ဆရာတော် အရှင်ဇနကာဘိဝံသ၏ စကား၌ ပါဝင်သည့် "သတိပဋ္ဌာန်ပွားလျှင် သတိမေ့ခြင်း မရှိနိုင်၊ သူငယ် မပြန်နိုင်" ဟူသော စကားအရ—

(က) သတိမေ့ခြင်း သဘောတရား အကြောင်းအရာကို လည်းကောင်း—

(ခ) ယင်း သတိမေ့ခြင်း အခြေခံသည့် သူငယ်ပြန်ခြင်း သဘောတရား အကြောင်းအရာ အပြစ်ဒေါသကို လည်းကောင်း—

(ဂ) ယင်း သတိမေ့ခြင်းနှင့် သူငယ်ပြန်ခြင်း မဖြစ်အောင် တားဆီး ကာကွယ်တတ်သော သတိပဋ္ဌာန် တရား၏ သဘောတရား အကြောင်းအရာ အဓိပ္ပါယ်ကိုလည်းကောင်း—

ပြည့်ပြည့်စုံစုံ သိမြင်နိုင်လောက်ပြီဟု ယုံကြည်ပါသည်။

## သတိပဋ္ဌာန်ပွားခြင်းအကျိုးများ

သတိပဋ္ဌာန်ပွားလျှင် သတိမေ့ခြင်း မရှိ၊ သူငယ်မပြန်နိုင် ဟူ၍ သတိပဋ္ဌာန်ပွားခြင်းအကျိုးကို—

၁။ သတိမမေ့ခြင်း၊

၂။ သူငယ်မပြန်ခြင်း—

ဟူသော ၂-မျိုးမျှသာ ဤနိဒါန်း၌ ပြဆိုသည်မှာ အစချီလာသည့် အကြောင်းအရာ အရသာ ပြဆိုခြင်းဖြစ်သည်၊ တကယ်ဆိုလျှင် ပါဠိတော်၌ တိုက်ရိုက်လာသည်မှာ–

၃။ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်စေနိုင်ခြင်း၊

၄။ စိုးရိမ် ပူဆွေး ငိုကြွေးမှုများကို လွန်မြောက်စေနိုင်ခြင်း၊

၅။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု များကို ချုပ်ငြိမ်းစေနိုင်ခြင်း၊

၆။ မဂ်တရား ဖိုလ်တရားကို ရစေနိုင်ခြင်း၊

၇။ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခြင်း—

ဟူသော အကျိုးတရားများကိုလည်း ရစေနိုင်ပေသေးသည်။ (ဒီ ၁-၂၃၁) အဋ္ဌကထာ ဋီကာတို့မှာ ပြဆိုသည့် အကျိုးတရားများလည်း များစွာရှိပေသေးသည်။

## သတိပဋ္ဌာန်တရား ၄-ပါး

ယင်းသို့ အကျိုးတရား များပြားလှသော သတိပဋ္ဌာန်တရားဟူသည် တရားကိုယ်အားဖြင့် "သတိ" တပါးသာဖြစ်သော်လည်း ပွားများအပ်သည့် အာရုံအရမှာမူ—

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်—

ဟူ၍ ၄-မျိုး ရှိပေသည်။

**၁။ ကာယာနုပဿနာ ဟူသည်မှာ**—ကာယ=ကိုယ်ကောင်ကြီးကို+အနုပဿနာ=အဖန်ဖန် ရှုမှတ်မှု၊ ရုပ်ခန္ဓာကိုယ်ကြီး၌ ဖြစ်ပေါ်နေသည့် ထွက်လေ ဝင်လေ စသည်ကို သတိထား၍ ရှုမှတ်ပွားများမှု ဖြစ်သည်၊ ဤ ရုပ်ခန္ဓာကိုယ်ကြီးကို နှစ်သက်ဖွယ် တင့်တယ်သည်ဟု စွဲလမ်းယူဆနေသူတို့နှင့် အများအားဖြင့် သင့်လျော်သည့် တရားဖြစ်သည်။

**၂။ ဝေဒနာနုပဿနာ ဟူသည်မှာ**—ဝေဒနာ=ခံစားရချက်ကို + အနုပဿနာ=အဖန်ဖန်ရှုမှတ်မှု၊ ရုပ် နာမ်ခန္ဓာ ၂-ပါး၌ ဖြစ်ပေါ်နေသည့် ချမ်းသာခံစားမှု သုခဝေဒနာ၊ ဆင်းရဲခံစားမှု ဒုက္ခဝေဒနာ-စသည့် ခံစားမှု တရား ဝေဒနာများကို သတိထား၍ ရှုမှတ်ပွားများမှု ဖြစ်သည်၊ ဤခန္ဓာကိုယ်ကြီးကို ချမ်းသာသုခဘုံကြီးဟု စွဲလမ်းယူဆနေသူတို့နှင့် အများအားဖြင့် သင့်လျော်သည့် တရားဖြစ်သည်။

**၃။ စိတ္တာနုပဿနာ ဟူသည်မှာ**—စိတ္တ=သရာဂစိတ် ဝီတ-ရာဂစိတ်စသည်ဖြင့် အမျိုးမျိုး ဖြစ်ပေါ်နေသောစိတ်ကို+အနုပဿနာ=အဖန်ဖန်ရှုမှတ်မှု၊ စိတ်ကို သရာဂစိတ်၊ ဝီတရာဂစိတ် စသည်ဖြင့် ၁၆-မျိုးသော အခြင်းအရာဖြင့် ခွဲခြား၍ သတိထား၍ ရှုမှတ်မှုဖြစ်သည်၊ ဤ

ခန္ဓာကိုယ်ကြီးကို အမြဲတည်နေသည့် နိစ္စတရားဖြစ်သည်ဟု စွဲလမ်းယူဆနေသူတို့နှင့် အထူးအားဖြင့် သင့်လျော်သည်။

၄။ **ဓမ္မာနုပဿနာ** **ဟူသည်မှာ**— ဓမ္မ=ဒုက္ခသစ္စာတရား စသော ဓမ္မသဘော တရားများကို+အနုပဿနာ=အဖန်ဖန် ရှုမှတ်မှု၊ ဆင်းရဲ **အမှန်** တရား, ဆင်းရဲဖြစ်ကြောင်း **အမှန်**တရား **စသည်**ဖြင့် များလှစွာသော တရား**ဓမ္မ**များကို သတိထား၍ ရှုမှတ် ပွားများမှု ဖြစ်သည်၊ ဤခန္ဓာကိုယ်ကြီးကို ငါဖြစ်သည်၊ ဤခန္ဓာထဲမှာ ငါကောင်ရှိသည်, အတ္တဖြစ်သည် စသည်ဖြင့် စွဲလမ်း ယူဆသူတို့နှင့် အထူးအားဖြင့် သင့်လျော်သည်။

ဤသတိပဋ္ဌာန်တရား ၄-ပါးကို သုဘ-ဟု စွဲလမ်းသူစသည်ဖြင့် အထူးအားဖြင့် သင့်လျော်သည်ဟု ၄-ပါး ခွဲခြားဆိုခြင်းဖြင့် သာမန်အားဖြင့်မူ ပုဂ္ဂိုလ်တိုင်းနှင့် ၄-ပါးလုံးပင် သင့်လျော်ဖြင့်သည်ဟု သိမှတ်အပ်ပေသည်။

ဤသို့လျှင် သတိပဋ္ဌာန်ဟူသော စကားလုံး၌ သတိတရား တပါးသာ ဖြစ်သော်လည်း ရှုမှတ်ပွားများရမည့် အာရုံ၏ အစွမ်းဖြင့် သတိပဋ္ဌာန် ၄-မျိုး ကွဲပြားပေသည်။

ယင်းသို့ သတိပဋ္ဌာန်တရား ၄-ပါးရှိရာတွင် ဤနိဒါန်းဖြင့် သုယ်တန်းလမ်းခင်းနေသော စိတ္တာနုပဿနာကျမ်းသည်ကား ၃-ခုမြောက်ဖြစ်သည့် စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားကို အကျယ်တဝင့် ဖွင့်ပြမည့် ကျမ်းဖြစ်ပေသည်၊ နိဒါန်းကမူ ယခု စာရှုသူတို့ ကြည့်ရှုလေ့လာတော့မည့် စိတ္တာနုပဿနာ ကျမ်းနှင့် ပတ်သက်၍ အနည်းအကျဉ်းမျှ ဝေဖန်ချက် ရေးသားဖော်ပြပါအံ့။

## စိတ္တာနုပဿနာကျမ်း ကောင်းမွန်ပုံ

ဤစိတ္တာနုပဿနာကျမ်း ကောင်းမွန်ပုံကို ပြရာ၌ ဆိုလျှင်–

(က) ကျမ်းပြုထားပုံ အခြင်းအရာအားဖြင့် ကောင်းမွန်ပုံ၊

(ခ) ကျမ်းပြုပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ကောင်းမွန်ပုံ—

ဟူ၍ ထောက်ထားဖွယ် ၂-ချက်ကို ဖော်ပြလိုက်လျှင် စာရှုသူများ ဤစိတ္တာနုပဿနာကျမ်း ကောင်းကြောင်း လက်သင့်ခံမှတ်ယူ နိုင်ကြလိမ့်မည် ဖြစ်ပါသည်။ ဤအကြောင်းကို အကျဉ်းမျှရှင်းပြပါမည်။

### (က) ကျမ်းပြုထားပုံ အခြင်းအရာအားဖြင့် ကောင်းမွန်ပုံ

ဤစိတ္တာနုပဿနာကျမ်း၌ ကျမ်းပြုပုံ အခြင်းအရာမှာ "စိတ္တာနုပဿနာ" ဟု အမည်ပေးထားသည့်အတိုင်း–

၁။ စိတ်၏သဘောတရားကို ရှင်းလင်းပြဆိုခြင်း၊

၂။ စိတ်ကို မထိန်းလျှင် ဖြစ်တတ်သော အပြစ်နှင့် ထိန်းလျှင် ရရှိမည့်အကျိုးတရားကို ပြဆိုခြင်း၊

၃။ စိတ်ကို ရှုမှတ်ပွားများနည်းကို ပြဆိုခြင်း—

ဟူ၍ စိတ်နှင့်သက်ဆိုင်သော အကြောင်းအရာ ၃–မျိုးကို ပေါ်လွင်ထင်ရှားစွာ ဤကျမ်း၌ ရေးသားဖော်ပြထားပါသည်။ အနည်းငယ်မျှသက်သေပြပါအံ့—

## ၁—စိတ်သဘောကို ရှင်းပြခြင်း

(က) **ထွက်သွားတတ်ခြင်း** ။ ။စိတ္တာနုပဿနာကျမ်းကို လေ့လာပြီးလျှင် စိတ်ကို ရှုမှတ်ပွားများသူတို့ ကြိုတင်သိရှိ သတိပြုစေရန်အတွက် စိတ်သည် အပြင်သို့ ထွက်သွားတတ်သည့် သဘောရှိကြောင်းကို မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့၏ အမေးနှင့်အဖြေကို ကိုးကား၍ မှတ်သားဖွယ် ဖော်ပြရေးသား ထားပေသည်။

ဤကျမ်း စာမျက်နှာ ၄-မှ စာမျက်နှာ ၇-အထိ ပြဆိုထား ပါသည်။

(ခ) **လျှင်မြန်ခြင်း**။ ။စိတ်သည် လျှင်မြန်သော အငွမ်း သတ္တိသဘောတရားရှိသည်။ ယင်းသို့ လျှင်မြန်သော သတ္တိရှိသောကြောင့် စိတ်ကို ထိန်းထားရန် မလွယ်ကူကြောင်းကို တိုတိုကျဉ်းကျဉ်း သတိပေးရေးသား ထားပေသည်။

ဤကျမ်း စာမျက်နှာ ၈-၌ ပြဆိုထားသည်ကို ဖတ်ရှုနိုင် ပါသည်။

(ဂ) **ရိုင်းစိုင်းခြင်း**။ ။စိတ်သည် မယဉ်ကျေးသော ရိုင်း စိုင်းသော သဘော ရှိသည်ကို "ပါပသ္မိံ ရမတိ မနော=စိတ်သည် မကောင်းမှု၌ ပျော်တတ်သည်" ဟူသော ဓမ္မပဒလာ ဘုရားဟော ပါဠိတော်ကို ကိုးကား၍ ရေးသားဖော်ပြပြီးလျှင် စိတ်ကို ပစ်မထားသင့်ကြောင်း သိမှတ်စရာ ရေးသားထားပါသည်။

ဤကျမ်း စာမျက်နှာ ၈-၉-၌ တွေ့နိုင်ပါသည်။

(ဿ) **တန်ခိုးကြီးမားခြင်း။** ။စိတ်သည် တန်ခိုးကြီးမားသည် တကမ္ဘာလုံးပင်လျှင် စိတ်၏ ဆွဲဆောင်ရာသို့ လိုက်ပါနေရကြောင်းကို "စိတ္တေန နီယတေ လောကော=ကမ္ဘာ လောကကြီးကို စိတ်ကဆွဲဆောင်ထား၏" စသော ဘုရားဟော ဓမ္မပဒပါဠိတော်ကို အထောက်အထားပြု၍ ရေးသားထားပေသည်။

ထို့ထက် ပိုမို၍ခိုင်လုံစေရန် မိလိန္ဒမင်းကြီးအမေးနှင့် အရှင်နာဂသိန်တို့၏ အဖြေကိုဖော်ပြ၍ မှတ်သားဖွယ်ဖော်ပြသည်ကို ဤကျမ်း စာမျက်နှာ ၁၀-မှ ၁၃-အထိ ပြဆိုထားပေသည်။

(ဋ) **အဝေးအနီး ခရီးရောက် တူညီခြင်း။** ။စိတ်သည် လျင်မြန်သောအစွမ်းသတ္တိရှိသည်ဟု ဆိုသော်လည်း ဆိုက်ရောက်ရာ၌မူ ယူဇနာပေါင်း နှစ်ရာမျှဝေးသော နေရာသို့ဖြစ်စေ တဆယ့်နှစ်ယူဇနာမျှနီးသော နေရာသို့ဖြစ်စေ တပြိုင်နက်တည်း အတူအညီပင် ဆိုက်ရောက်ကြောင်းကို မိလိန္ဒပဉှာပါဠိတော်ကို သာဓကထုတ်ပြ၍ ဖတ်ချင်ဖွယ်ရာ ရေးသားပြဆိုထားပေကည်။ ဤအကြောင်းကို ဤကျမ်း စာမျက်နှာ ၁၄-နှင့် ၁၅-မှာ တွေ့ရပေသည်။

ဤနာမ်ပိုင်းဆိုင်ရာ စိတ်သဘောထား အယူအဆကို ငါးကျပ်သား သံတုံးနှင့် တပိဿာ သံတုံးတို့ကို အမြင့်တူသောနေရာမှ တပြိုင်တည်းချလျှင် မြေကြီးသို့ တပြိုင်တည်းပင် ကျသည်ဟူသော ယခုခေတ် သိပ္ပံပညာ ရုပ်ဝါဒ အယူအဆများနှင့် နှိုင်းဆကြည့်သင့်ပေသည်။

(စ) **ဖောက်ပြန်တတ်ခြင်း**။ ။စိတ်သည် လျင်မြန်သည့်အလျောက် ဖောက်ပြန်လွယ်တတ်သော သဘောရှိကြောင်း အထိန်းခက်သော သဘောရှိကြောင်းများကို ဖတ်ရှုချင်ဖွယ် ရေးသားဖော်ပြထားပေသည်။ ယင်းကို "ဖန္ဒနံ စပလံ **စိတ္တံ**=စိတ်သည် တုန်လှုပ် လျှပ်ပေါ်သည့် သဘောရှိ၏" စသော ဘုရားဟော ဓမ္မပဒပါဠိတော်ကို အထောက်**အ**ထားပြ၍ စာမျက်နှာ ၂၁-၂၂ တို့၌ **ဖတ်**ရှုနိုင်ပေသည်။

ဤသို့ **စ**သည်**ဖြင့်** **စိတ္တာနုပဿနာ**ကျမ်း၌ စိတ်ကို **ရှုမှတ်**ရာတွင် ကြိုတင် သိထားသင့်သောကြောင့် **စိတ်**၏ သဘောတရားများကို ရေးသားဖော်ပြထားပေသည်။

## ၂–စိတ်ကို မထိန်းလျှင်အပြစ် **ထိန်းလျှင်အကျိုး**

(က) **နန္ဒမင်းသားဝတ္ထု**။ ။ဖော်ပြခဲ့သည့်**အ**တိုင်း **စိတ်**၏ သဘောတရားများကို သိသင့်သမျှ ရေးသားပြဆိုပြီးလျှင် ယင်းစိတ်**ကို** မထိန်းလျှင် အပြစ်ဖြစ်နိုင်ပုံ ထိန်းလျှင် အကျိုးရနိုင်ပုံတို့ကို အကျယ်ရှင်းလင်း ရေးသား ပြဆိုထားပေသည်။ ယင်းသို့ ပြဆိုရာတွင် နန္ဒမင်းသားခေါ် ညီတော် မင်းနန်ဝတ္ထုကား **ဖတ်**၍ကောင်းသည့်ပြင် မှတ်ဖွယ်လည်း **အ**လွန်ကောင်းလှပေသည်။

ညီတော် မင်းနန်မှာ မြတ်စွာဘုရားနှင့် အဖေတူအမေကွဲ ညီအကိုတော်စပ်သည်။သုဒ္ဓေါဒနမင်းကြီးမှာ မဟာမာယာနှင့် မဟာပဇာပတိဂေါတမီ ဟု သမီးတော် ၂-ယောက်ရှိရာ သုဒ္ဓေါဒန မင်းကြီးက မင်းသမီး ၂-ပါးလုံးကိုပင် မိဖုရား

မြောက်သည်။ အကြီး မဟာမာယာဒေဝီက မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော် မူသည်။ အငယ် မဟာပဇာပတိဂေါတမီက နန္ဒမင်းသားကို ဖွားမြင်တော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားနှင့် နန္ဒမင်းသား ဖအေတူ အမေကွဲ ညီအကိုတော်သည်။

ညီတော် နန္ဒမင်းသား ဇနပဒကလျာဏီ မင်းသမီးနှင့် လက်ထပ်သည့် နေ့မှာပင် နောင်တော် မြတ်စွာဘုရားက နန္ဒမင်းသားကို သပိတ်တော် ထမ်းစေလျက် ကျောင်းတော် အရောက် ခေါ်ပြီး သင်္ကန်းဝတ်ပေးသည်။ ရခါစ ဇနီးအလှ ဇနပဒကလျာဏီကို မျောက်အိုမကြီးနှင့် နှိုင်းယှဉ်၍ တရားပြသည်၊ နတ်သမီး ကလေးများနှင့် ယှဉ်ပြ၍လည်း တရားမမွေ့ပွားစေသည်။

ညီတော် နန္ဒကို အကြောင်းပြု၍ စိတ်ကို ထိန်းလျှင် ရာဂဆိုးမဝင်နိုင်၊ မထိန်းလျှင် ရာဂဆိုးဝင်မည်ဟု ဖော်ပြသော "ယထာ အဂါရံ" အစရှိသည့် တရားဒေသနာကို ဟောပြီး ညီတော်နှင့်တကွ နတ်လူအများအား တရားထူး ရစေတော်မူသည်။

ဤအကြောင်းအရာ အပြည့်အစုံကို ဤကျမ်းစာမျက်နှာ-၁၇-မှ ၂၁-အထိ လေ့လာနိုင်ပေသည်။

**( ခ ) မာတိကမာတာဝတ္ထု။** ။မာတိကမာတာ ဟူသည်မှာ မာတိကာအမည်ရှိ ရွာသူကြီးတယောက်၏ အမေ ဖြစ်သောကြောင့်

ခေါ်သော အမည်ဖြစ်သည်။မာတိကာ-ရှာသူကြီး၏+မာတာ-အမေဟု ဆိုလိုပေသည်။

ယင်းဒါယိကာမကြီးသည် ရဟန်းတော်များထံမှ ကမ္မဋ္ဌာန်း တောင်းယူအားထုတ်ပြီး ကမ္မဋ္ဌာန်းပေးသော ရဟန်းများ ထက် အလျင် တရားထူးရသည်။ ရဟန်းတို့၏ စိတ်ကို သိရှိနိုင် ပြီး ရဟန်းများကို ကူညီသောကြောင့် ရဟန်းများလည်း တရားထူး ရသွားကြသည်။

ဒါယိကာမကြီးက စိတ်ကို သိစွမ်းသောကြောင့် ဒါယိကာမ ကြီး ရှိရာ ကျောင်း၌ မနေရဲသော ရဟန်းငယ်အား စိတ်ကို ဆုံးမနေရန် မြတ်စွာဘုရား နည်းပေးသောကြောင့် ရဟန်း ငယ် တရားရသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထု အကျယ်ကို ဤကျမ်း စာမျက်နှာ ၂၄-မှစ၍ ဖတ်ရှုလေ့လာနိုင်ပေသည်။

**(ဂ) အောင်ပွဲရရန်နည်း။** ။ဤ ကမ္ဘာကြီး၌ သာယာ ချောမွေ့သော နေရာဌာနက နည်းပါးပြီး မသာမယာ မချွေ့သော နေရာဌာနက များသည် ကို တွေ့မြင်ရပေသည်၊ဤအတူပင်လျှင် သတ္တဝါတို့တွင်လည်း စိတ်ထားကောင်းမြတ် သိမ်မွေ့သူက နည်းပြီး စိတ်ထား မကောင်း ကြမ်းတမ်းသူကများတတ်ပေသည်၊ယင်း စိတ်ထား မကောင်း ကြမ်းတမ်းသူများနှင့် တွေ့ရသည့် အခါတွင် ဤ စိတ္တာနုပဿနာကျမ်း ဖတ်ရှုလေ့လာ မှတ်သားဘူးသူများ အောင်ပွဲရနိုင်စေရန် ဤကျမ်း စာမျက်နှာ ၃၁-မှ စ၍ ရေး သားဖော်ပြထားပေသည်။

(ဿ) **ဥတ္တရာဝတ္ထု။** ။စိတ်ကောင်း မရှိသော သီရိမာ အမည်ရှိ ပြည့်တန်ဆာမ၏ နှိပ်စက် ညှဉ်းဆဲ ခံရသော ဥတ္တရာ အမည်ရှိ အမျိုးသမီး ကလေး တယောက် အကြောင်း ဖြစ်သည်။

ဥတ္တရာ အမျိုးသမီးကလေးသည် စိတ်ကောင်းထားခြင်း ဖြင့် စိတ်ယုတ်မာဖြင့် သေကြောင်းကြံ၍ သတ်သော သီရိမာ ကို အောင်နိုင်ပုံကို တိုတိုကျဉ်းကျဉ်း ရေးသား ဖော်ပြထား သည်။ ဤကျမ်း စာမျက်နှာ-၃၄-မှစ၍ ဖတ်ရှုနိုင်ပေသည်။

( င ) **ဝေပစိတ္တိ ဝတ္ထု။** ။ဝေပစိတ္တိ - ဟူသော အမည်မှာ အသုရာ နတ်မင်းကြီး၏ အမည် ဖြစ်သည်။ယင်း ဝေပစိတ္တိသည် သိကြားမင်းနှင့် စစ်ပြိုင်သော အခါ မနိုင်ပဲ ရှုံးသောကြောင့် အဖမ်းခံရသည်။သိကြားမင်းက နှောင်ကြိုးတည်း၍ ထားသောအခါ သိကြားမင်းအား မကြားဝံ့ မနာသာ ညစ်ညမ်းသော စကားလုံးမျိုးစုံဖြင့် ဆဲသည်။ယင်းသို့ ဆဲရေးခြင်းကို သိကြားမင်းက စိတ်ကောင်း ထား၍ သည်းခံသည်။

သိကြားမင်းဖက်မှ စိတ်ဆိုးနာကြည်းသော နတ်များရှိရာ သည်းခံစိတ်ထားကြရန် သိကြားမင်းက ဆုံးမစကားပြော ကြားသည်။ ယင်း အဖိုးတန် အဆုံးအမစကားများကို ဖော် ပြ၍ စိတ်ကို ထိန်းနိုင်၍ အကျိုးရှိပုံကို ဖော်ပြသော ဝတ္ထု ဖြစ်သည်။

ဤကျမ်း စာမျက်နှာ ၃၆-မှစ၍ ဖတ်ရှုနိုင်ပေသည်။

**(စ) ဒေါသကြီးသော ပုဏ္ဏားဝတ္ထု။** ။ဒေါသကြီးသော ပုဏ္ဏားတယောက်သည် သူ၏ အကိုကြီးကို ရဟန်းပြုပေးသောကြောင့် မြတ်စွာဘုရားအား လာ၍ ယုတ်မာသော စကားများဖြင့် ပြောဆိုဆဲရေးသည်။ ထိုအခါ မြတ်စွာဘုရားရှင်က မကောင်းသော ပစ္စည်းများ ယူလာ၍ လက်ဆောင်ပေးသော ဧည့်သည် ဥပမာကို ပြ၍ ဒေါသကြီးသူ ပုဏ္ဏားအား စိတ်ဆိုးလျှင် စိတ်ဆိုးသူမှာသာ အပြစ်ရကြောင်း စသည်ဖြင့် မှတ်သားလိုက်နာ ဖွယ်ရာ တရားဟောသည်။ ထိုအခါ ပုဏ္ဏား တရားရ၍ ရဟန်းပြုသည်၊ ဤအကြောင်းကို ဤကျမ်း စာမျက်နှာ-၄၀ မှစ၍ လေ့လာဖတ်ရှုနိုင်ပေသည်။

**(ဆ) ပုစ္ဆာမေးသော နတ်သား။** ။အခါတပါး၌ နတ်သားတယောက်သည် မြတ်ဗုဒ္ဓ ရှင်တော်ဘုရားထံသို့ လာ၍ "ကောင်းသောအလုပ်၊ မကောင်းသော အလုပ်တို့မှ စိတ်ကို တားမြစ်သင့်ပါသည်"ဟု လျှောက်ထားသည်။

မြတ်ဗုဒ္ဓ ဘုရားရှင်ကမူ "မကောင်းသော အလုပ်မှာသာ စိတ်ကို တားမြစ်သင့်သည်၊ ကောင်းသောအလုပ်မှာမူ စိတ်ကို တိုက်တွန်း ချီးမြှောက်သင့်သည်" ဟု အနှစ်အသားပါပါဖြင့် မှတ်သားဖွယ် ဖြေကြားတော်မူသည်။

ဤအကြောင်းအရာ ဝတ္ထုကို ဤကျမ်း စာမျက်နှာ-၄၄-မှစ၍ လေ့လာနိုင်ပေသည်။

**( ၉ ) စိတ္တဟတ္ထ ဝတ္ထု။** ။စိတ္တဟတ္ထ - အမည်ရှိ ပုဏ္ဏား တယောက်သည် စိတ်အလိုလိုက်ကာ ၇-ကြိမ် ရဟန်းဘဝ ခံယူ၍ ၇-ကြိမ် ရဟန်းဘဝမှ ထွက်ခဲ့သည်။

နောက်ဆုံး ၇-ကြိမ်မြောက်၌မူ မိမိ နှစ်သက် ချစ်ခင်သူ ဇနီး၏ ရုပ်ပျက်ဆင်းပျက် အိပ်နေပုံကို မြင်ရသောကြောင့် စိတ်ကို တသမတ်တည်း ရဟန်းအဖြစ်နေရန် ဆုံးဖြတ်ပြီးရဟန်း ပြန်ဝတ်၍ တရားအားထုတ်သောကြောင့် ရဟန္တာဖြစ်သွားပုံကို ဆရာတော် အကျယ်ဖွင့်ဆို ရေးသားထားပုံကို ဤကျမ်း စာမျက်နှာ ၄၇-မှ စ၍ စိတ်ဝင်စားဖွယ် ဖတ်ရှုလေ့လာနိုင်ပေသည်။

ဤသို့ စသည်ဖြင့် စိတ်ကိုမထိန်းနိုင်၍ အပြစ်ဖြစ်ပုံ စိတ်ကို ထိန်းနိုင်၍ အကျိုးရပုံများကို ဖတ်ရှု၍ မငြီးငွေ့နိုင်ဖွယ် စေတနာ သဒ္ဓါ ထက်သန်စွာဖြင့် ရေးသားဖော်ပြထားပေရာ စာရှုသူတို့ အားရပါးရ ဝကြီး ဖတ်ရှုလေ့လာကြရမည် ဖြစ်ပါသည်။

## ၃—စိတ်ကို ရှုမှတ်ပွားများနည်း ပြဆိုခြင်း

**သိရန် ခက်ခြင်း။** ။စိတ္တာနုပဿနာ - ဟူသော အမည်အရ စိတ်ကို ရှုမှတ်ပွားများရန်မှာ အလွန် ခက်ခဲလှသည်။ ရှုမှတ်ရမည့် စိတ်များကို မဟာသတိပဋ္ဌာန သုတ် (ဒီ ၂။ နှာ-၂၃၇) စိတ္တာနုပဿနာ သတိပဋ္ဌာန်ခန်း၌

ရှုမှတ်ရမည့် စိတ်အမျိုးပေါင်း ၁၆-မျိုး ဟောကြားထားသည်။ ယင်းတို့မှာ—

၁။ သရာဂစိတ်၊
၂။ ဝီတ ရာဂစိတ်၊
၃။ သဒေါသစိတ်၊
၄။ ဝီတဒေါသစိတ်၊
၅။ သမောဟစိတ်၊
၆။ ဝီတ မောဟစိတ်၊
၇။ သံခိတ္တစိတ်၊
၈။ ဝိက္ခိတ္တစိတ်၊
၉။ မဟဂ္ဂတစိတ်၊
၁၀။ အမဟဂ္ဂတစိတ်၊
၁၁။ သဥတ္တရစိတ်၊
၁၂။ အနုတ္တရစိတ်၊
၁၃။ သမာဟိတစိတ်၊
၁၄။ အသမာဟိတစိတ်၊
၁၅။ ဝိမုတ္တစိတ်၊
၁၆။ အဝိမုတ္တစိတ်—

တို့ ဖြစ်သည်။ ယင်း စိတ် ၁၆-မျိုးကို သရာဂစိတ် စသောစိတ် တခု တခုစီ၏ မည်သို့ မြန်မာလို အနက်အဓိပ္ပါယ် ရှိသည်ဟု သိရန် ခက်လှသည်၊ အနက်အဓိပ္ပါယ် သိပြန်ပါသော်လည်း တဆင့်တက်၍ ဘယ်လိုစိတ်ဖြစ်သည်ဟု အရကောက် သိရန်

လည်း ခက်ပြန်သည်။ ယင်းသို့ သိပြန်လျှင်လည်း ယင်းစိတ်ကို မည်သို့ သဘောထား၍ မည်သို့ ရှုမှတ်ရမည်ကို သိရန် ခက်လှသည်။

ယင်း ခက်လှသောကြောင့် ဆရာတော် ဘုရားကြီးသည် ရှုမှတ်ရမည့် စိတ် ၁၆-မျိုး၏ အနက်အဓိပ္ပါယ်၊ စိတ်အရကောက်၊ စိတ်ကို ရှုမှတ်နည်းများကို အသီး အသီး အကျယ်ဖွင့်ဆို ရှင်းပြထားပေသည်။ ပုံစံထုတ်ပြရသော်—

> သရာဂံ ဝါ စိတ္တံ၊ မိမိသန္တာန်၌ ရာဂနှင့် တကွ ဖြစ်သော စိတ်ဖြစ်သည်ကိုမူလည်း။ သရာဂံ စိတ္တန္တိ၊ ရာဂနှင့် တကွ ဖြစ်သော၊ ဝါ-ရာဂရှိသောစိတ် ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ-သိအောင် ဆင်ခြင်၏။

ဟူ၍ ဤကျမ်း စာမျက်နှာ (၇၀) ၌ ဖော်ပြပြီးလျှင်—

> အကယ်၍ မိမိသန္တာန်၌ ရာဂနှင့်တကွ ဖြစ်သော စိတ်၊ ဝါ-ရာဂရှိသောစိတ် ရာဂယှဉ်သောစိတ် ဖြစ်နေလျှင် ထို ရာဂနှင့် ယှဉ်သောစိတ်ကို ပယ်နိုင်ရမည်။ မပယ်နိုင်လျှင် ထို ရာဂစိတ်သည် မကောင်းကျိုးကို ဖြစ်စေလိမ့်မည်၊ ထို ရာဂစိတ်သည် အကုသိုလ်စိတ် ဖြစ်သည်၊ အကုသိုလ်စိတ် ၁၂-ခုတို့တွင် လောဘမူစိတ် ဖြစ်သည်ကို သိရမည်—

ဟူ၍ ဤကျမ်း စာမျက်နှာ ၇၁-၌ ဆက်လက်ရေးသား ဖော်ပြထားပေသည်။

ယင်း သရာဂစိတ်အတူပင်လျှင် ကြွင်းသော ဝီတရာဂစိတ် စသည်ကိုလည်း သိသင့်သမျှ မကျန်ရအောင် (ဤကျမ်း စာမျက်နှာ ၇၂-မှ ၉၅-အထိ) ထုတ်ဆို ဖွင့်ပြ ရေးသားထား ပေသည်။

**ပါဠိတော်လွတ် ရှုမှတ်နည်းများ** ယင်းသို့ ပါဠိတော်၌ လာသော စိတ် ၁၆-မျိုး ရှုမှတ် ပွားများနည်းကို ပြဆို ပြီးလျှင် ယင်း ပါဠိတော်နည်းကို အမှီ ပြု၍ ဒိဋ္ဌိဂတသမ္ပယုတ်, ဝိပ္ပယုတ်, ဉာဏသမ္ပယုတ်, ဝိပ္ပယုတ်၊ သောမနဿ, ဥပေက္ခာ, အသင်္ခါရိက, သသင်္ခါရိက, ကုသိုလ် အကုသိုလ်, ဝိပါက်, ကြိယာ၊ ဒါန သီလ ဘာဝနာ စသည်ဖြင့် စိတ်အမျိုးမျိုး စသည်ကိုလည်း ရှုမှတ် ဆင်ခြင်ရန် ရေးသား ပြဆိုထားပေသည်။(ဤ ကျမ်း စာမျက်နှာ-၇၈ မှစ၍ကြည့်ရန်)

ဤကား ဤကျမ်း၌ စိတ်ကို ရှုမှတ် ပွားများနည်းများ ကျေနပ်နှစ်သက်ဖွယ်ရာ ပါဝင်ကြောင်းကို သိသာရုံမျှ ဖော် ထုတ်ပြခြင်း ဖြစ်သည်၊ ကျမ်းရင်းကို လေ့လာသောအခါ စာရှုသူများ အားပါးတရ သိရှိရဦးမည် ဖြစ်ပါသည်။

ဤသို့လျှင် ဤစိတ္တာနုပဿနာကျမ်း၌ (က) ကျမ်းပြုပုံ အခြင်းအရာအားဖြင့် ကောင်းမြတ်ပုံကို စာရှုသူများ တွေ့မြင် ဖတ်ရှုကြရမည် ဖြစ်ပါသည်။

## (ခ) ကျမ်းပြုပုဂ္ဂိုလ်၏ အဝွမ်းဖြင့် ကောင်းမွန်ပုံ

**ထပ်ဆင့် တင်ပြခြင်း။** ။ကျမ်းစာ တစောင်ကို ကောင်း, မကောင်း အကဲခပ် သိရန်မှာ ဖော် ပြခဲ့သည့် (က) ပထမ တင်ပြချက်များအတိုင်း ကျမ်းစာပြုစု

ထားသည့် အခြင်းအရာကို သေ့လာကြည့်ခြင်းဖြင့်သာ သိနိုင်သည် မဟုတ်ပါ။ ကျမ်းပြုပုဂ္ဂိုလ်၏ အစွမ်းသတ္တိ အရည်အချင်းကို ကြည့်ခြင်းဖြင့်လည်း သိနိုင်ပါသည်။ ယင်းသို့ဖြစ်သောကြောင့် (ခ) ဒုတိယအချက်အဖြစ်ဖြင့် ဤစိတ္တာနုပဿနာကျမ်း ကောင်းမွန်မည်ကို ကျမ်းပြုပုဂ္ဂိုလ်၏ **အစွမ်း** သတ္တိ ဂုဏ်အင်များဖြင့် ဧပ်ဟပ်၍ ဤနိဒါန်းမှ လေ့လာဖော်ပြပါဦးအံ့။

**ရွှေဟင်္သာဆရာတော်။** ။ဤစိတ္တာနုပဿနာကျမ်းကို ရေးသားပြုစုတော်မူသော ပုဂ္ဂိုလ်မှာ စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်၌ သီတင်းသုံးနေတော်မူသော အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဖြစ်ပါသည်၊ဆရာတော်ဘုရားကြီးသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ကောင်းမြတ်သည့် ဂုဏ်တော်များဖြင့် ရစ်ဖွဲ့လွှမ်းခြုံ ပြည့်စုံတော်မူပါသည်။

**သာသနာ့ဝန်ဆောင်သက်။** ။၁၂၅၅-ခုနှစ် ဖွားမြင်တော်မူသော ဆရာတော်သည် ၁၂၆၉-ခုနှစ် အသက်တော် ၁၄-နှစ်သားအရွယ်မှစ၍ သာသနာတော်တာဝန်ကို ထမ်းဆောင်ခဲ့ရာ ယခု ၁၃၄၃-ခုနှစ် သက်တော် ၈၈-နှစ်သို့ ရောက်သောအခါ သာသနာ့ဝန်ဆောင်သည့် နှစ်ပေါင်း ၇၄ နှစ်မျှ ကြာခဲ့သေပြီ ဖြစ်ပါသည်။

**တောရဆောက်တည်သက်။** ။ယင်းသို့ သာသနာ့တာဝန်ကို ထမ်းဆောင်သည့် နှစ်ပေါင်း ၇၄-တွင်လည်း သက္ကရာဇ် ၁၂၇၉-ခုနှစ်အရောက် သက်တော်

၃၄-နှစ်မှစ၍ စစ်ကိုင်းတောင်ရိုး တောရကျောင်းအင်္ဂါနှင့် ပြည့်စုံသည့်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူခဲ့ရာ ယခု သက်တော် ၈၈-နှစ်၌ တောရဆောက်တည်သည့် နှစ်ပေါင်း ၄၄-နှစ်မျှ ကြာခဲ့လေပြီ ဖြစ်သည်။

**ပြုစုခဲ့သည့်ကျမ်းများ။** ။ယင်းသို့ **သာသနာ့ဝန်ဆောင် နှစ်** ပေါင်း ၇၄-နှစ် တောရဆောက် တည်သည့် နှစ်ပေါင်း ၄၄-နှစ် အချိန်ကာလ၌ စားကာ အိပ်ကာ ဗာဟိရအလုပ်များဖြင့် ပျော်ပါးကာ အချိန်ဖြုန်းခဲ့သည် မဟုတ်ပါ။ စာပေသေ့လာ သင်ယူမှု၊ သင်ပေးပို့ချမှု ပရိယတ္တိကိစ္စ။ သီလကို စင်ကြယ်သည်ထက် စင်ကြယ်အောင် စောင့်ထိန်းခြင်း၊ ဓုတင် ၁၃-ပါးကို စွမ်းအားရှိသမျှ ကျင့်သုံးခြင်း၊ သမထ ဝိပဿနာ ဘာဝနာပွားခြင်းဟူသော ပဋိပတ္တိ ကိစ္စဟု ဆိုအပ်သည့် သာသနာ့ကိစ္စ ၂-ပါးကို ပြုစုတော်မူသည်။

ကျမ်းဂန်စာပေ ဖတ်ရှုပို့ချ လေ့လာခြင်း၊ ရေးသားခြင်း ဟူသော ဂန္ထဓုရတာဝန်နှင့် သမထ ဝိပဿနာ ဘာဝနာ မိမိ ကိုယ်တိုင် ပွားများခြင်း, ရှင် လူ အများတို့အား ဟောပြ ခြင်း ဟူသော ဝါသဓုရ တာဝန်ဟု ဆိုအပ်သော သာသနာ့ တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ပြုစုခဲ့သောကျမ်းဂန်များ။** ။ယင်းသို့ **သာသနာ့ကိစ္စဆောင်** ရွက်ခြင်း၊ သာသနာ့တာဝန် ထမ်းဆောင်ခြင်းတို့ကို အကောင်အထည်ပေါ်ကာ ကျန်ရှိနေ သည့် စာမေးပွဲအောင် တပည့်ကြီးပေါင်း ၁၃၄-ပါး ထွန်း ကားခဲ့ခြင်း၊ အမျိုးဘာသာ သာသနာကို အကျိုးပြုသော

ကျမ်းဂန်ပေါင်း ၃၁-ဆူ ပြုစုခဲ့ခြင်းတို့က သက်သေခံလျက် ရှိပေသည်။

ယင်းသို့သော အစွမ်းသတ္တိ အရည်အခြင်းများကို အလေးဂရု အသိအမှတ်ပြု ပူဇော်သောအားဖြင့် ရွှေကျင်ဂိုဏ်း ဆိုင်ရာ ရွှေဟင်္သာတောရ ဝိနည်းပြန်ဌာန ၇-မြို့နယ် တပည့်များက **ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိ ဘွဲ့တံဆိပ်တော်** ကို ဆက်သကပ်လှူ ပူဇော်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကလည်း—

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့်**
**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

များကို ဆက်သကပ်လှူ ပူဇော်ခဲ့သည်။

ဤသည်တို့ကို ထောက်ထား၍ ဤ ကျမ်းပြုဆရာတော်ဘုရားကြီး၏ သဏ္ဌာန်၌ ကြီးမား မြင့်မြတ်လှစွာသော—

သီလဂုဏ်,
သမာဓိဂုဏ်,
ပညာဂုဏ်,
နေက္ခမဂုဏ်,
ဝီရိယဂုဏ်,
သစ္စဂုဏ်,
ခန္တိဂုဏ်,
မေတ္တာဂုဏ်,

စသည့် ဂုဏ်တော်များ စုပေါင်းကိန်းအောင်း တည်နေမည်ကို စာရှုသူများ မှန်းဆ၍သာ ကြည်ညိုကြစေလိုသည်။ ဤနိဒါန်း

မှာမူကား နိဒါန်းသည် ဆရာတော်၏ ဂုဏပကာသနိကျမ်းကြီး ဖြစ်သွားမည် စိုး၍ အကျယ် မဖော်ပြနိုင်တော့ပဲ ဤ စိတ္တာ-နုပဿနာကျမ်းနှင့် တိုက်ရိုက်ဆက်သွယ်နေသည့် ဂုဏ်တော်အချို့ကိုသာ အကျဉ်းထုတ်၍ အချုပ်မျှ တင်ပြလိုပါသည်။

ခန္တိဂုဏ် စသည်။ ။ဤ စိတ္တာနုပဿနာကျမ်းကို လေ့လာသောအခါ စာရှုသူတို့သည် စာမျက်နှာ ၂-နှင့် ၃-၌ ဤကျမ်း ပထမစာမူ ပျောက်၍ ဒုတိယစာမူ ထပ်မံရေးရကြောင်းကို ဖတ်ရှုရပါလိမ့်မည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ပထမစာမူ ပျောက်သည်မှာ ဤနိဒါန်း ရေးသူ၌ လုံးဝတာဝန်ရှိပါသည်။ အကျဉ်းမျှ ရှင်းပြပါအံ့—

နိဒါန်းရေးသူသည် သာသနာရေးဦးစီးဌာန စာပုံနှိပ်တိုက်၌ စာပြင်မှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် တနေ့၌ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က "စာပြင်ဆင်၍ ရိုက်နှိပ်ရန် စိတ္တာနုပဿနာစာမူကို ပေးခဲ့သည်။ နိဒါန်းရေးသူသည် ကျမ်းပြုဆရာတော်ကြီးကို လေးစားသောအားဖြင့်လည်းကောင်း အဖိုးတန်စာမူကို ရိုသေသောအားဖြင့်လည်းကောင်း....ကျနသေချာ လုံခြုံစွာ သိမ်းထားလိုက်ပေသည်။

ဘုန်းတန်ခိုးကြီးသော ဆရာတော် ပြုစုသည့် တန်ဖိုးရှိသည့် ကျမ်းစာမူကို ရိုသေလေးစားစွာ သိမ်းဆည်းထားသည့် ကုသိုလ်ကံကြောင့်လား မသိ မကြာမီ နိဒါန်းရေးသူသည် စာပြင်မှူးချုပ်အဖြစ်မှ သာသနာရေးရာ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်သို့ တိုးတက်၍ ခန့်ထားခြင်းကို ခံရသည်။

စာပုံနှိပ်တိုက်မှ ရုံးချုပ်သို့ ရွှေ့ပြောင်းရသည်။ ရိုက်နှိပ်သည့် ကျမ်းစာများကို စိစစ်ကြည့်ရသည့် အလုပ်မှ သာသနာရေးရာ အလုပ်များကို ပြောင်းလုပ်ရသည်။

တဖန် လပိုင်းလောက်ကြာပြီး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကျင်းပသောအခါ ရုံးချုပ်မှ ဇမ္ဗူဒီပ ကျောင်းဆောင်သို့ ပြောင်းရွှေ့ရပြန်သည်၊ ကြီးလေးသော သာသနာ့ သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကိစ္စတာဝန်များကို ထမ်းဆောင်ရသည်။

ယင်းသို့ ရာထူးအပြောင်းအလဲ လုပ်ငန်းအပြောင်းအလဲ နေရာ အပြောင်းအလဲများကို လုပ်ဆောင်ရသောအခါ အာရုံ အပြောင်းအလဲ စိတ်အမှတ်အသားသညာနှင့် သတိအပြောင်း အလဲများဖြစ်ပြီး စိတ္တာနုပဿနာ ပထမစာမူကို ရှာမတွေ့ပဲ ဖြစ်ရတော့သည်။

လောက၌ သစ်သီးများ နုလွန်း စိမ်းလွန်းလျှင် ဝါဝင်း မှည့်ပျော့ရန် ခက်တတ်၍ တန်ဖိုးရှိသော ပစ္စည်းကို သေချာ စွာ အသိမ်းလွန်လျှင် ရှာတွေ့ရန် ခက်တတ်သည့် သဘော ရှိပေသည်။ ထို့ကြောင့်—

အငိုလွယ်လျက် အရှိုက်ခက်
အဆိုလွယ်လျက် အရိုက်ခက်

ဟူသော ရှေးမြန်မာစကားပုံကို မှီငြမ်းပြု၍—

အစိမ်းလွန်သော် အဝါခက်သည်၊
အသိမ်းလွန်သော် အရှာခက်သည်—

ဟူ၍ စကားပုံ အသစ်တခု ထပ်မံတိုးရလောက်အောင် ရိုသေလေးစားမှု လွန်ကဲကာ အသိမ်းလွန်သောကြောင့် စိတ္တာနုပဿနာ ပထမစာမူ ရှာမတွေ့ခြင်း ဖြစ်ပေသည်။

မတွေ့သည်ကို ရှာလျှင် အချိန် ကြာမြင့်မည် စိုးသောကြောင့် ညွှန်ကြားရေးမှူးချုပ်ထံ အကျိုးအကြောင်း ဖော်ပြ အစီရင်ခံပြီး(၁၀-၉-၇၀)နေ့က ဆရာတော်ကြီး သီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး ရွှေဟသာ်တိုက်သစ်သို့ သွားရောက်ရှိခိုး ဖူးမြော်ပြီးလျှင် –

"ဆရာတော် ပြုစုသည့် စိတ္တာနုပဿနာကျမ်းမှာ စာမူ ရှာမတွေ့ပဲ ဖြစ်နေပါသည်၊ ဆရာတော်ထံတွင် မိတ္တူမူကြမ်းများ ရှိသေးက ရိုက်နှိပ်ရန် ချီးမြင့်မစတော်မူပါ ဘုရား"—

ဟု လျှောက်ထားတောင်းပန်သည်။ ထိုအခါ ဆရာတော်က—

"မိတ္တူမူကြမ်းတော့ ရှင်းပစ်လို့ ကျန်မည်မထင်ပါဘူး၊ သို့သော် အချိန်ယူပြီး ဘုန်းကြီးအသစ်ရေးပေးပါမည်" –

ဟု မိန့်ကြားတော်မူပါသည်။ ယင်းသို့ မိန့်ကြားစဉ်၌ ဆရာတော်ဘုရားကြီး၏ မျက်နှာတော်ကို ဖူးမြော်ကြည့်လိုက်သည်။

ဆရာတော်၏ မျက်နှာတော်အနေအထား ဟန်အမူအရာသည် မိမိ ကြိုးစားအားစိုက်၍ ရေးသားထားသည့် စာမူ

ရှာမတွေ့ဟူသော လျှောက်ထားချက်ကို ကြားရသောကြောင့် စိတ်ဆိုးသောအသွင် ဝမ်းနည်းသောအသွင် အရိပ်အယောင် အနည်းငယ် အငွေ့အသက်မျှ ပေါ်ပေါက်လာခြင်းမရှိချေ။

၁၃၄၁-ခုနှစ် နယုန်လပြည့် စနေနေ့ "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် အလှူ ခံယူတော်မူစဉ်တုန်းက ဝမ်းမြောက် ဝမ်းသာရှိမှု အရိပ်အယောင်မျှမပြပဲ ငြိမ်သက် တည်ကြည်စွာ ရှိနေသည့် မျက်နှာထား ဣန္ဒြေ အမူအရာအဘိုင်းပင်လျှင် ယခု ဆရာတော်ပြုစုထားသည့် စာမူ ရှာမတွေ့ဟု လျှောက် ထားသောအခါ၌လည်း စိတ်ဆိုးဝမ်းနည်းခြင်းကင်း၍ ငြိမ် သက် တည်ကြည်မြဲသာ ရှိနေပေသည်။ ဤသည်မှာ လောက- ဓံကို ခံနိုင်သည့် သီလ, သမာဓိ, ပညာ လွှမ်းခြုံထားသော အောင့်အည်း သည်းခံမှု ခန္တိဂုဏ်တော်ဖြစ်ပေသည်။

အချိန်ယူပြီး ဘုန်းကြီးအသစ် ရေးပေးပါမည် ဟူသော အသံတော်မှာလည်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ရစဉ်က သြဝါဒ- ကထာ မိန့်တော်မူသည့် ဝမ်းမြောက်တက်ကြွခြင်းမရှိ ပကတိ ငြိမ်သက် တည်ကြည်သည့် အသံတော်အတိုင်းပင်လျှင် စိတ်ဆိုး ဝမ်းနည်းသံ အလျှင်းမပါပဲ တည်ကြည်ငြိမ်သက်သော အသံ တော်ပင်ဖြစ်ပေသည်။ ဤသည်မှာ လောကဓံတရားကြောင့် ဖောက်ပြားခြင်းမရှိသည့် သီလ, သမာဓိ, ပညာ ဂုဏ်တော် များဖြင့် ထိန်းချုပ်ထားသော သတ္တဝါတို့၏အကျိုး လိုလား ချစ်သနားသည့် မေတ္တာဂုဏ်တော်ဖြစ်ပေသည်။

ယင်းသို့ ဆရာတော်၏ မိန့်ကြားချက်ကို ကြားနာရသော အခါ နိဒါန်းရေးသူသည် မိမိကြောင့် အဖိုးတန်စာမူ ရှာမတွေ့၍ ပူလောင်နေသည့် ဒုက္ခသည် အမြိုက်ရေချမ်းဖြင့် သွန်းဖျန်းခြင်း ခံလိုက်ရသကဲ့သို့ နှစ်သက်ရွှင်လန်း ပီတိလွှမ်း၍ ငြိမ်းချမ်းမှုသုခရရှိပြီး ဆရာတော်အား ရိုသေစွာ ဦးချရှိခိုး၍ ပြန်လာခဲ့ပေသည်။

**ဝီရိယဂုဏ်စသည်။** ။ကာလမကြာမီပင် အသစ် ရေးသားချီး မြှင့်လိုက်သည့် စိတ္တာနုပဿနာကျမ်း ဒုတိယစာမူရောက်လာသည်။ ယင်းသို့ မိန့်ကြားတော်မူသည့်အတိုင်းမှန်ကန်စွာချီးမြှင့်ခြင်းသည် သစ္စာဂုဏ်တော်ဖြစ်သည်။

ယင်း စာမူရောက်လာသောအခါ ယခင် ရှာမတွေ့သည့် ပထမစာမူကို ပြန်တွေ့ရသည်။ ပထမစာမူ ပြန်တွေ့ကြောင်း ဆရာတော်ထံ လျှောက်ထားသောအခါ ဒုတိယစာမူကိုသာ ရိုက်ပါဟု ဆရာတော် အမိန့်ချမှတ်တော်မူသည်။ ပထမစာမူနှင့် ဒုတိယစာမူ ယှဉ်တွဲ၍ဖတ်ကြည့်သောအခါ ဒုတိယစာမူ၌ ပထမစာမူမှာပါသည့် ကောင်းမြတ်သော အချက်အလက်များ အစုံအလင် ပါရှိသည့်ပြင် ပထမစာမူထက် ထူးခြား ကောင်းမြတ်သည့် အချက်အလက် အကြောင်းအရာများလည်း ပါရှိနေသည်ကို တွေ့ရပေသည်။

ဤနေရာ၌ စာရှုသူများ ါ ဆင်ခြင် ကြည့်စေချင်ပါသည်။ သက်တော် ၈၈-နှစ် ရှိနေပြီဖြစ်သော ဤ ကျမ်းပြုဆရာတော်

သည် သတိမေ့ခြင်း, တွေဝေခြင်း, မကျန်းမာခြင်းမရှိပဲ အချိန်ကာလ အနည်းငယ်အတွင်းမှာ ကောင်းမြတ်သော အသစ်ကျမ်းစာတစောင်ပြုနိုင်သည့် သတိအား,သမာဓိအား, ပညာအား, ဝီရိယအား အဘယ်မျှလောက် ထက်မြက်ကြီးမားတော်မူပေမည်နည်း။ ဆင်ခြင်သိရှိနိုင်လောက်ပေပြီ။

ယင်းသို့ ထက်မြက်ကြီးမားသော ဂုဏ်တော် အရပ်ရပ်တို့ဖြင့် လွှမ်းပတ်ဖုံးအုပ်ထားသည့် ရုပ်ခါတ် နာမ်ခါတ်တို့အကြားမှ ယိုစီးထွက်ကျလာသောကြောင့် ဤစိတ္တာနုပဿနာကျမ်းသည် ကျမ်းပြုပုဂ္ဂိုလ်၏ အစွမ်းဖြင့် ကောင်းမွန်ကြောင်းကို တင်ပြလိုပါသည်။

ဤသည်ကား-ကျမ်းပြုပုဂ္ဂိုလ်၏အစွမ်းဖြင့် စိတ္တာနုပဿနာကျမ်းကောင်းပုံကို ကြိုတင်အကဲခပ်ပြခြင်း ဖြစ်ပေသည်။

ယင်းသို့....

(က) ကျမ်းပြုပုံအခြင်းအရာကို ဖော်ပြ၍လည်းကောင်း၊

(ခ) ကျမ်းပြုပုဂ္ဂိုလ်၏အစွမ်းကိုဖော်ပြ၍လည်းကောင်း-စိတ္တာနုပဿနာကျမ်း ကောင်းမွန်ပုံကို ကြိုတင်အကဲခပ် တင်ပြလိုက်လျှင် စာရှုသူတို့သည်ဤစိတ္တာနုပဿနာကျမ်းကို ကောင်းမှ ကောင်းပါလေမည်လားဟု သံသယစိတ်ခါတ် ကင်းပြတ်သွား၍ ကောင်းမြတ်သော ကျမ်းတဆူဟု ဆုံးဖြတ်ချက်ချကာ လေ့လာဖတ်ရှုနိုင်သင့်လောက်ပြီဟု ယုံကြည်ပါသည်။

# နိဒါန်း [ ဃ ]

ဤ စိတ္တာနုပဿနာကျမ်းလာ ညွှန်ပြ ရေးသားချက်များ အတိုင်း လေ့လာပွားများ အားထုတ် ကျင့်ကြံကြပါလျှင်လည်း ကေန်မုချ....

သတိမမေ့လျော့ခြင်း၊

သူငယ်မပြန်ခြင်း၊

စိုးရိမ်ပူဆွေး ငိုကြွေးမှုများကို လွန်မြောက်ခြင်း၊

နှလုံးစိတ်ဝမ်း ညှိုးနွမ်းဆင်းရဲ ဝမ်းနည်းမှုမရှိခြင်း၊

မဂ်လေးပါး ဖိုလ်လေးဖြာ ကောင်းစွာရရှိခြင်း၊

နိဗ္ဗာနဓာတ် တရားမြတ်ကို ဆိုက်ကပ်ရရှိခြင်းတည်း ဟူသော အကျိုးတရားများ ရရှိခံစားနိုင်ကြပါစေသတည်း။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာ၊
သာသနဗေဒသိရီပဝရဓမ္မာစရိယသိရောမဏိ
စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက

## စိတ္တာနုပဿနာကျမ်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း .... .... | က-မှ-ဃ |
| ၂။ | ပဏာမဂါထာ .... .... | ၁ |
| ၃။ | အကြောင်းပြစကား ပထမစာမူ .... | ၂ |
| ၄။ | ဒုတိယစာမူ .... .... | ၃ |
| ၅။ | အရှင်ဗုဒ္ဓဃောသအလား .... .... | ၃ |
| ၆။ | စိတ္တာနုပဿနာ အမိပွါယ် ထွက်သွားတတ်သည် | ၄ |
| ၇။ | တကယ်ထွက်သလား .... .... | ၅ |
| ၈။ | ဥပမာပြချက် .... .... | ၅ |
| ၉။ | ရှင်နာဂသိန်ဟောချက် စိတ်ဆောင်ပုံ မိလိန္ဒအမေး | ၆ |
| ၁၀။ | ရှင်နာဂသိန်အဖြေ .... .... | ၇ |
| ၁၁။ | လျှင်မြန်ခြင်း .... .... | ၇ |
| ၁၂။ | ရိုင်းသောစိတ် .... .... | ၈ |
| ၁၃။ | မကောင်းမှု၌ပျော်ခြင်း .... .... | ၈ |
| ၁၄။ | စိတ်ကိုပစ်မထားသင့် .... .... | ၉ |
| ၁၅။ | တန်ခိုးကြီးသောစိတ် .... .... | ၉ |
| ၁၆။ | စိတ်ဆောင်ပုံအမေးအဖြေ .... | ၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ပဋိသန္ဓေစိတ်မြန်ပုံ .... .... | ၁၃ |
| ၁၈။ | စိတ်ကို ကမ္မဋ္ဌာန်းဖြင့်ထိန်းပါ .... | ၁၆ |
| ၁၉။ | ရာဂမိုးနှင့် ဘာဝနာအမိုး .... .... | ၁၆ |
| ၂၀။ | နန္ဒမင်းသားဝတ္ထု .... .... | ၁၇ |
| ၂၁။ | အမိုးမလုံခြင်းအပြစ် .... .... | ၁၇ |
| ၂၂။ | အမိုးလုံခြင်းအကျိုး .... .... | ၁၈ |
| ၂၃။ | နတ်သမီးနှင့် မျောက်အိုမ .... | ၁၉ |
| ၂၄။ | ရဟန္တာဖြစ်ခြင်း .... .... | ၂၀ |
| ၂၅။ | ဖောက်ပြန်လျက် အထိန်းခက်သောစိတ် | ၂၁ |
| ၂၆။ | ကလေးလိုစိတ် .... .... | ၂၁ |
| ၂၇။ | နွားရိုင်းလိုစိတ် .... .... | ၂၁ |
| ၂၈။ | မြွားထိဥပမာ .... .... | ၂၂ |
| ၂၉။ | မငဲ့မထောက် ဖောက်ပြန်သောစိတ် .... | ၂၂ |
| ၃၀။ | လျင်စွာရောက်လျက် ဆုံးမခက်သောစိတ် | ၂၃ |
| ၃၁။ | မာတိကမာတာ၏ ကျေးဇူး .... | ၂၄ |
| ၃၂။ | စိတ်ကိုဆုံးမ ချမ်းသာရ .... .... | ၂၄ |
| ၃၃။ | တရားတောင်းခြင်း .... .... | ၂၅ |
| ၃၄။ | အနာဂါမ်ဖြစ်ခြင်း .... .... | ၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၅။ | မျှတသောအာဟာရသတ္တိ .... .... | ၂၆ |
| ၃၆။ | ရဟန်းငယ်တပါးဖြစ်ပုံ .... .... | ၂၇ |
| ၃၇။ | ဒကာမကြီးစိတ်ကိုစမ်းခြင်း .... | ၂၈ |
| ၃၈။ | ရဟန္တာဖြစ်ခြင်း .... .... | ၂၉ |
| ၃၉။ | အောင်နိုင်ခြင်းလေးပါး .... .... | ၃၀ |
| ၄၀။ | စိတ်ဆိုးသူကို နိုင်ရန်နည်း.... .... | ၃၁ |
| ၄၁။ | စိတ်ယုတ်သူကို အနိုင်ရနည်း .... | ၃၁ |
| ၄၂။ | ကောက်ကျစ်စေးနဲသူကို အနိုင်ရနည်း.... | ၃၂ |
| ၄၃။ | လိမ်တတ်သူကို အနိုင်ရနည်း .... | ၃၃ |
| ၄၄။ | ဥတ္တရာဝတ္ထု .... .... | ၃၄ |
| ၄၅။ | သူတော်ကောင်းစိတ်ရှိသူ၏ အောင်နိုင်ပုံတရပ် | ၃၆ |
| ၄၆။ | ဝေပစိတ္တိဝတ္ထု .... .... | ၃၆ |
| ၄၇။ | သည်းခံခြင်းကြောင့် ဂုဏ်သိက္ခာမထိခိုက်ခြင်း မြတ်စွာဘုရား သည်းခံတော်မူပုံ .... | ၄၀ |
| ၄၈။ | စိတ်ကိုတားမြစ်သင့်ရာ၌ တားမြစ်၍ အားပေး၍ ချီးမြှောက်သင့်ရာ၌ ချီးမြှောက်ရခြင်း | ၄၄ |
| ၄၉။ | စိတ္တဟတ္ထ၏ ဘဝသံသရာ .... .... | ၄၇ |
| ၅၀။ | သင်္ဘေးသား သောရေယျ၏ အဖြစ်ဆန်း | ၅၃ |

[ ဿသား ]　　စိတ္တာနုပဿနာကျမ်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၁။ | နာမ်ခန္ဓာတို့၏ အမှူးဖြစ်သောစိတ် .... | ၅၆ |
| ၅၂။ | နာဠပုတ္တနိဂဏ္ဍာတပည့် ဥပါလိကျွတ်ခန်း | ၆၀ |
| ၅၃။ | စိတ်ကိုရှုမှတ်နည်း .... .... | ၆၉ |
| ၅၄။ | ဒိဋ္ဌိအချုပ်သက္ကာယ .... .... | ၇၆ |
| ၅၅။ | အသက်ကိုအန္တရာယ်ပြုသော သရာဂ .... | ၈၈ |
| ၅၆။ | စိတ်စင်ကြယ်မှု ဝိမုတ္တ .... .... | ၉၂ |
| ၅၇။ | နိဂုံး .... .... | ၉၉ |
| ၅၈။ | မစားအပ်သော အသား ၁၂-မျိုး .... | ၁၀၁ |
| ၅၉။ | ဆင်မြင်းအစရှိသော အသား ၉-မျိုးကို မစားအပ်ကြောင်း ပညတ်တော်မူခြင်း | ၁၁၃ |
| ၆၀။ | ဥဒ္ဒိဿကတမံသအကြောင်း .... | ၁၁၉ |
| ၆၁။ | သီဟစစ်သူကြီးဝတ္ထု .... .... | ၁၂၅ |


မာတိကာ ပြီး၏။

# စိတ္တာနုပဿနာကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမဂါထာ**

စိတ္တံ စိတ္တံ ဓမ္မိဿရံ၊
စိတ္တံ စိတ္တံ သိရိန္ဒရံ။
စိတ္တံ စိတ္တံ သုဒေသကံ၊
စိတ္တံ စိတ္တံ နုပဿနံ ။

**ပဏာမဂါထာ အနက်**

စိတ္တံ၊ အာရုံအတန်တန် အဖန်ဖန်ကို တရံမပြတ် ကြံစည်တတ်သော။ စိတ္တံ၊ စိတ်ဟုဆိုအပ်သော။ ဓမ္မံ၊ သဘောတရားကို။ ဣဿရံ၊ အစိုးရတော်မူထသော။

စိတ္တံ၊ ဆန်းကြယ်လှစွာသော။ စိတ္တံ၊ ပန်းချီကား သဖွယ် လဝန်းနွယ်သို့ သပ္ပါယ်တင့်တယ်တော်မူထသော။ သိရိန္ဒရံ၊ ကျက်သရေဆောင် ရွှေရောင်ဝင်းပ ရူပကာယ တော် ရှိတော်မူထသော။

စိတ္တံ၊ နွားရိုင်းတမူ ပမာတူသည့် သုံးလူသန္တာန် ကိန်းဝပ်စံသား ကြံ့စည်သော စိတ်သဘောကို။ ဝိဘဇ္ဇိတွာ၊ သရာဂ ဝီတရာဂ စသည်ထွေထွေ ဝေဖန်ခွဲထား ပိုင်းခြားတော်မူ၍။ စိတ္တံနုပဿနံ၊ စိတ္တာနုပဿနာ တရားတော်ကို။

စိတ္တံ စိတ္တံ၊ ဆန်းဆန်းကြွယ်ကြွယ် သွယ်သွယ်ဖန်ဖန် အတန်တန်ဖြင့်။ သုဒေသကံ၊ သဘောအားဖြင့် ကောင်းစွာ ဟောကြားတော်မူတတ်သော မြတ်စွာဘုရားကို။ နမာမိ၊ ကော်ရော်လေးစား အာရုံထား၍ ညွတ်တွားရိုကျိုး လွန်မြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

## အကြောင်းပြစကား

**ပထမစာမူ။** ။ကာယာနုပဿနာ ဝေဒနာနုပဿနာ ကျမ်းငယ်တို့ကို ရေးသား ရိုက်နှိပ်ပြီးသည့်နောက် စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ တို့ကိုလည်း ဆက်လက်ရေးရန် မိမိကိုယ်ကပင် ဆန္ဒပြုလျက်ရှိသည်၊ နိုင်ငံတော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်ကလည်း ယင်းစိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာတို့ကိုဆက်လက်ရေးသားရန် အတန်တန်ပင် တိုက်တွန်းပေသည်။ မိမိကိုယ်တိုင်ကပင် ဆက်လက်ရေးလိုရင်း ဆန္ဒ ရှိခဲ့သည့်တကြောင်း၊ ဦးကြည်ညွန့် က တိုက်တွန်းသည်တကြောင်းကြောင့်အချိန်တော်တော်ကြာ

ကပင်လျှင် စိတ္တာနုပဿနာကျမ်းငယ်ကို ခပ်ကျဉ်းကျဉ်း ရေးသား၍ မန္တလေး သာသနာရေးဦးစီးဌာနမှတဆင့် ဦးကြည်ညွန့်ထံသို့ ပို့စေလိုက်သည်၊ ပို့သူက ပို့လျက် ဦးကြည်ညွန့်ထံသို့ စာမူမရောက်ပဲ ပျောက်ဆုံးသွားသည် ဟုသိရသည်၊ ယနေ့တိုင် စာမူကိုတွေ့သည်ဟု မသိရချေ။

**ဒုတိယစာမူ။** ။စိတ္တာနုပဿနာ ပထမစာမူပျောက် ကွယ် သွားခြင်းကိုပင် ဘုန်းကြီးသည် တနည်းအားဖြင့် ဝမ်းသာမိ၏၊ အကြောင်းမူကား ရင်းစာမူကို ခပ်သုတ်သုတ်ရေးလိုက်ရသည်ဖြစ်၍ စာသား လည်းကျဉ်းသည်၊ ကျဉ်းသဖြင့် ပြည့်စုံသင့်သလောက် ပြည့်စုံခြင်း မရှိသောကြောင့် မိမိကိုယ်တိုင်ကပင် အားရ ကျေနပ်မှု မရှိလှချေ၊ ထို့ထက် ပြည့်စုံစွာ ထပ်မံ၍ရေး လိုသော ဆန္ဒဖြစ်ပေါ်ခဲ့ပြန်သည်၊ သို့ကြောင့် ယခု ဒုတိယအကြိမ် ထပ်မံရေးခြင်း ဖြစ်သည်။

**အရှင်ဗုဒ္ဓဃောသအလား။** ။စိတ္တာနုပဿနာကျမ်းငယ် ကို ဒုတိယအကြိမ်ထပ်မံရေး ရလေအောင် နတ်သိကြားများက တိတ်တဆိတ်ယူငင် ကာ သိုဝှက်ထားလေသလား၊ အရှင်မဟာဗုဒ္ဓဃောသ ထေရ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ရေးတော်မူစဉ်က ပထမ စာမူတို့ကို နတ်သိကြားများက ဝှက်ထားသကဲ့သို့ ဒုတိယ ဗုဒ္ဓဃောသဟူ၍များ ထင်မှတ်ကာ ပထမစာမူနှင့် ဒုတိယ

စာမူ တထပ်တည်းများ ဖြစ်နေလေမလားဟု-ကြို တင်၍ ထင်ကြေးမပေးစေလိုကြောင်း၊ အရှင်ဗုဒ္ဓဃောသထေရ်နှင့် စိတ္တာနုပဿနာရေးသော ဘုန်းကြီးသည် မန္တိုင်းကောင်း မဆိုကောင်းသော ပုဂ္ဂိုလ်ချင်းဖြစ်၍ ရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်ကို မထိခိုက်စေလိုကြောင်း မေတ္တာရပ်ရပေသည်။

ဤအထက်ပါ အကြောင်းအရာ စကားရပ်ကို နိဒါန်း ဟု ဆိုလိုက ဆိုနိုင်သည်၊ အကြောင်းပြ ဆိုလိုကလည်း ဆိုနိုင်သည်။

ရွှေဟသ်ာဆရာတော်

---

## စိတ္တာနုပဿနာ အစီပွါယ်

**ထွက်သွားတတ်သည်။** ။စိတ္တာနုပဿနာ ဟူသည်မှာ– စိတ်ကို အလစ်မပေးပဲ အဖန် ဖန် အထပ်ထပ် အစဉ်မပြတ် ထိန်းကျောင်း နေခြင်းပင် ဖြစ်သည်။ နွားကျောင်းသားသည် နွားများကို မပြတ် ကြည့်ရှုထိန်းကျောင်းနေသကဲ့သို့ ထို့အတူ မိမိစိတ်ကို ယခု ငါ့သန္တာန်၌ အဘယ်စိတ်မျိုးဖြစ်နေသည်ကို အလစ်မပေးပဲ သိရှိကာ ထိန်းကျောင်းနေခြင်းပင် ဖြစ်သည်။ စိတ်သည် အလွန် လျင်မြန်စွာ ထွက်သွားတတ်သော သဘော ရှိသောကြောင့် ထိန်းသိမ်း စောင့်ရှောက် နေလျက်ကပင် ထွက်မှန်းမသိ ထွက်သွားတတ်သည်။

**တကယ်ထွက်သလား။** ။ထွက်သွားတတ်သည်ဟု သုံးနှုန်းပြောဆိုရသော်လည်း စင်စစ် အားဖြင့် စိတ်သည် သူကိန်းအောင်းရာဌာနမှ တဆံခြည်မျှ ခနရာရွှေ့ခြင်းကား မရှိပေ၊ စိတ်ကိုယ်တိုင်မူကား ဘယ်အရပ် ဘယ်ဒေသကိုမှ မသွားပေ။ သို့ဖြစ်လျက် အဘယ့်ကြောင့် လျင်မြန်စွာ ထွက်သွားတတ်သည်ဖြစ်၍ အလစ်မပေးပဲ အစဉ်ထိန်းကျောင်းနေရသည်ဟု ဆိုပါသနည်းဟု မေးဖွယ်ရှိ၏။ မေးဖွယ်ရှိသည်ကား မှန်ပေသည်။

စိတ်သည် အမှန်စင်စစ် မိမိကိန်းအောင်းရာ ဟဒယ ဝတ္ထုမှ အထက်၌ ဆိုခဲ့သကဲ့သို့ ဆံခြည်တလုံးခန့်မျှ ထွက်ခွာသွားခြင်း မရှိသည်ကား အမှန်ပင်ဖြစ်သည်၊ သို့ပင် ကိုယ်တိုင်ထွက်ခွာမသွားသော်လည်း စိတ်၏တန်ခိုးသတ္တိစွမ်းပကားမှာ မူကား ကြီးမားသည်ဟု ဆိုရပေမည်။ အဘယ်သို့ တန်ခိုးသတ္တိစွမ်းပကားကြီးမားသနည်းဟူမူ-မည်မျှလောက် ခရီးဝေးသော အရပ်ဒေသသို့မဆို အလွယ်တကူ လျင်မြန်စွာ အာရုံပြုနိုင်လေသည်။

**ဥပမာပြချက်။** ။ဥပမာဆိုရလျှင်- ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးသို့သွားရောက်ဖူးမြော်ဖူးသော ပုဂ္ဂိုလ်သည် မိမိအိမ်မှ နေ၍ ရွှေတိဂုံစေတီတော်ကြီးကို စိတ်ဖြင့် အာရုံပြု၍ ကြည်ညိုနိုင်သည်

ယင်းသို့ အာရုံပြုရာ၌ ကြာမြင့်နေသည်မဟုတ်၊ သတိရ၍ အာရုံပြုလိုသောအခါ လျင်မြန်စွာ ချက်ချင်း အာရုံပြုနိုင်သည်၊ မိမိကိုယ်တိုင် သွားရောက် ဖူးမြော်စဉ်ကကဲ့သို့ပင် ရွှေတိဂုံ စေတီတော်ကြီးနှင့်တကွ အရပ် လေးမျက်နှာ၌ ရှိသောအာရုံခံတန်ဆောင်းများ ရုပ်ပွားဆင်းတုတော်များ ကိုလည်းကောင်း ပန်း ဆီမီး ကပ်လှူပူဇော်နေကြသော လူတို့ကိုလည်းကောင်း စိတ်ဖြင့် မြင်တွေ့နေရပေမည်။ ဥရောပတိုက်သို့ဖြစ်စေ အမေရိကသို့ဖြစ်စေ သွားရောက် ဖူးသော ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံသို့ ပြန်ရောက်သော အခါ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများကို ဥရောပတိုက်၌ လည်းကောင်း အမေရိက၌လည်းကောင်း မိမိတွေ့မြင် ကြုံကြိုက်ခဲ့ရသော အရာဝတ္ထုတို့ကို ပြန်လည်ကာ စိတ်ဖြင့် အာရုံပြု၍ ဗဟုသုတအဖြစ် ပြောနိုင်ကြသည်။ မည်မျှပင် ဝေးစေကာမူ စိတ်သည် အာရုံပြုသော သဘောဖြင့် ရောက်နိုင်သည်၊ မြင်နိုင်သည်။

## ရှင်နာဂသိန်ဖြေချက် စိတ်ဆောင်ပုံ

**မိလိန္ဒအမေး။** ။စိတ်၏လျင်မြန်စွာ သွားရောက်နိုင်ပုံကို မိလိန္ဒမင်းက ရှင်နာဂသိန်ကို မေး လျှောက်ဖူးသည်။ အရှင်ဘုရား မြတ်စွာဘုရားသည် လည်းကောင်း အရှင်ဘုရားတို့သည်လည်းကောင်း ရံခါရံခါ ပြောဟောတော်မူဖူးသည်မှာ ကွေးသော လက်ကို ဆန့်

သလောက်၊ ဆန့်သောလက်ကို ကွေးသလောက် အချိန်ကာလကလေးအတွင်း၌ ဗြဟ္မာ့ပြည် ရောက်နိုင်သည်ဟု ပြောဟောတော်မူကြပါသည်၊ အဘယ်သို့လျှင် အလွန်ဝေးသော ဗြဟ္မာ့ပြည်သို့ ဤမျှလောက် လျင်မြန်စွာ ရောက်နိုင်ပါသနည်းဟု မေးလျှောက်သည်။

ရှင်နာဂသိန်အဖြေ။ ။ရှင်နာဂသိန်က မင်းကြီး မင်းကြီး ယခုနေသော သာဂလမြို့တော်နှင့် ဇာတိအရပ်သည် ဘယ်မျှ ဝေးပါသလဲ–ယူဇနာ ၂၀၀-ဝေးပါသည် အရှင်ဘုရား။ ယူဇနာ ၂၀၀–ဝေးသော ဇာတိအရပ်၌ ယခင်က ဆောင်ရွက်ဖူးသော အလုပ်ကိစ္စ ရှိပါသလား၊ ရှိပါသည် အရှင်ဘုရား။

မင်းကြီး အဲသည့်ဆောင်ရွက်ဖူးသောကိစ္စကို လှမ်းပြီး အာရုံပြုလိုက်စမ်း ပါလေ။ အာရုံပြုပြီးပါပြီအရှင်ဘုရား။ မင်းကြီး တယ်မြန်ပါကလားဟု အရှင်နာဂသိန်က အမိန့်ရှိရာ မိလိန္ဒမင်းကြီးသည် ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်ဖြစ်သည်အလျောက် သဘောပေါက်ကာ အရှင်ဘုရား သဘောပေါက်ကာနားလည်ပါပြီအရှင်ဘုရားဟု လျှောက်သတဲ့။

လျင်မြန်ခြင်း။ ။စိတ်ဖြင့်အာရုံပြုလိုက်ခြင်း ဖြစ်သည်။ စိတ်သည် ဤမျှ လျင်မြန်ပေသည်။ ဤမျှ လျင်မြန်သော စိတ်ကို ထိန်းသိမ်းနိုင်သလောက်၊

ယဉ်ကျေးအောင် ပြုပြင်နိုင်သလောက် စိတ်ကို အစိုးရကာ စိတ်တန်ခိုးဖြင့် ပြဟ္မာ့ပြည် နတ်ပြည်သို့ တခဏချင်းဖြင့် သွားရောက်နိုင်သည်။ထိုစိတ်ကို ထိန်းဖို့မှာကား လွယ်ကူသည် မဟုတ်ပေ။

**ရိုင်းသောစိတ်။** ။မယဉ်ကျေးသေးသော စိတ်ကို နွားရိုင်းနှင့်ဥပမာပြု ဟောတော်မူသည်၊ နွားရိုင်း ဆင်ရိုင်းတို့ကို ယဉ်ကျေးအောင် ဆုံးမရန်မှာ လွယ်ကူပေဦးမည်၊ အာရုံအမျိုးမျိုးသို့ ပြေးလွှားကာ တည်ငြိမ်မှုမရှိပဲ ရိုင်းနေသော စိတ်ကို ယဉ်ကျေးစေရန်မှာ ခက်ခဲလှပေသည်။

**မကောင်းမှု၌ပျော်ခြင်း။** ။ပါပသ္မိံ ရမတိ မနော=မနော၊ စိတ်သည်။ ပါပသ္မိံ၊မကောင်းမှု မကောင်းလုပ်၌သာလျှင်။ ရမတိ၊ မွေ့လျော်တတ်၏။ အစမထင်သော သံသရာတလျှောက်လုံး၌ များသောအားဖြင့် ကာမဂုဏ်အာရုံတို့၌သာလျှင် မွေ့လျော်ပျော်ပိုက် အာရုံစိုက်ခဲ့သောစိတ်၊ ကာမဂုဏ် အရုံကိုသာလျှင် လိုလားသောစိတ်၊ မြွေသည် ရှုပ်ထွေးရာကိုသာ ကြိုက်သကဲ့သို့ အာရုံအများကိုသာ ကြိုက်သော စိတ်ဖြစ်သည်၊ သို့ကြောင့် ထိုစိတ်ကို ကာမဂုဏ်အာရုံမှ ကင်းသော ဆိတ်သော ကမ္မဋ္ဌာန်းအာရုံ၌ သွားရန် အဝေးအာရုံသို့

မထွက် မသွားစေရန် စောင့်ရှောက် ထိန်းသိမ်းမှုသည် လွယ်ကူသည် မဟုတ်ချေ။

**စိတ်ကိုပစ်မထားသင့်။** ။မလွယ်ကူဖူးဟုဆိုကာ စိတ်ကို စောင့်ထိန်းခြင်းမရှိပဲ သူ့သဘောအတိုင်း လွှတ်ထားပြန်လျှင် တနည်းအားဖြင့် စိတ်ကို စိတ်အတိုင်းထားပြန်လျှင် သားဆိုး သားမိုက်ကို ဆုံးမပဲ့ပြင် သွန်သင်ခြင်း မပြုပဲ ပစ်ထားက ပို၍ ဆိုးသွမ်း ပျက်စီး တတ်သကဲ့သို့ ပစ်ထားသောစိတ် သူ့အတိုင်း ထားသောစိတ်သည် မကောင်းမှုတို့၌သာ အာရုံပြုကာ လိုက်စားသဖြင့် ပိုမိုဆိုးသွမ်း ပျက်စီးမည်သာ ဖြစ်သည်။ သို့ကြောင့် ပညာရှိ သူတော်ကောင်းတို့သည် ထိန်းသိမ်း စောင့်ရှောက်ရန် ခဲယဉ်းသည်ဟု အားလျှော့ကာ လျစ်လျူရှုမထားကြပဲ စိတ်ရှည်ရှည် ဇွဲကောင်းကောင်းနှင့် စိတ်ကို ယဉ်ကျေး နူးညံ့ သိမ်မွေ့အောင် ထိန်းသိမ်း စောင့်ရှောက်၍ ကမ္မဋ္ဌာန်း အာရုံဘက်သို့ ဆွဲဆောင် သိမ်းသွင်းကာ သူတော်ကောင်း တရားကို ပွားများကြကုန်၏။

## တန်ခိုးကြီးသောစိတ်

စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမနွဂူ–

ဟူ၍ ဟောတော်မူသည့် အတိုင်း လောကကြီးကိုစိတ်

ဆောင်နေ၏၊ စိတ်ဆွဲဆောင်ရာသို့ လိုက်ပါနေကြရ၏။ အားလုံးသော သတ္တလောကနှင့် ရုပ်နာမ်ဟူသော သင်္ခါရလောကသည် စိတ်ဆွဲဆောင်ရာ စိတ်ပို့ရာသို့ လိုက်ပါနေကြရသည်၊ စိတ်သည် မည်မျှ တန်ခိုးရှိသည် မည်မျှ စွမ်းရည်သတ္တိရှိသည်ကို သိနိုင်ကြပေသည်။ ဤမျှလောက် စွမ်းရည်သတ္တိရှိသော စိတ်ကို ထိန်းသိမ်း စောင့်ရှောက်ပြုပြင်၍ ယဉ်ကျေးစေနိုင်မှုကား ထိုစိတ်သည် မိမိ ကိန်းအောင်းသော ခန္ဓာသန္တာန်ကို ချမ်းသာရာ ကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်ပေသည်။

## စိတ်ဆောင်ပုံ အမေး အဖြေ

စိတ်ဆောင်ပုံကို ပြဦးအံ့။ မိလိန္ဒမင်းက အရှင်နာဂသိန်ကို လျှောက်ဖူးသည်မှာ–

အမေး။ ။အရှင်ဘုရား ဗြဟ္မာပြည်သည် ဤလူ့ပြည်မှ မည်မျှဝေးပါသနည်း။

အဖြေ။ ။မင်းကြီး ဗြဟ္မာပြည်သည် ဝေးလှပေသည်၊ ဥပမာနှိုင်းယှဉ်ဖွယ်ရာကို ပြဆိုရလျှင် တောင်ထွတ်အမျှ ကြီးမားသောကျောက်တုံးကြီးကို ဗြဟ္မာ့ပြည်မှ ချလိုက်ပေလျှင် နေ့ရောညဉ့်ပါ ကျလာခဲ့သော ကျောက်တုံးကြီးသည် တနေ့နှင့်တညဉ့်၌ ယူဇနာပေါင်း (၄၈၀၀၀) ရှစ်သောင်းလေးထောင် ကျလာခဲ့ရာ လေးလ (၄–လ)

ကြာမှ သာလျှင် ဤလူ့ပြည် မြေပေါ်သို့ ရောက်ပေလိမ့်မည်။ မင်းကြီး ဗြဟ္မာ့ပြည်သည် ဤမျှလောက်ပင် ဝေးကွာပေသည်။

**အမေး။** ။အရှင်ဘုရား – ဤသို့ ပြောဟောတော်မူလေ့ရှိကြပါသည်၊ အဘယ်ကဲ့သို့ ပြောဟောတော်မူလေ့ရှိကြသနည်းဟူမူ။ ဥပမာအားဖြင့် အားခွန်ဗလနှင့် ပြည့်စုံသောယောကျ်ားသည် ကွေးသောလက်ကိုဆန့်တန်းသကဲ့သို့လည်းကောင်း ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့လည်းကောင်း ဤမျှလောက် ကာလဖြင့်သာလျှင် စိတ်ကို နိုင်နင်းအောင် လေ့လာခြင်းရှိသော တန်ခိုးရှိသော ပုဂ္ဂိုလ်သည် လူ့ပြည် ဇမ္ဗူဒိပ်ကျွန်းမှ ဗြဟ္မာပြည်သို့ အလွန်လျင်မြန်စွာ ကြွရောက်နိုင်သည်ဆိုသော စကားကို ဒကာတော် မယုံကြည် နိုင်ပါဘုရား။

**အမေး။** ။မင်းကြီး – သင်မင်းကြီး၏ ဇာတိအရပ်သည် အဘယ်မှာ ရှိသနည်း။

**အဖြေ။** ။အရှင်ဘုရား အလသန္ဒ အမည်ရှိသော ကျွန်းသည်ရှိပါသည်၊ ထိုကျွန်းသည် ဒကာတော်၏ ဖွားရာ ဇာတိ အရပ်ဖြစ်ပါသည်။

**အမေး။** ။မင်းကြီး – အလသန္ဒကျွန်းသည် ဤသာဂလမြို့တော်မှ မည်မျှဝေးပါသနည်း။

**အဖြေ။** ။ယူဇနာ(၂၀၀)နှစ်ရာ ဝေးကွာပါသည် အရှင်ဘုရား။

**အမေး။** ။မင်းကြီး – အလသန္ဒကျွန်း၌ ရှေးက လုပ်ဆောင်ခဲ့ဖူးသော ပြုဖွယ်ကိစ္စကို ပြုလုပ်ပြီးနောက် ပြန်၍ ဆင်ခြင် အောက်မေ့ဖူးပါသလော။

**အဖြေ။** ။မှန်ပါ အောက်မေ့ဆင်ခြင်ဖူးပါသည် အရှင်ဘုရား။

**ရှင်းချက်။** ။မင်းကြီး – သင်မင်းကြီးသည် ယူဇနာနှစ်ရာဝေးကွာသော အလသန္ဒ ကျွန်းသို့ လျင်မြန်စွာ သွားရောက်နိုင်စွမ်း ရှိပါပေသည် ဟု အရှင်နာဂသိန်က မိန့်ကြားသောအခါ–

**ဝန်ခံချက်။** ။အရှင်ဘုရား ဥပမာဖြင့် ဖြေကြားတော်မူသည်မှာ သင့်လျော်လျောက်ပတ်ပါပေသည်အရှင်ဘုရား။

အလွန်တရာ ဝေးကွာလှသော ဗြဟ္မာ့ပြည်ကို စိတ်ဆောင်သွားသောကြောင့် စိတ်မြန်သလောက် ဤခန္ဓာကိုယ်ကြီးသည် လျင်မြန်စွာ တခဏချင်းဖြင့် ရောက်ရှိသွားခြင်းဖြစ်သည်ကို မိလိန္ဒမင်းကြီး သဘောပေါက်သွားခြင်း ဖြစ်သည်။

## ပဋိသန္ဓေစိတ်မြန်ပုံ

လျင်မြန်ခြင်းနှင့် စကားစပ်သဖြင့် ဆက်လက်၍ မြလို သေးသည်–

မိလိန္ဒမင်းကြီးက ဆက်လက်၍ မေးလျှောက်ပြန်သည်မှာ–

**ထပ်မံအမေး။** ။အရှင်ဘုရား အကြင်လူတယောက်သည် လူ့ပြည် သာဂလမြို့မှ သေလွန်ပြီးကာလ ဗြဟ္မာ့ပြည်၌ ဖြစ်ရာ၏။ အခြား လူတယောက်သည်ကား ဤ လူ့ပြည် သာဂလမြို့မှ သေလွန်ပြီးကာလ ကသ္မီရ တိုင်းပြည်၌ ဖြစ်ရာ၏။ အဘယ်သူက ကာလကြာမြင့်မှ ဖြစ်၍ အဘယ်သူက လျင်မြန်စွာ ကာလ မကြာမြင့်မိ ဖြစ်ပါသနည်း အရှင်ဘုရား။

**ထပ်ဖြေချက်။** ။မင်းကြီး နှစ်ဦးလုံး တချိန်တည်း ကာလတူပင် အသီးသီး ဖြစ်ကြပေ သည်။

**လျှောက်ချက်။** ။အရှင်ဘုရား–ဥပမာဖြင့် ဟောကြား တော်မူပါဦးဘုရား။

**ပြန်မေးခြင်း။** ။မင်းကြီး....မင်းကြီး၏ဇာတိအရပ်သည် အဘယ်မှာနည်း။

ဖြေ။ ။အရှင်ဘုရား–ကလသိရှာသည် ရှိပါသည်၊ ထို ရှာသည် ဒကာတော်၏ ဖွားမြင်ရာ ဇာတိရွာ ဖြစ်ပါသည်။

မေး။ ။မင်းကြီး–ကလသိရွာသည် ဤသာဂလမြို့တော်မှ ဘယ်မျှ ဝေးပါသနည်း။

ဖြေ။ ။ယူဇနာ နှစ်ရာဝေးပါသည် အရှင်ဘုရား။

မေး။ ။မင်းကြီး–ကသ္မီရတိုင်းပြည်သည် အဘယ်မျှ ဝေးပါသနည်း။

ဖြေ။ ။တဆယ့်နှစ်ယူဇနာဝေးပါသည် အရှင်ဘုရား။

ခိုင်း။ ။မင်းကြီး–ကလသိရွာကို အာရုံပြု၍ ကြံစည် ဆင်ခြင်လိုက်စမ်းပါ။

ဖြေ။ ။ကြံစည်ဆင်ခြင်ပြီးပါပြီ အရှင်ဘုရား။

ထပ်ခိုင်း။ ။မင်းကြီး–ကသ္မီရတိုင်းပြည်ကို (ဝါ)မြို့ကို ကြံစည်ဆင်ခြင်လိုက်စမ်းပါဦး။

ဖြေ။ ။ကြံစည်ဆင်ခြင်ပြီးပါပြီဘုရား။

မေး။ ။မင်းကြီး – ဤကလသိရွာကို ဆင်ခြင်ခြင်းနှင့် ကသ္မီရတိုင်းပြည်(ဝါ)မြို့ကို ဆင်ခြင်ခြင်းသည် ဘယ်ကဲ့သို့ ထူးခြားပါသနည်း၊ ဘယ်အာရုံကို ကြာရှည်

ကြံစည်ဆင်ခြင်ရသနည်း၊ ဘယ်အာရုံကို မြန်စွာ ကြံစည် ဆင်ခြင်ရသနည်း။

**ဖြေ။** ။အရှင်ဘုရား – အာရုံနှစ်ခုလုံးကို အချိန်ကာလ အတူသာလျှင် ဆင်ခြင်ကြံစည်ရပါသည့် အရှင်ဘုရား။

**ရှင်းချက်။** ။မင်းကြီး ဤဥပမာအတူပင် ဤသာဂလမြို့မှ သေလွန်ပြီး ကာလ ဗြဟ္မာပြည်၌ ဖြစ်သော သူသည်လည်းကောင်း၊ သာဂလမြို့မှ သေလွန်ပြီး ကာလ ကသ္မီရတိုင်းပြည်(ဝါ)မြို့၌ ဖြစ်သောသူသည်လည်းကောင်း အချိန်ကာလချင်း အနှေး အမြန်မကွာ အချိန်တူသာလျှင် ဖြစ်ကြပေသည်–ဟု ဖြေကြားတော်မူသည်။

ပဋိသန္ဓေစိတ်ဖြစ်ခြင်း အချိန်ကာလ တူကြသည်ကို ပြဆိုခြင်း ဖြစ်သည်။ ဤဘဝက စုတိစိတ်သည် ဤမှာပင် ချုပ်ငြိမ်းခဲ့လေပြီ၊ အသစ်ဖြစ်သော ပဋိသန္ဓေစိတ်သည် ရောက်ရာဘဝ၌ အချိန်ကာလ အခြားမရှိပဲ ပဋိသန္ဓေစိတ် အမည်ဖြင့် ဖြစ်လေသည်။ ဤဘဝက စိတ်သည် နောက်ဘဝသို့ ကူးပြောင်းလိုက်ပါသည် မဟုတ်၊ ဤဘဝက ကံ အကြောင်းအားလျော်စွာ နောက်ဘဝ၌ အကျိုးပဋိသန္ဓေ စိတ်အဖြစ်ဖြင့် ဖြစ်ခြင်း ဖြစ်သည်။

## စိတ်ကို ကမ္မဋ္ဌာန်းဖြင့် ထိန်းပါ

ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း မကောင်းမှု၌သာ မွေ့လျော်တတ်သောစိတ် လျင်မြန်သော တန်ခိုးသတ္တိရှိသော စိတ်ကို ပေါက်လွှတ်ပဲစား လွှတ်၍မထားပဲ၊တနည်း စိတ်ကို စိတ်အတိုင်း ဖြစ်လိုရာဖြစ်စေဟု လျစ်လျူရှု မထားပဲ၊ ယင်းစိတ်ကို ဇွဲကောင်းကောင်း စိတ်ရှည် လက်ရှည်ဖြင့် သည်းခံ၍ထိန်းသိမ်းစောင့်ရှောက်ကာ အလိုရှိရာကမ္မဋ္ဌာန်း အာရုံသို့ ဆွဲဆောင်၍ ယင်းစိတ်ဖြင့် ဘာဝနာတရား ပွား များ အားထုတ်ပါမူ အားထုတ်သည့် အလျောက် ခရီး ပေါက်ရောက်၍ စိတ်ကပင် ချမ်းသာကို ပို့ဆောင်ပေးလိမ့်မည်။ စိတ်ကို စိတ်အတိုင်းထားကာ လုံကြိုးမရှိသော နွားကဲ့သို့ လွှတ်ထားလျှင် သူတပါးအခင်းကို ကျူးကျော် ဝင်ရောက်စားမိသည်ဖြစ်၍ ဓားခုတ် လှံထိုးခံရသော နွားကဲ့သို့ အပါယ်ဓား အပါယ်လှံ အထိုးခံရတတ်မည်ဖြစ်ပေသည်။

## ရာဂမိုးနှင့် ဘာဝနာအမိုး

တနည်းအားဖြင့် ထိုစိတ်တည်းဟူသောအိမ်ကို ဘာဝနာ အမိုးတို့ဖြင့် လုံခြုံအောင်မမိုးလျှင် လောဘစသော ကိလေသာမိုးတွေ ယိုကျသည် ဖြစ်၍ စိတ်တည်းဟူသော အိမ်သည် ဆွေးမြေ့ပျက်စီးခြင်းသို့ ရောက်တတ်သည်။ မိုးမလုံသော ပကတိအိမ်သည် မှုလည်းဖြစ်စေ၊ ကျောင်းသည်

မူလည်းဖြစ်စေ အမိုးမလုံလျှင် မိုးယို၍ ဆွေးမြေ့ပျက်စီး သကဲ့သို့ ဖြစ်သည်ဟု ဆိုလိုသည်။

**နန္ဒမင်းသားဝတ္ထု။** ။မြတ်စွာဘုရား၏ ညီတော် နန္ဒ မင်းသားသည် မြတ်စွာဘုရားက သပိတ်တော်ယူစေ၍ သပိတ်ထမ်းခေါ်သွားစဉ် **ဇနပဒ ကလျာဏီ** က စိုစွတ်နေသော ဆံပင်တဝက်ကို ဖီးလျက် ပြူတင်းပေါက်မှ **လှမ်း၍** မောင်တော်ဘုရား မြန်မြန်ပြန် လာခဲ့ပါဟု ပြောလိုက်သည်။ ထိုအသံ **အသဲ၌စူးဝင်နေ** သကဲ့သို့ စွဲလမ်းလျက် ဆံပင်တဝက်ကို ဖီးလျက် ပြူတင်း ပေါက်မှ ရပ်နေသော ဇနပဒကလျာဏီ၏ ရူပကာယ ရူပါရုံ သည်လည်း မနောဒွါရ မျက်စိမှ မထွက်ပဲ စူးဝင်စွဲလမ်း၍ ကိလေသာမိုးတွေ ယိုကျလျက်ရှိသည်။ ထို့ကြောင့် မြတ်စွာ ဘုရား၏ သာသနာတော်၌ မပျော်ပိုက်နိုင်ပဲ "လူထွက် တော့မည်၊ လူထွက်တော့မည်" ဟု ငြီးတွားကာ ပျင်းရိ ငြီးငွေ့နေသည်ကို သိတော်မူသော မြတ်စွာဘုရားသည်—

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ—

ဟု ဟောတော်မူသည်။

**အမိုးမလုံခြင်းအပြစ်။** ။လုံခြုံအောင် မမိုးသော (ဝါ) ကျိုးတိုးကျဲတဲ မိုးသော (ဝါ) တော်စွာလျော်စွာမိုးသော အိမ်သည် မိုးယိုသဖြင့် ပျက်စီး

သကဲ့သို့ ထိုအတူ ဘာဝနာဖြင့် မထုံ**အပ်သော**(ဝါ)**ရာဂ၏** **ဆန့်ကျင်ဘက်ဖြစ်သော** **အသု**ဘကမ္မဋ္ဌာန်း ဘာဝနာကို မပွားများသော စိတ်သည် ရာဂတည်းဟူသော မိုးယိုသဖြင့် ပျက်စီးတတ်လေသည်ဟု ဟောတော်မူသည်။

ရာဂကို ပဓာနထား၍ ဆိုသော်လည်း ဒေါသ,မောဟ, **မာန,ဒိဋ္ဌိ-အစရှိသော ကိလေသာ**မိုး**တို့**သည် ယိုကျတော့သည်**သာ**တည်း။ သို့**ဖြစ်**၍ **စိတ်**ကို **အ**မှတ်မဲ့ လျစ်လျူရှု၍ **ပစ်မထား**ကြပဲ အမြဲမပြတ် **သတိ**ချုပ်၍ စောင့်ကြပ်ထိန်း**သိမ်း**ကြရမည်၊ ပြုပြင်ကြရမည်၊ ယဉ်ကျေးစေကြရမည်။ ဘာဝနာအမိုးတို့ဖြင့် လုံခြုံအောင် မိုးကြရမည် ဖြစ်ပေသည်။

**အမိုးလုံခြင်းအကျိုး**။ ။**အိမ်**ကို ဖြစ်စေ၊ ကျောင်းကို ဖြစ်စေ၊ **ကောင်းသော** သွပ်စသည်တို့ဖြင့် လုံခြုံအောင် မိုးလိုက်ပါလျှင် မိုးယိုခြင်းမှ လွတ်ကင်း၍ အိမ်ကျောင်းတို့ ပျက်စီးခြင်း ကင်းလွတ်ချမ်းသာသကဲ့သို့ **ကိလေသာ**တည်းဟူသော မိုးမယိုအောင် ဘာဝနာအမိုးတို့ဖြင့် လုံခြုံအောင် **မိုးအပ်သော** စိတ်သည် ပျက်စီးခြင်းမှ ကင်း၍ ၎င်းစိတ်ဖြင့် ပွားများအပ်သော ဘာဝနာကြောင့် အရဟတ္တဖိုလ်တိုင်အောင်သော **ချမ်းသာ**ကို ရရှိနိုင်ပေသည်။

**နတ်သမီးနှင့်မျောက်အိုမ။** ။ပျင်းရိ ငြီးငွေ့ နေသော အရှင်နန္ဒကို မြတ်စွာဘုရား သည် လက်မောင်းကို ဆွဲ၍ တန်ခိုးတော်ဖြင့် တာဝတိံ-သာသို့ ခေါ်သွားလေသည်။ တာဝတိံသာသို့ မရောက်မီ လမ်းခုလတ်၌ မျောက်အိုမကြီးတကောင်ကိုလည်း ရှင်နန္ဒ အား ပြခဲ့သည်။ တာဝတိံသာသို့ ရောက်သောအခါ နတ်သမီးများကို တွေ့မြင်သောအခါ မြတ်စွာဘုရားက ဤနတ်သမီးတွေနှင့် ဇနပဒကလျာဏီသည် ဘယ်သူက လှသနည်း ဟု မေးတော်မူရာ မြတ်စွာဘုရား မနှိုင်းယှဉ်သာပါ၊ နတ်သမီးများနှင့် ယှဉ်လျှင် ဇနပဒကလျာဏီသည် လမ်း၌ တွေ့မြင်ခဲ့သော မျောက်အိုမကြီးသဖွယ် ဖြစ်ပါတော့သည် ဟု လျှောက်သတဲ့၊ မြတ်စွာဘုရားက ညီတော်နန္ဒ သာသနာ့ ဘောင်မှာ ပျော်ပျော်နေလေ၊ သည်နတ်သမီးများအတွက် ငါ့တာဝန်ထား၊ ငါ အာမခံသည်၊ ရဟန်းတရားကိုသာလျှင် ပျော်မွေ့စွာ အားထုတ်လေ ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား၊ နတ်သမီးငါးရာတို့ကိုရစေမည် ဟု မြတ်စွာဘုရား တာဝန်ယူကာ အာမခံပါလျှင် သာသနာတော်၌ပျော်ပျော် အားထုတ်ပါတော့မည်ဟု လျှောက်သတဲ့။

ထိုအကြောင်းကို ရှင်နန္ဒ၏ သီတင်းသုံးဖော် သံဃာတော်များက သိရှိရသဖြင့် ရှင်နန္ဒကို နတ်သမီးတည်း ဟူသော အကြောင်းကြောင့် စာရင်းငှား အခစားအဖြစ်

ဖြင့်လည်းကောင်း ရဟန်းကျင့်ဝတ် တည်းဟူသော အဖိုး အခဖြင့် နတ်သမီး တည်းဟူသော ပစ္စည်းကို ဝယ်ယူ သူအဖြစ်ဖြင့်လည်းကောင်း ရယ်သွမ်းသွေး၍ ပြောဆိုခန့် ကြကုန်၏။

ရဟန္တာဖြစ်ခြင်း။ ။ယင်းကဲ့သို့ သီတင်းသုံးဖော်တို့က ကဲ့ရဲ့ ပြောင်လှောင် ပြောဆိုကြ သည်ကို ရှက်သဖြင့် ရှင်နန္ဒသည် တယောက်ထီးတည်း သင့်လျော်ရာ၌ နေလျက် မမေ့မလျော့ ရဟန်းတရားကို အားထုတ်လေရာ ဘာဝနာတည်းဟူသော အမိုးလုံခြုံသည် ဖြစ်၍ ရာဂစသော ကိလေသာမိုးတို့သည် စီးယိုကာ မကျ နိုင်ကြပြီဖြစ်၍ အာသဝေါတည်းဟူသော မိုးရေဟူသမျှ တို့သည် ခန်းခြောက် ကြကုန်၏။ မြတ်စွာဘုရား၏ သာသနာတော်၌ အာသဝေါကုန်ခန်းပြီးသော ရဟန္တာတို့ တွင် အရှင်နန္ဒသည် ရဟန္တာတဆူအဖြစ်ဖြင့် ထင်ရှားစွာ အပေါ်အဝင် ဖြစ်လေတော့သည်။ ဤအကြောင်းကို ရည်ညွှန်းတော်မူ၍မြတ်စွာဘုရားသည်ဤဒေသနာတော်ကို ဟောတော်မူသည်။

ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌီ န သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

ကောင်းမွန် လုံခြုံစွာ မိုးအပ်သော အိမ်သည် မိုးယို ခြင်းမှ ကင်း၍ အပျက်အစီးမရှိသကဲ့သို့ ထိုအတူ ဘာဝနာ

ဖြင့် ကောင်းစွာ ထုံအပ်သော စိတ်သည် ရောဂမိုးယို ခြင်းမှ ကင်းသဖြင့် ချမ်းသာခြင်းသို့ ပို့ဆောင်ပေသည်ဟု ဟောတော်မူသည်။

## ဖောက်ပြန်လျက် အထိန်းခက်သောစိတ်

**ကလေးလိုစိတ်။** ။ထိန်းသိမ်းမှုပြုခြင်း မရှိသော စိတ်သည် ရူပါရုံ သဒ္ဒါရုံ-စသည်တို့နှင့် တွေ့ကြုံသောအခါ ထိုထိုအာရုံတို့သို့ ရောက်သဖြင့် လှုပ်ရှားတတ်သည်။ ကလေးသူငယ်တို့သည် အငြိမ်မနေပဲ ခုန်ပေါက် ပြေးလွှား လှုပ်ရှားနေကြသကဲ့သို့ အာရုံတခု၌ စူးစိုက်ကာ တည်ငြိမ်ခြင်းမရှိပဲ ပြန့်လွင့်ပြေးလွှားတတ်သည်။

**နွားရိုင်းလိုစိတ်။** ။ကောက်ပင် (စပါးပင်) စပါးခင်းတို့ အကြား၌ စပါးပင်တို့ကို စားတတ်သော နွားကို အထိန်းအကျောင်း ခက်သကဲ့သို့ ကာမဂုဏ် အာရုံကို ကြိုက်တတ်သောစိတ်ကို စောင့်ရှောက်ထိန်းကျောင်းမှုခက်သည်။ စိတ်၏အကြိုက်ဖြစ်သော ပိသဘာဂ အာရုံသို့ မသွားအောင် မပြေးအောင် တားမြစ်ရခြင်း သည်လည်း ခဲယင်းသည်။ သို့ဖြစ်၍ ဤစိတ်ကို နွာဖားကြိုး နှင့်တူသော သတိဖြင့် စောင့်ကြပ်ရာ၏။

မြှားထိဥပမာ။ ။လေးအတတ် ပညာကို ကောင်းစွာ တတ်ကျွမ်းသော လေးသမားသည် တောမှ ခုတ်ယူခဲ့သော ကောက်သော အသားကို ကျွမ်းကျင်စွာ စိတ်ရှည်ရှည်ဖြင့် ဖြောင့်မတ်အောင်ပြု၍ လိုအပ်ရာ၌ အသုံးပြုသဖြင့် ဥစ္စာပစ္စည်းရရှိသကဲ့သို့ ထို့အတူ လှုပ်ရှားသောစိတ် မတည်ငြိမ်သောစိတ်အာရုံအမျိုးအပြားသို့ ထွက်သွားနေသောစိတ်ကို ထိန်း၍ တားမြစ်စောင့်စည်း၍ ကမ္မဋ္ဌာန်း အာရုံ၌ နေစေရမည်။

ယင်းသို့ ကမ္မဋ္ဌာန်း အာရုံ၌ တည်ငြိမ်သောစိတ်ဖြင့် ကိလေသာတို့ကို ပယ်သတ်နိုင်သည်ဖြစ်၍ မဂ်ဖိုလ်တိုင်အောင် ကောင်းကျိုးကျေးဇူးတို့ကို ရရှိနိုင်ကြပေသည်။ ဤကဲ့သို့သော အကျိုးကျေးဇူးတို့ကို မြင်တော်မူသော မြတ်စွာဘုရားသည် ပြဆိုလတ့်သော ဒေသနာတော်ကို ဟောတော်မူခဲ့သည်။

## မငဲ့မထောက် ဖောက်ပြန်သောစိတ်

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

ဖန္ဒနံ၊ ရူပါရုံစသည်တို့၌ အာရုံရောက်သွားသဖြင့် လှုပ်ရှားတတ်သော။ စပလံ၊ အာရုံတခုတည်း၌မတည်မူ၍ ခုန်ပေါက်ပြေးသွားတုန်လှုပ်တတ်သော။ ဒုရက္ခံ၊ စောင့်ထိန်းရန်

ခဲယဉ်းလှစွာသော။ဒုန္နိဝါရယံ၊ဝိသဘာဂအာရုံကို တွေ့လျှင် တားမြစ်နိုင်ခဲသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ပညာရှိသော ပုဂ္ဂိုလ်သည်။ ဥဇုံ ကရေယျ၊ တားမြစ်၍ ဖြောင့်အောင် ပြုရာ၏။ ကိမိဝ၊အဘယ်ပုံကဲ့သို့ပြုလုပ်ရာအံ့နည်းဟူမူကား။ ဥသုကာရော၊ ကျွမ်းကျင် လိမ္မာသော လေးသမားသည်။ တေဇနံ၊ ကောက်သော မြှားကို။ ဥဇုံ ကရောတိ ဣဝ၊ ဖြောင့်အောင် ပြုလုပ်သကဲ့သို့တည်း။

တနည်း။ ဥသုကာရော၊ လိမ္မာကျွမ်းကျင်သော လေးသမားသည်။ တေဇနံ၊ ကောက်သောမြှားကို(ဝါ)အသားကို။ဥဇုံ ကရောတိ ဣဝ၊ဖြောင့်အောင်ပြုသကဲ့သို့။မေဓာဝီ၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ ဖန္ဒနံ၊ တုန်လှုပ်သော။ စပလံ၊ မတည်ငြိမ်သော။ စိတ္တံ၊ စိတ်ကို။ ဌိတံ ကတွာ၊ တည်ငြိမ်သည်ကို ပြု၍။စရေယျ၊သူတော်ကောင်းတရားကို ပွားများအားထုတ်ရာ၏။

## လျှင်စွာရောက်လျက် ဆုံးမခက်သောစိတ်

စိတ်ကို နှိပ်ကွပ် ဆုံးမရန် ခဲယဉ်းသည်၊ လျင်မြန်စွာ ဖြစ်ပေါ်တတ်၍ လျင်မြန်စွာ ချုပ် ပျောက်တတ်သည်။ အာရုံမရွေး ဌာနမရွေး ဒေသမရွေး ကောင်းသည် မကောင်းသည် မရွေး၊ အမှတ်မရှိ အာရုံ ဟူသမျှကိုသို့ ရောက်တတ် ကျတတ်သည်။

သည်အာရုံကို အာရုံပြုခြင်းဖြင့် အကျိုးရှိသည်၊ မရှိသည်ကိုလည်း မရွေး၊ သင့်မသင့်ကိုလည်း မသိ၊ မိမိမျိုးရိုးဇာတ်ကိုလည်း မကြည့်တတ်၊ မျိုးရိုးဂုဏ်သိက္ခာကိုလည်း ငဲ့ကွက်ခြင်းမရှိ၊ မိမိ၏အသက်အရွယ်ကိုလည်း မထောက်ထားတတ်၊ အကြင်အကြင်အာရုံကို နှစ်သက်မိ၏။ ထိုထိုအာရုံတို့သို့ ကျရောက်တတ်၏။

ယင်းသို့လျှင် အာရုံမရွေး ဌာနမရွေး ဒေသမရွေး ကောင်း မကောင်း သင့်-မသင့်မရွေး၊အကျိုး ရှိ-မရှိ မရွေး၊ မျိုးရိုး ဂုဏ်သိက္ခာကိုလည်းကောင်း၊ အသက်အရွယ်ကိုလည်းကောင်း မထောက်ထား မကြည့်ရှု မငဲ့မကွက် နှစ်သက်ရာအာရုံသို့ ကျရောက်တတ်သဖြင့် မကောင်းပြစ်မကောင်းကျိုးကို ဖြစ်စေသော စိတ်ကို ဆုံးမရမည်ဟု ဟောတော်မူသည်၊ ဆုံးမသဖြင့် ယဉ်ကျေး သိမ်မွေ့သော စိတ်သည် ချမ်းသာသုံးတန်ကို ရစေတတ်သည်ဟု ဟောတော်မူသည်။

## မာတိကမာတာ၏ကျေးဇူး

**စိတ်ကိုဆုံးမ ချမ်းသာရ။** ။စိတ်ကို ဆုံးမ နိုင်သဖြင့် ကောင်းကျိုး ချမ်းသာကို ရရှိဖူးသော သူတော်ကောင်းတို့သည် များစွာပင် ဖြစ်ပေါ်ဖူးခဲ့ကြလေပြီ။အမည်အားဖြင့် မထင်ရှားလှသော ရဟန်း

တော်တပါး အကြောင်းကိုကား မှတ်သား၍ နည်းယူနိုင်ကြစေရန် ထုတ်ပြရပေမည်။

ရဟန်းတော် (၆၀)တို့သည် သဘောတူတိုင်ပင်ကြ၍ မြတ်စွာဘုရားထံတော်၌ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း တရားနည်းကို ရိုသေလေးစားစွာ တောင်းခံ နာယူ၍ ကောသလတိုင်းအတွင်းရှိ မာတိကရွာကိုဂေါစရဂါမ်အဖြစ် အမှီပြု၍ ရဟန်းတရားကို အားထုတ်တော်မူကြကုန်၏။

**တရားတောင်းခြင်း။** ။မာတိကရွာသူကြီး၏မိခင်မာတိက မာတာအမည်ရှိသော ဒကာမကြီးသည် တနေ့သော ညနေခင်း၌ အဖော်များနှင့် တကွ ရဟန်းတော်များထံ သွားရောက်ဖူးမြော်ရာ တရားစကားကြားနာပြီးကာလ–

"အရှင်ဘုရားများ အားထုတ် ကျင့်သုံးသော တရားတော်ကို အရှင်ဘုရားတို့သာလျှင် အားထုတ်ရပါသလား၊ လူဝတ်ကြောင် ဒကာ ဒကာမများကော အားမထုတ်ရပါသလား"

ဟု မေးလျှောက်လေသည်။

"ဥပါသိကာမကြီး တရားတော်ကို ရှင်လူ မရွေး မည်သူမဆို အားထုတ်ရပါသည်"

ဟု ဖြေကြားတော်မူကြကုန်၏။

**စိတ္တာနုပဿနာ ၃—ပ-မ-ဘ-စ**

"အရှင်ဘုရား ထိုသို့ ဖြစ်လျှင် တပည့်တော်များကိုလည်း ဟောကြားသင်ပြပေးတော်မူကြပါဘုရား၊ တပည့်တော်များလည်း စွမ်းနိုင်သမျှ အားထုတ်လိုပါသည်"

ဟု လျှောက်ထားသည်ဖြစ်၍ ရဟန်းတော်များက မိမိတို့ ကိုယ်တိုင် အားထုတ်ကြသော ကာယဂတာသတိကမ္မဋ္ဌာန်း ဒွတ္တိံသာကာရ (၃၂) ပါးသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဟောပြောသင်ကြားပေးလိုက်ကြကုန်၏။

**အနာဂါမ်ဖြစ်ခြင်း။** ။မာတိကမာတာ ဥပါသိကာ ဒကာမကြီးသည် ရဟန်းတော်များ ဟောပြောသင်ပြပေးလိုက်သော(၃၂)ပါးသော ကောဋ္ဌာသ ကာယဂတာသတိကမ္မဋ္ဌာန်းကို ပွားများစေရာ ရဟန်းတော်များ၏ အလျင် ဦးစွာ မဂ်သုံးတန် ဖိုလ်သုံးတန်သို့ ရောက်၍ ပဋိသမ္ဘိဒါ ၄-ပါး လောကီအဘိညာဏ်နှင့်တကွ အနာဂါမ်အဖြစ်သို့ ရောက်ရှိသွားလေသည်။

**မျှတသောအာဟာရသတ္တိ။** ။မာတိကမာတာ ဥပါသိကာမကြီးသည် မိမိအနာဂါမ် အဖြစ်သို့ ရောက်ပြီးသည့်နောက် ရဟန်းတော်များကော ရဟန်းကိစ္စ ပြီးပါပြီလား ဟု အဘိညာဏ်ဖြင့် ဆင်ခြင်ရာ သောတာပန်အဖြစ်သို့ပင် မရောက်သေး၊ ပုထုဇဉ်အဖြစ် ဖြင့်သာ ရှိကြသေးသည်ကိုမြင်၍ အဘယ့်ကြောင့် အဘယ်

သပ္ပါယမဖြစ်၍ ရဟန်းကိစ္စမပြီးကြလေသနည်းဟု ဆက်လက် ဆင်ခြင်ကြည့်သောအခါ အာဟာရသပ္ပါယမဖြစ်ကြောင်းကို သိ၍ ကာလဒေသ အခြေအနေအလျောက် ရဟန်းတော်များ သပ္ပါယမျှတလောက်အောင် အထူးထူးသော ဆွမ်း ဆွမ်းဟင်း ခဲဖွယ် ဘောဇဉ်တို့ကို စီမံ၍ အလိုရှိရာ ယူဆောင်ဘုဉ်းပေးတော်မူကြရန် နေ့စဉ်ဆက်ကပ်လှူဒါန်းလေသည်၊ ရဟန်းတော်တို့သည် အာဟာရသပ္ပါယမျှတ၍ စိတ်သမာဓိဖြစ်ကြကာ မကြာမီ ရဟန်းကိစ္စ ကုန်တော်မူကြသည်။

ရဟန်းကိစ္စ ကုန်ပြီးကြ၍ သီတင်းဝါလကျွတ်သောအခါ မြတ်စွာဘုရားထံ ဖူးမျှော်ကန်တော့ရန် ကြွသွားကြသည်၊ မြတ်စွာဘုရားက ရဟန်းတို့ ကျန်းမာကြရဲ့လား၊ ဆွမ်းကွမ်းမျှတကြရဲ့လား” စသည် မေးမြန်းတော်မူသည်။ ကျန်းမာ မျှတကြပါကြောင်းနှင့် တကွ မာတိကမာတာဥပါသိကာမကြီး ကျေးဇူးများကြောင်း ဥပါသိကာမကြီးပြုစုစောင့်ရှောက်သဖြင့် ရဟန်းကိစ္စပြီးကြရကြောင်းကို လျှောက်ထားကြကုန်၏။

**ရဟန်းငယ်တပါးဖြစ်ပုံ။** ။ဥပါသိကာမကြီး အပြုအစုကောင်းကြောင်း ကျေးဇူးများကြောင်းတို့ကို လျှောက်ထားသည်ကို ရဟန်းငယ်တပါးက ကြားသိသဖြင့် မာတိကရွာသို့သွားရောက်နေလို

သော ဆန္ဒဖြစ်ပေါ်၍ မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်း လျှောက်တောင်းပြီးကာလ မာတိကရွာသို့ သွားရောက် တရားအားထုတ်မည့် အကြောင်း မြတ်စွာဘုရားအား လျှောက်ထားပြီးနောက် မာတိကရွာသို့ သွားလေသည်။

**ဒကာမကြီး စိတ်ကို စမ်းခြင်း။** ။မာတိကရွာ တောရ ကျောင်းသို့ ရောက် သောအခါ ထိုရဟန်းငယ်သည် ဤသို့အကြံဖြစ်၏။ ဒကာမ ကြီးသည် - သူတပါးစိတ်အကြံကို သိသည်ဟု ဆိုကြသည် "ငါခရီးပန်းသဖြင့် ကျောင်းကို မသုတ်သင် မရှင်းလင်းနိုင် သေးဘူး၊ ဒကာမကြီးက လူလွှတ်ကာ ရှင်းလင်းစေလျှင် ကောင်းမည်"ဟု အကြံဖြစ်၏၊ ဒကာမကြီးက သိ၍ လူစေ လွှတ် ရှင်းလင်းစေ၏၊ "အဖျော်ယမကာ ကပ်စေလျှင် ကောင်းမည်။" "နံနက်အာရုဏ် ယာဂုစသည် ကပ်စေလျှင် ကောင်းမည်၊" "ဒကာမကြီးကို မြင်လိုသည် ဒကာမကြီး ကိုယ်တိုင်လာလျှင် ကောင်းမည်"စသည်ဖြင့် ကြံစည်တိုင်း ဒကာမကြီးက သိပြီး အလိုရှိတိုင်း ဆောင်ရွက်ပေးနေပေ သည်၊ ထိုအခါ ရဟန်းငယ်သည် ထိတ်လန့်လာလေသည်၊ ငါကြံတိုင်း ဆန္ဒရှိတိုင်း ဒကာမကြီးက သိ သိပြီး ဆောင် ရွက်ပေးနေသည်၊ ငါကလဲ ပုထုဇဉ်ဆိုတော့ ကာမအာရုံ တွေ မတော်တဆကြံမိလျှင် ခိုးထုပ်ခိုးထည်နှင့်တကွ သူခိုး ကိုမိသကဲ့သို့ အရှက်တကွဲ ဖြစ်နေပေလိမ့်မည်၊ မဖြစ်ဖူးပြန်

ပြေးမှုပဲဟု ဆုံးဖြတ်၍ ဒကာမကြီးက တားမြစ်သော်လည်း မနေတော့ပဲ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့သည်။

ရဟန္တာဖြစ်ခြင်း။ ။မြတ်စွာဘုရားက "ရဟန်း အဘယ့်ကြောင့် ပြန်လာခဲ့သနည်း" ဟု မေးတော်မူလျှင်"ဒကာမကြီးက ကြံစည်တိုင်း တို့ကို သိသိနေ၍ မကောင်းသော အကြံအစည် ကြံစည်မိမည်ကို စိုးရိမ်၍ ပြန်လာခဲ့ပါကြောင်း လျှောက်ရာ၊ "ရဟန်း သင်သည် အခြားနေရာ၌ နေရန်မသင့်လျော်၊ မာတိကရွာသည်သာ သင်နှင့်သင့်လျော်သော ဌာနဖြစ်သည်၊ တောင်, မြောက်လေးပါးတို့ကိုမကြံစည်ပဲ၊နှိပ်ကွပ်နိုင်ခဲသောစိတ်ကိုသာ နှိပ်ကွပ်ဆုံးမ၍ ရဟန်းတရားကို အားထုတ်လေ"ဟု မြတ်စွာဘုရား နည်းပေးညွှန်ကြားတော်မူသည်ကို နာယူ၍ မာတိကရွာသို့ ပြန်သွားပြီး ကာလ မိမိစိတ်ကို နှိပ်ကွပ်၍ ဆုံးမကာ ရဟန်းတရားကို အားထုတ်သောအခါ မကြာမီ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူလေသည်။

သို့ကြောင့် နှိပ်ကွပ်ဆုံးမရန် ခက်ခဲသောစိတ်ကို ခက်ခဲပါသော်ကော ဟူ၍ အားမလျှော့ လျစ်လျူမရှုပဲ၊ နှောက်မတွန့်ပဲ၊ အပျော်အပါး ပွဲလမ်းသဘင် အလိုက်အစားများသော သားမိုက်ကို ဖျောင်းဖျဆုံးမ၍ ကောင်းမှု ကောင်းလုပ်ကိုပြုလုပ် ဆောင်ရွက်စေသောအားဖြင့် ကောင်းကျိုးကျေးဇူးကို ရရှိစေဘိသကဲ့သို့ ထို့အတူ စိတ်ရိုင်း စိတ်မိုက်

ကိုလည်းယဉ်ကျေးနူးညံ့စေအောင် ပြုပြင်ဆုံးမ၍အညာတရ ရဟန်းတော် နိဗ္ဗာန်ချမ်းသာကို ရရှိသည့် ထုံးကို နှလုံးမူ၍ ပွားများ အားထုတ်နိုင်ကြရာသည်။

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဒုန္နိဂ္ဂဟဿ၊နှိပ်ကွပ်နိုင်ခဲ့ခဲသော(ဝါ)ခက်ခဲစွာ နှိပ်ကွပ် အပ်သော။ လဟုနော၊ အဖြစ်အပျက်အားဖြင့် လျင်မြန်သော။ ယတ္ထကာမနိပါတိနော၊ ကောင်းဆိုးမရွေးတပ်မက် နှစ်သက်သော အာရုံတို့၌ ကျရောက်တတ်သော။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမနိုင်ခြင်းသည်။ သာဓု၊ကောင်း လှ၏။ ကသ္မာ၊ အဘယ့်ကြောင့်ဟူမူ။ ဒန္တံ၊ ယဉ်ကျေးပြီး သော။စိတ္တံ၊စိတ်သည်။ သုခါဝဟံ၊ နိဗ္ဗာန်တိုင်အောင်သော ချမ်းသာကို ဆောင်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမနိုင်ခြင်းသည်။ သာဓု၊ ကောင်း လှ၏။

ဣတိ၊ ဤသို့။ ဝုတ္တံ၊ မြတ်စွာဘုရား ဟောကြားတော် မူသတည်း။

အောင်မြင်ခြင်းလေးပါး

၁၊ စိတ်ဆိုးသောသူကို မိမိက စိတ်မဆိုးစေပဲ သည်းခံ စိတ်ဖြင့် အောင်နိုင်ရာ၏။

၂။ မကောင်းသောစိတ်ရှိသောသူကို မိမိက ကောင်းသော စိတ်ရှိသဖြင့် အောင်နိုင်ရာ၏။

၃။ စဉ်းလဲကောက်ကျစ်သောသူကို မိမိက ဖြူဖြောင့်သော စိတ်ထား၍ ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏။

၄။ မုသားပြောတတ်သောသူကို မိမိက မှန်ကန်သော စကားကို ပြောခြင်းဖြင့် အောင်နိုင်ရာ၏။

**၁။ စိတ်ဆိုးသူကိုနိုင်ရန်နည်း။** ။ဤ အောင် နိုင်ခြင်း လေးမျိုးတို့တွင် အကြောင်းအားလျော်စွာ ကြုံကြိုက်သော အခြင်းအရာ အခြေအနေ အရ သူတပါးက မိမိအပေါ်၌ ပြစ်မှားကာ စိတ်ဆိုးခဲ့စေကာမူ မိမိစိတ်ကို ထိန်းသိမ်း၍ စိတ်ဆိုး စိတ်ညစ်ကို မဖြစ်စေပဲ ထိုသူအပေါ်၌ မေတ္တာနှင့်ယှဉ်သော စိတ်ကို ဖြစ်စေလျှင် မိမိအပေါ်၌ ပြစ်မှားကာ စိတ်ဆိုးလာသော သူသည် ဆိုးသောစိတ် ပျောက်ကင်း၍ မိမိသို့ ညွတ်ကိုင်းလျက် အပြစ်အားလျော်စွာ သည်းခံရန် ဝန်ချတောင်းပန်ရသောအဖြစ်သို့ ရောက်သဖြင့် မိမိက အောင်နိုင်တတ်ပေသည်။

**၂။ စိတ်ယုတ်သူကိုအနိုင်ရနည်း။** ။စိတ်နေ စိတ်ထား မကောင်းသော စိတ် ရှိသောသူနှင့် ကြုံကြိုက်ရသောအခါ သူကဲ့သို့ပင် မိမိက

လည်း မကောင်းသော စိတ်ကို မွေးမြူ၍ မကောင်းစိတ် ချင်း တုပြိုင်ကာ၊ ကာယကမ် မကောင်းမှု၊ ဝစီကမ် မကောင်းမှု၊ မနောကမ် မကောင်းမှုတို့ကို ပြုလုပ်လျှင် မိမိသာလျှင် မကောင်းပြစ် မကောင်းကျိုးတို့ကို ခံစားရမည် ဖြစ်၍ ဆင်းရဲဒုက္ခ ရောက်ရပေမည်။ ဤသည်ကို သိရှိသဖြင့် အသိဉာဏ် အမြင်ရှိသော သူတော်ကောင်း ဖြစ်သောသူသည် မကောင်းစိတ်ကို သတိပညာဖြင့် ပယ်ရှား၍ စိတ်ကောင်း မွေးကာ သည်းခံ ပြုပြင်ပါမူ - မကောင်းကျိုးဖြစ်သော ကာယိကဒုက္ခ စေတသိကဒုက္ခ တို့မှ ကင်းလွတ်၍ ပစ္စုပ္ပန်သံသရာ နှစ်ဌာနတို့၌ပင် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို ရရှိသဖြင့် မကောင်းမှု မကောင်းကျိုးကို အောင်နိုင်ရပေမည်၊

စိတ်နေ စိတ်ထား မကောင်းသော တဖက်သောသူသည်လည်း အခြားသူတို့ အပေါ်၌ မကောင်းစိတ်ထားစေကာမူ မိမိအပေါ်၌မူကား စိတ်ထားကောင်းသူဖြစ်လာတတ်ပေသည်၊ ဤသို့လျှင် စိတ်ကောင်းထားနိုင်ခြင်း၊ စိတ်ကောင်းဖြစ်အောင် ထိန်းသိမ်း မွေးမြူနိုင်ခြင်းသည် အောင်နိုင်ကြောင်း ဖြစ်သည်ဟု ဆိုလိုသည်။

၃။ ကောက်ကျစ် စေးနဲသူကို အနိုင်ရနည်း။ ။ကောက်ကျစ်စဉ်းလဲသောစိတ် ခက်ထန်စွာ ဝန်တိုခြင်း မပေးမကမ်း မလှူ

ဒါန်းလိုခြင်း တွန့်တိုနှမြောခြင်း မစ္ဆေရနှင့် ယှဉ်သောစိတ် ရှိသော ကောသိယသဌေး ဣလ္လိသသဌေးတို့ကဲ့သို့သောသူ တို့ကိုလည်း မိမိက ရက်ရက်ရောရော နှမြောတွန့်တိုခြင်း မရှိပဲ ပေးကမ်းခြင်းဖြင့် အောင်နိုင်ရမည်ဆိုသည်။

နှမြော တွန့်တိုသောပုဂ္ဂိုလ်သည် အခြားသူတို့အပေါ်၌ မပေးလို မကမ်းလို တွန့်တိုသောမစ္ဆေရစိတ် ရှိစေကာမူ ပေးကမ်းလှူဒါန်းစွန့်ကြဲတတ်သော ပုဂ္ဂိုလ်အပေါ်၌မူကား ရက်ရော လွယ်ကူစွာ ပေးကမ်းခြင်း ဖိတ်ကြားခြင်းစသည် တို့ဖြင့် ညွတ်ကိုင်းလာတတ်ပေသည်၊ သို့ကြောင့် မစ္ဆေရ သဘောဖြင့် နှမြောတွန့်တိုတတ်သောသူကို မိမိက ပေး ကမ်း ဝေဖန်စွန့်ကြဲ လှူဒါန်းခြင်းဖြင့် အောင်နိုင်ရမည် ဆိုသည်။ မစ္ဆေရနှင့်ယှဉ်သောစိတ်ကို ဖယ်ရှား၍ မစ္ဆေရ ကင်းပြီး သန့်ရှင်း ဖြူစင်သောဒါနစေတနာနှင့် ယှဉ်သော စိတ်ဖြင့် အောင်နိုင်စေရမည်။

၄။ **လိမ်တတ်သူကိုအနိုင်ရနည်း။** ။လိမ်လည် လှည့်ဖြား မှုသားစကားကို ပြော တတ်သော သူကိုလည်း မိမိက မှန်ကန်ဖြောင့်ဝင်းသော စကားကို ပြောဆိုခြင်းဖြင့် မိမိသို့ ညွတ်အောင် ဆွဲဆောင် ကာ အောင်နိုင်စေရမည်ဟု ဆိုလိုသည်။ မုသားပြောဆို ကာ လိမ်လည် ကောက်ကျစ်သော သဘောဖြင့် ထိုသူ သည် အခြားသူတို့ အပေါ်၌ မကောင်းမှုကို ပြုလုပ်စေ

ကာမူ သီလသိက္ခာရှိ၍ သမာဓိနှင့် ပြည့်စုံသဖြင့် ရပ်ရွာက အကြည်ညို ခံရလောက်အောင် တိကျမှန်ကန်သော စကား ကိုသာလျှင် ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်ကိုမူကား မုသား ပြောတတ်သောသူသည် လေးစားရိုသေစွာ ညွတ်ကိုင်း၍ မှန်ကန်သော စကားကိုသာ ပြောဆိုပေမည်။ ဤသို့ဖြင့် မုသားပြောတတ်သောသူကို မိမိက မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်နိုင်စေရမည်ဟု ဟောတော် မူသည်။

ဥတ္တရာဝတ္ထု။ ။ရာဇဂြိုဟ်မြို့၌ ဥတ္တရာဥပါသိကာမသည် မြတ်စွာဘုရား အမှူးရှိသော သံဃာ တော်များကို ကိုယ်တိုင် ဆွမ်းပြုစုလုပ်ကျွေးလိုသည်ဖြစ်၍ သိရိမာ ပြည့်တန်ဆာမကို မိတ်ဆွေမ ဤငွေတို့ကို လက် ခံပါ၊ ကျွန်ုပ်သည် ၁၅-ရက်ပတ်လုံး မြတ်စွာဘုရား အမှူး ရှိသော သံဃာတော်များကို ဆွမ်း ဘောဇဉ်တို့ဖြင့် လှူဒါန်း ကျွေးမွေးလိုပါသည်၊ မိတ်ဆွေမက အဲသည် ၁၅-ရက်တို့၌ အရှင်သဒ္ဓေးသားကို မိမိကိုယ်စား ပြုစု လုပ်ကျွေးပါလေဟု ပြောကြားပြီးကာလ ဥတ္တရာဥပါသိ- ကာမသည် အခြွေအရံ အဖော်များနှင့်တကွ ကိုယ်တိုင် သံဃာတော်များ အတွက် ချက်ပြုတ် ကြော်လှော်ခြင်း စသည်တို့ကို ပြုလုပ်နေလေသည်။ သိရိမာသည် မိမိသည် အာဂန္တုက အခိုက်အကန့် သဒ္ဓေးသားကို ပြုစုလုပ်ကျွေး

ရသော သူ့အဖြစ်ကို သတိမပြုမိပဲ၊ အိမ်ပိုင်ရှင် သဌေး ကတော် အနေထင်မှတ်ကာ ဥတ္တရာဥပါသိကာမအပေါ်၌ ငြူစူ၍ ရန်ငြိုးဖွဲ့ကာ သင့်ကို ဒုက္ခဖြစ်စေမည်ဟု အာဃာတစိတ် ဒေါသစိတ်ဖြင့် ဥတ္တရာဥပါသိကာမတို့ ချက်ပြုတ်ဆောင်ရွက်နေကြသော မီးဖိုဆောင်သို့ ဆင်းသွားကာ ခွင်ပေါ်၌တည်ထားသော ထောပတ် ဆီပူအိုးကိုယူ၍ ဥတ္တရာဥပါသိကာမထံသို့ သွားစဉ် ဥတ္တရာ ဥပါသိကာမ၏ နှလုံးသွင်း ဆင်ခြင်ပုံမှာ ကောင်းမြတ်လှသဖြင့် အတုယူသင့်ကြပေသည်။

အဘယ်ကဲ့သို့ နှလုံးသွင်း ဆင်ခြင်သနည်းဟူမူ—

အော်–ငါ့မိတ်ဆွေမ သိရိမာသည် ကျေးဇူးများလှပါပေသည်၊ စကြဝဠာက ကျဉ်းလိုကျဉ်းမည်၊ ဗြဟ္မာပြည်က နိမ့်လို နိမ့်ဦးမည်၊ ငါ့မိတ်ဆွေမ သိရိမာ၏ ဂုဏ်ကျေးဇူးတို့ကသာလျှင် ကျယ်ပေမည်၊ ကြီးပေမည်၊ သိရိမာကြောင့်သာ ငါသည် ဒါနကိုပြုရပေသည်၊ သီလ,သီတင်း ဆောက်တည်ရသည်၊ တရားပေစာ ကြားနာရပေသည်။ ဤသိရိ-မာ အပေါ်၌ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ ဆင်ခြင်ပြီးလျှင် အကယ်၍ ဤသို့ သိရိမာ အပေါ်၌ ငါသည် ရန်ငြိုးထားခြင်း အာဃာတ ဒေါသရှိခဲ့လျှင် ဤထောပတ်ဆီပူသည် ငါ့အား ပူလောင်စေပါသတည်း၊ ရန်ငြိုးထားခြင်း အာဃာတ ဒေါသမရှိမူကား ထောပတ်ဆီပူသည် မပူပဲ

ငြိမ်းအေးပါစေသတည်း ဟု မေတ္တာနှင့်ယှဉ်သော စိတ်ကို ဖြစ်စေလိုက်ရာ မေတ္တာစိတ်ကို ပွားများဖြန့်နှံ့စေလိုက်ရာ သိရိမာ လောင်းလိုက်သော ထောပတ်ဆီပူသည် စမ်းရေ တမျှ အေးမြသော ရေကဲ့သို့ အပူငြိမ်း၍ အေးသော ထောပတ်ဆီဖြစ်လေတော့သည်။ တိုတို ကျဉ်းကျဉ်း ဆိုရ လျှင် ရန်သူဖြစ်သော သိရိမာသည် ဥတ္တရာဥပါသိကာမ ၏ လောကုတ္တရာ ဖခမည်းတော်ဖြစ်သော မြတ်စွာဘုရား ၏ ရွှေတော်၌ ဝန်ချတောင်းပန် ကန်တော့ရသော အဖြစ်သို့ ရောက်ရပေသည်။ စိတ်ဆိုး စိတ်ယုတ်ရှိသော သူကို စိတ်ကောင်း စိတ်မြတ်ရှိသောသူက အောင်နိုင်ခြင်း သာဓက တရပ် ဖြစ်ပေသည်။

## သူတော်ကောင်းစိတ် ရှိသူ၏ အောင်နိုင်ပုံတရပ်

ဝေပစိတ္တိဝတ္ထု။ ။ရှေးအခါက တာဝတိံသာနတ်တို့နှင့် အသုရာနတ်တို့သည် ရံခါ ကြေငြာပြီး စစ်တိုက်ကြကုန်၏။ စစ်ကြေငြာပြီးသည့်နောက် ဝေပစိတ္တိ အသုရာနတ်မင်းကြီးက မိမိ၏ အသုရာနတ်စစ်သည်တွေကို ဤသို့ မှာကြားသတဲ့၊ အဘယ်သို့ မှာကြားသနည်းဟူမူ မောင်မင်းတို့ တာဝတိံသာနတ်တွေနှင့် စစ်တိုက်ကြသော အခါ ငါတို့က နိုင်လျှင် သိကြားနတ်မင်းကြီးကို ကြိုးငါး ချက် ချည်ပြီးကာလ ငါ့ထံသို့ ခေါ် ယူခဲ့ကြလေဟု မှာထား သတဲ့။ တာဝတိံသာရှိ သိကြားနတ်မင်းကလဲပဲ တာ-

ဝတိံသာနတ်စစ်သည်တို့ကို အမောင်တို့ စစ်တိုက်၍ ငါတို့က နိုင်လျှင် ပေပစိတ္တိ အသုရာနတ်မင်းကြီးကို ကြိုးငါးချက်ချည်ပြီး ငါ့ထံသို့ ခေါ်ဆောင်ခဲ့ကြကုန်ဟု မှာကြားသတဲ့။

ယင်းသို့ မှာကြားကြပြီးနောက် စစ်တိုက်ကြသောအခါ ရံခါ တာဝတိံနတ်တို့က နိုင်ကြ၏။ ရံခါ အသုရာနတ်တို့ နိုင်ကြ၏။ ယခုအကြိမ်၌ကား တာဝတိံသာနတ်တို့က နိုင်ကြသည်ဖြစ်၍ ပေပစိတ္တိအသုရာနတ်မင်းကြီးကို ကြိုးငါးချက် ချည်၍ ဖမ်းယူခဲ့ကြပြီးလျှင် ချည်နှောင်ထားကြကုန်၏။

**စကားချပ်။** ။ကြိုးငါးချက် ချည်သည် ဆိုသော်လည်း ကြီးမားသော ကြိုးကြီးများဖြင့် ချည်သည်မဟုတ်၊ ပင့်ကူပိုးမျှင်ခန့်ရှိသော ချည်မျှင်ကလေးဖြင့် စတိသဘော စိတ်တန်ခိုးဖြင့် ချည်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ ငါးချက်ချည်သည်မှာကား-လက်နှစ်ဖက်, ခြေနှစ်ဖက်, လည်ပင်းတဖက်အားဖြင့် ငါးဌာန၌ ချည်ထားခြင်းဖြစ်သည်။ ဤသို့ ချည်ထားသည်ကိုပင် သဘာဝအားဖြင့် ဖြတ်တောက်ရုန်းထွက်ခြင်းငှာ စွမ်းနိုင်သောသတ္တိမရှိဟု ဆိုရပေမည်။

ဝေပစိတ္တိအသုရာနတ်မင်းကြီးသည် မိမိကို ချည်နှောင်ထားရလေမလားဟု ဒေါသထွက်ကာ စိတ်ဆိုးလျက် ရှိသဖြင့် သိကြားမင်း ဝင်တိုင်း ထွက်တိုင်း သိကြားမင်းကို မြင်တိုင်း သိကြားအို သိကြားယုတ် အစရှိသော ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ဆဲဆိုကြိမ်းမောင်းနေလေသည်။ သိကြားမင်းသည်ကား ဝေပစိတ္တိအသုရာကြီး ပြောဆိုကြိမ်းမောင်းနေသည်ကို ကြားလျက် သိလျက် မကြားသကဲ့သို့ မသိသကဲ့သို့ ဂရုမစိုက်မူ၍ တစုံတရာ ပြန်လှန် ပြောဆိုခြင်း မပြုပဲ သည်းခံသောစိတ်ဖြင့် သွားမြဲသွား ဝင်မြဲဝင် ထွက်မြဲထွက် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ဣန္ဒြေမပျက်နေလေသည်။

ဝေပစိတ္တိအသုရာကြီးက ကြိမ်ဖန်များစွာ ဆဲဆိုကြိမ်းမောင်းနေပါလျက် သိကြားမင်းက ဘာမှ ပြန်လည်ပြောဆိုခြင်း ချေပခြင်း မပြုသည်ကို မာတလိနတ်သားက မြင်သဖြင့် မာတလိနတ်သားက သိကြားမင်းကို ဤသို့ မေးမြန်းလေသည်။ အရှင်သိကြားမင်း ဝေပစိတ္တိ နတ်မင်းကြီးက အရှင်သိကြားမင်းကို ဆဲဆိုကြိမ်းမောင်နေသည်ကို မကြားပါသလားဟု မေးရာ။ မာတလိ ငါကြားပါသည်ဟု ပြန်ကြားလျှင် အရှင်သိကြားမင်း သို့ ကြားပါလျက် အရှင်သိကြားမင်းက ဝေပစိတ္တိ အသုရာကြီးကို ကြောက်သဖြင့် မိမိက အားနည်းသဖြင့် မနိုင်၍ စကားတုံ့ပြန် ပြောခြင်း

ကို မပြုခြင်းပါသလား အရှင်သိကြားမင်းဟု မေးမြန်းသောအခါ သိကြားမင်းက မာတလိနတ်အား ပြန်ပြောသည်မှာ မှတ်သားဖွယ် ကောင်းလှပေသည်။ သိကြားမင်းက အဘယ်ကဲ့သို့ ပြန်ပြောသနည်းဟူမူ–

အို....မာတလိ ဝေပစိတ္တိအသုရာကြီးသည် ငါတို့လက်တွင်းသို့ ရောက်နေသည် မဟုတ်ပါလား၊ ငါတို့ပြုသမျှကို ဝေပစိတ္တိ အသုရာကြီးသာ ခံရမည့် အခါဖြစ်သည်။ ပြောလိုရာ ပြောလဲ ခံရမည်၊ ရိုက်လိုရိုက် ညှဉ်းခဲလိုညှဉ်းဆဲ ခံရမည့်အခါဖြစ်သည်၊ ဝေပစိတ္တိက အားနည်း၍ ငါတို့က အားရှိသော အချိန်အခါဖြစ်သည်၊ ယင်းသို့လျှင် ငါတို့က နိုင်ပါလျက်၊ ငါတို့က အားရှိပါလျက် သည်းခံခြင်းမျိုးကို သူတော်ကောင်းများက မြတ်သောသည်းခံခြင်းဟု မိန့်တော်မူကြသည် မာတလိ၊ အားနည်းသောသူတို့မည်သည်ကား အမြဲ သည်းခံကြရသည်သာ ဖြစ်သည် မာတလိ–

ဟု သိကြားမင်းကသည်းခံစိတ်ထားပုံကို ပြောပြလေသည်။

ယော ဟဝေ ဗလဝါ သန္တော၊
ဒုဗ္ဗလဿ တိတိက္ခတိ၊
တမာဟု ပရမံ ခန္တိံ၊
နိစ္စံ ခမတိ ဒုဗ္ဗလော။

မာတလိ၊ မာတလိနတ်သား။ ယော၊ စိတ်ကောင်းရှိသော အကြင်သူသည်။ ဝေ၊ စင်စစ်။ ဗလဝါ သန္တော၊ မိမိက အားရှိပါလျက်၊ (ဝါ) အားကောင်းပါလျက်။ ဒုဗ္ဗလဿ၊ အားနည်းသော သူအား (ဝါ) အားငယ်သော သူအား။ တိတိက္ခတိ၊ မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် သည်းခံ၏။ တံ၊ ထိုသို့သောသူ၏ သည်းခံခြင်းကို။ ပရမံ ခန္တိံ၊ ကောင်းမြတ်သော သည်းခံခြင်းဟူ၍။ သန္တော၊ သူတော်ကောင်းတို့သည်။ အာဟု၊ မိန့်ဆိုကြကုန်လေပြီ၊ မာတလိ၊ မာတလိနတ်သား။ ဒုဗ္ဗလော၊ အားနည်းသော သူသည်၊ (ဝါ) အားငယ်သောသူသည်။ နိစ္စံ ခမတိ၊ အမြဲသည်းခံရပေသည်။

## သည်းခံခြင်းကြောင့် ဂုဏ်သိက္ခာမထိခိုက်ခြင်း မြတ်စွာဘုရား သည်းခံတော်မူပုံ

အက္ကောသဘာရဒွါဇ အမည်ရှိသော ပုဏ္ဏားသည် အထင်အမြင် လွဲမှားကာ ဒေါသထွက်လျက် ဘာရဒွါဇ အနွယ် အကိုကြီးဖြစ်သော ဗြာဟ္မဏသည် ရှင်ဂေါတမ ထံ၌ ရဟန်းပြုသတဲ့ဟု ကြားလျှင် မြတ်စွာဘုရားက သွေးဆောင်ခေါ်ငင်ပြီး ရဟန်းပြုစေသည် ဟု ထင်ကာ မြတ်စွာဘုရားထံသို့လာ၍ မလျောက်ပတ်သော ကြမ်းတမ်းရုန့်ရင်းသော စကားတို့ဖြင့် ကြိမ်းမောင်းကာ ရန်တွေ့လေသည်။

မြတ်စွာဘုရားသည် ပုဏ္ဏားရ်ဒေါသကို မေတ္တာ ကရုဏာတော်ဖြင့် သည်းခံတော်မူလျက် ဆိတ်ဆိတ်နေ တော်မူသည်၊ ပုဏ္ဏားက ပြောဆို ပြစ်တင် ရန်တွေ့ပြီး၍ စကားရပ်သောအခါ မြတ်စွာဘုရား မိန့်တော်မူသည်မှာ ပုဏ္ဏား–ငါဥပမာတခု ပြောမည်၊ နားထောင်လော့ သင်၏ အိမ်သို့ ဧည့်သည်ရောက်လာသဖြင့် သင်က ဧည့်သည်အား စားသောက်ဖွယ်ကို ဖြစ်စေ၊ တစုံတခုသော အရာဝတ္ထုကို ဖြစ်စေ လက်ဆောင်ပေးကမ်းသည်ဖြစ်အံ့၊ သင်ပေးသော လက်ဆောင်ပစ္စည်းကို ဧည့်သည်က ယူမသွားခဲ့လျှင် ထို ပစ္စည်းဝတ္ထုသည် ဘယ်သူ့ ပစ္စည်း ဖြစ်မည်နည်းဟု မေး တော်မူရာ ဧည့်သည်က ယူမသွားလျှင် မိမိပစ္စည်းပင် ဖြစ်ပါသည်ဟု လျှောက်၏။ ပုဏ္ဏား သည်ဥပမာ ကဲ့သို့ပင် ယခု သင်ပြောသမျှ စကားတို့ကို ငါတခုမျှ လက်မခံပေ၊ သင်ပြောသောစကားများသည် သင့်စကားများသာ ဖြစ် သည်၊ (သင့်အပြစ်သာ ဖြစ်သည်ဟု မိန့်ဆိုလိုရင်းဖြစ် သည်။) ဤသို့ မြတ်စွာဘုရားက မိန့်ကြားတော်မူသော အခါ ပုဏ္ဏားသည် သဘောပေါက်သဖြင့် တရားစကား ဆက်လက်ကြားနာပြီးကာလ မိမိကိုယ်ဘိုင် မြတ်စွာဘုရား ထံတော်၌ ရဟန်းအဖြစ် တောင်းပန်၍ မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းအဖြစ်သို့ ရောက်သွားလေသည်။

ဆိုးညစ်သော စိတ်ဖြင့် ရောက်လာသော ပုဏ္ဏားကို မေတ္တာ ကရုဏာတော်နှင့် ယှဉ်သော စိတ်ကောင်းဖြင့် သည်းခံတော်မူခြင်းကြောင့်သာလျှင် အောင်မြင်တော်မူခြင်း၊ နိုင်တော်မူခြင်းဖြစ်သည်။ အကယ်၍သာ ပုဏ္ဏားနှင့် တုဖက်၍ ပြန်လည်ကာ ငြင်းခုံပြောဆိုပါလျှင် မြတ်စွာဘုရား၏ ဂုဏ်သိက္ခာတော်ကို ထိခိုက်မည့်အပြင် ပုဏ္ဏားကလည်း အမှားကို ဝန်ခံ၍ မြတ်စွာဘုရား၏ တပည့်သာဝကအဖြစ်သို့ ရောက်မည်မဟုတ်ပေ။ ဤသို့သော ထုံးသာဓကတို့ကို မှတ်သားနည်းယူကာ မိမိတို့သန္တာန်၌ စိတ်ကောင်း စိတ်မြတ်ဖြစ်အောင် တည်အောင် စိတ်ကို လေ့လာပြုပြင်အပ်လှပေသည်။

တဿေဝ တေန ပါပိယော၊ယော ကုဒ္ဓံ ပဋိ ကုဇ္ဈတိ။
ကုဒ္ဓံ အပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ကုဒ္ဓံ၊ မိမိအပေါ်၌ စိတ်ဆိုးသော ပုဂ္ဂိုလ်ကို။ ပဋိကုဇ္ဈတိ၊ သည်းမခံပဲ တုပြိုင်ကာ ပြန်၍ စိတ်ဆိုးသည်ဖြစ်အံ့။ တဿေဝ၊ ပြန်၍ စိတ်ဆိုးသော ထိုသူသည်သာလျှင်။ တေန၊ ပထမစိတ်ဆိုးသော ပုဂ္ဂိုလ်ထက်။ ပါပိယော၊ ယုတ်မာသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ကုဒ္ဓံ၊ စိတ်ဆိုးသော ပုဂ္ဂိုလ်ကို။ အပဋိကုဇ္ဈန္တော၊ တုပြိုင်၍ စိတ်မဆိုးသော ပုဂ္ဂိုလ်သည်။ ဒုဇ္ဇယံ၊ အောင်မြင်

နိုင်ခဲသော။ သင်္ဂါမံ၊ ရန်တည်းဟူသော စစ်ကို။ ဇေတိ၊ အောင်နိုင်၏။

ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဥတွာ၊ ယော သတော ဥပသမ္မတိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သင်္ကုပိတံ၊ ထင်ရှားစွာ စိတ်ဆိုးလာသူကို။ ဥတွာ၊ သိ၍၊ ဝါ၊ သိသည်ရှိသော်။ သတော၊ သတိပညာဖြင့် ဆင်ခြင်၍။ ဥပသမ္မတိ၊ ငြိမ်းအေး ပပျောက်စေ၏။ အယံ၊ ဤသို့ ငြိမ်းအေးပပျောက်စေခြင်းသည်။ အတ္တနော စ၊ မိမိ၏လည်းကောင်း။ ပရဿ စ၊ စိတ်ဆိုးလာသော ပုဂ္ဂိုလ်၏လည်းကောင်း။ ဥဘိန္နံ၊ နှစ်ဦးသော ပုဂ္ဂိုလ်တို့၏။ အတ္ထံ၊ အကျိုးကျေးဇူးကို။ စရတိ၊ ပြုလုပ်သည် မည်၏။

စိတ်ကို ဆုံးမကာ သည်းခံကြ၍ နှစ်ဦးနှစ်ဝငြိမ်းအေး ချမ်းသာကြခြင်းကိုပင် ပညာမဲ့တို့က လူညံ့တွေ လူမိုက်တွေဟူ၍ ကဲ့ရဲ့ရှုတ်ချကုန်၏။

ဥဘိန္နံ တိကိစ္ဆန္တာနံ၊
အတ္တနော စ ပရဿ စ။
ဇနာ မညန္တိ ဗာလောတိ၊
ယေ ဓမ္မဿ အကောဝိဒါ၊

အတ္တနော စ၊ မိမိကိုလည်းကောင်း။ ပရဿ စ၊ သူတပါးကိုလည်းကောင်း။ တိကိစ္ဆန္တာနံ၊ သည်းခံ၍ ကျေအေး

ကြကုန်သော။ ဥဘိန္နံ၊ နှစ်ဦးသော ပုဂ္ဂိုလ်တို့ကို လည်း ကောင်း။ ဓမ္မသာ၊ သူတော်ကောင်းတရား၌။ အဘောဝိဒါ၊ အကြားအမြင် အလိမ္မာမရှိကြကုန်သော။ ဇနာ၊ လူတို့သည်။ ဝါ၊ လူတို့က။ ဗာလောတိ၊ လူမိုက်ဟူ၍။ မညန္တိ၊ မှတ်ယူကြကုန်၏။

## စိတ်ကို တားမြစ်သင့်ရာ၌ တားမြစ်၍ အားပေး၍ ချီးမြှောက်သင့်ရာ၌ ချီးမြှောက်ရခြင်း

သတ္တဝါတို့၏ သန္တာန်၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသမျှ စိတ်ကို တားမြစ်ပိတ်ပင်ရမည်၊ ထိန်းသိမ်းရမည်ဟု ဆိုသော်လည်း စိတ်တိုင်းကို တားမြစ်ပိတ်ပင်ရမည် မဟုတ်သည်ကိုလည်း သတိပြုရမည်။ အဘယ်သို့သော စိတ်ကို တားမြစ်ပိတ်ပင်၍ အဘယ်သို့သော စိတ်ကို အားပေး ချီးမြှောက်ရမည်နည်းဟူမူ—

အခါတပါး၌ နတ်သားတယောက်သည် မြတ်စွာဘုရားထံတော်၌ ဤသို့မိမိသဘောထင်မြင်ယူဆသည်ကို လျှောက်ထားဖူးသည်၊ အဘယ်သို့ လျှောက်ထားသနည်းဟူမူ—

မြတ်စွာဘုရား ကောင်းမှု ကောင်းလုပ်မှု ဖြစ်စေ၊ မကောင်းမှု မကောင်းလုပ်မှုဖြစ်စေ အကြင်သူသည် ခပ်သိမ်းသော ကောင်းသော မကောင်းသော အမှုတို့မှ စိတ်ကို တားမြစ် ပိတ်ပင်သင့်ပါသည်၊ ယင်းသို့ ခပ်သိမ်း

သော ကောင်း မကောင်းသော အမှုတို့မှ စိတ်ကို တားမြစ်ပိတ်ပင်ခြင်းကြောင့် ထိုသူသည် ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ ချမ်းသာခြင်းသို့ရောက်ရသည်–ဟု လျှောက်လေသည်။

ထိုအခါ မြတ်စွာဘုရားက ဟောကြား မိန့်မြွက်တော်မူသည်မှာ နတ်သား အလုံးစုံသော အမှုကိစ္စတိုင်းတို့မှ စိတ်ကို တားမြစ်ပိတ်ပင်ခြင်းကို မပြုလုပ်သင့်ဖူး၊ အခါကာလ အခြေအနေအား လျော်စွာသာလျှင် တားမြစ်ပိတ်ပင်သင့်ရာ၌ စိတ်ကိုတားမြစ် ပိတ်ပင်ရမည်။ မတားမြစ်ပဲ အားပေး ချီးမြှောက်သင့်ရာ၌ စိတ်ကို အားပေးချီးမြှောက်ရမည်။

နတ်သား မကောင်းမှု မကောင်းလုပ်တို့မှ စိတ်ကို တားမြစ်ပိတ်ပင်ရမည်။ ဒါန သီလ အစရှိသော ကောင်းမှုကောင်းလုပ်တို့၌ကား ထိုစိတ်ကို အားပေး ချီးမြှောက်ရမည် ဟု မိန့်ကြားတော်မူသည်။ သို့ကြောင့် စိတ်ကို နှိပ်ကွပ် တားမြစ်သင့်သော မကောင်းမှု အကုသိုလ်ဒုစရိုက်တို့မှ တားမြစ်ကာ ရှောင်ကြဉ်စေ၍ ကောင်းသော ဒါနသီလစသော အကျင့်တရားတို့ကို ပြုလုပ်ရာ၌မူကား မတားမြစ်မူ၍ အားပေး ချီးမြှောက်ရမည်ကို သတိရှိကြရာသည်။

အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော၊
ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။

အနဝဋ္ဌိတစိတ္တဿ၊ တည်ငြိမ်သော စိတ်မရှိသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတော၊နက်နက်နဲနဲ မသိသော။ ပရိပ္လဝပသာဒဿ၊ ကံ၏အကျိုး၌ လည်းကောင်း၊ ရတနာသုံးပါး ဂုဏ်၌လည်းကောင်း နည်းပါးသော ယုံကြည်ခြင်းရှိသော၊ ဝါ၊ ရေပေါ်လျှံယုံကြည်ခြင်းရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပညာ၊ ကာမာဝစရ-ရူပါဝ-စရ စသော ကုသိုလ်စိတ်နှင့် ယှဉ်သောပညာသည်။ န ပရိ-ပူရတိ။ မပြည့်စုံချေ။

ကောင်းမှုကုသိုလ်ဖြစ်ရေး၌ စိတ်၏ တည်ငြိမ်မှုသည် အရေးကြီးကြောင်း ပဓာနဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ကုသိုလ်နှင့်ယှဉ်သော အသိဉာဏ်ဖြစ်ရန်မှာလည်း စိတ်တည်ငြိမ်မှုသည် ပဓာနဖြစ်သည်။ စိတ်မတည်ငြိမ်မှု သူတော်ကောင်းတရားကို လေးလေးနက်နက် ထိုးထွင်း၍ မသိနိုင်ချေ။ ကုသိုလ်ကံ, အကုသိုလ်ကံရှိသည်ကို မယုံကြည်ခြင်း၊ ထိုကံတို့၏ အကျိုးသဘောတရားရှိသည်ကို မယုံကြည်ခြင်း၊ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်တို့၌ မယုံကြည်ခြင်း၊ ယုံကြည်သော်လည်း နှစ်နှစ်ကာကာ မယုံကြည်၊ ရေပေါ်လျှံမျှ ပေါ့ပေါ့ဆဆ

ယုံကြည်သောသူ၌ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် စသည် ဖြစ်ဖို့ရန် လွယ်ကူသည် မဟုတ်ပေ။

အကြောင်းမူကား မည်သည့်အလုပ်ကိုမဆို သည် အလုပ်ကို ပြုလုပ်လျှင် သည်အကျိုးကို ကေန်ငါရရှိလိမ့် မည်ဟု တထစ်ချ လေးလေးနက်နက် ယုံကြည်သောသူ သည် ထိုအလုပ်ကို ဇောက်ချ၍ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျား ရောက် ဆိုသလို၊ပြီးဆုံးအောင်မြင်သည့်တိုင်အောင် ပြုလုပ် ပေလိမ့်မည်။ ဟိုအလုပ်က ကောင်းနိုးနိုး၊ သည်အလုပ်က မှန်ကန်နိုးနိုး၊ ဘယ်အလုပ်က ကောင်းလေမလဲ၊သည်အလုပ် က ဟုတ်မှ ဟုတ်ပါမည်လား စိတ်၌ မဆုံးဖြတ်နိုင်ပဲ သံသယမကင်းပဲ အပေါ်ယံ ယုံကြည်ခြင်းဖြင့် ထိထိရောက် ရောက် ပေါက်မြောက်အောင် ဆောင်ရွက် ပြုလုပ်ခြင်း မရှိသောကြောင့် ရသင့်ရထိုက်သော အကျိုးကျေးဇူးတို့ကို မရရှိပဲ ဆုံးရှုံးဟတ်ပေသည်၊ သို့ကြောင့် အာရုံတခု၌ အလုပ်တခု၌ စိတ်ကို စိုက်ထားခြင်းဟု ဆိုအပ်သော စိတ်တည်မှုသည် ပဓာနကျ၍ အရေးကြီးသည်ဟု ဆိုရ သည်။

## စိတ္တဟတ္ထ၏ ဘဝသံဝေဂ

သာဝတ္ထိမြို့သား တယောက်သည် အခါတပါး သံဃာ များ သီတင်းသုံးရာ ကျောင်းသို့ ဆွမ်းစားပြီးချိန် ရောက် သဖြင့် သံဃာတော်များက သနားသဖြင့် ကြွင်းကျန်

နေသော ဆွမ်းဘောဇဉ်တို့ကို ကျွေးသည်၊ ထိုသူသည် စားသောက်ပြီးကာလ ငါသည် နေ့စဉ်အပင်ပန်းခံကာ ရှာဖွေလုပ်ကိုင်သော်လည်း ဤကဲ့သို့ ကောင်းမွန်သော အစားအသောက်မျိုးကို မစားရချေ၊ ဤရဟန်းတော်တို့ သည်ကား ငြိမ်းချမ်းစွာ နေကြရပြီး ကောင်းမွန်သော ဆွမ်းတို့ကို စားကြရပေသည်။ ရဟန်းဘောင်သို့ တက်ရောက်ရမှုကား ကောင်းရာ၏ဟု စဉ်းစား၍ ရဟန်းပြုပေးရန် သံဃာများအား တောင်းပန်လေသည်။ ရဟန်းသံဃာတော်ဘို့ကလည်း သနားသဖြင့် ရဟန်းပြုပေးတော်မူကြကုန်သည်။ ရက်အတန်ကြာကလေးနေမိလျှင် ရဟန်းဘဝ၌ နေရသည်မှာ မကောင်းလှပါဖူး မပျော်လှပါဖူးဟု- ပြောကာ လူထွက်၏။ လူထွက်၍ ရက်အတော်ကလေး နေမိလျှင်- ရဟန်းပြုတာပဲ ကောင်းပါသည်ဟု- တောင်းပန်ပြီး ရဟန်းပြုပြန်၏။ ဤသို့လျှင် ထွက်ချည် ဝင်ချည်အားဖြင့် ခြောက်ကြိမ်တိုင်တိုင် ရှိသွားလေပြီ။ ခုနစ်ကြိမ်မြောက် ရဟန်းပြုရန် အကြောင်းပေါ်လာသည်မှာ- မိမိအိမ်သူကိုယ်ပင် အသုဘကောင်အနေဖြင့်မြင်ကာ သံဝေဂဖြစ်ပြီးလျှင်- အနိစ္စံ, အနိစ္စံဟု ရွတ်ဆိုကာ ရဟန်းတော်များ ကျောင်းသို့ပြေးသွား၍ ရဟန်းပြုကာ တကယ်တရားသို့ အာရုံညွတ်သောစိတ် ထက်သန်သောစိတ်

ယုံကြည်မှုရှိသောစိတ်ဖြင့် ဇောက်ချ၍ ရဟန်းတရားကို အားထုတ်ရာ မကြာမီ အာသဝေါကင်းကွာ ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

ထိုမထေရ်ကို ယခင်က စိတ်မငြိမ် စိတ်ကစားလျက် လူ့ဘောင်ကောင်းနိုး ရဟန်းဘောင်ကောင်းနိုး စိတ်ပြေး လွှားနေသောကြောင့် စိတ္တဟတ္ထ-ဟု အမည်ပေး ခေါ်ဝေါ် ခဲ့ကြသည်ဖြစ်၍ စိတ္တဟတ္ထထေရ်ဟု တွင်လေသည်။ စိတ္တ-ဟတ္ထထေရ်သည် တည်ငြိမ်သော စိတ်မရှိစဉ် အခါက တရားထူးကို မရခဲ့ပေ၊ အဘယ်ကြောင့်နည်း တဖက်ဖက်၌ စိတ်ကို မြဲစွဲစွာ ရပ်တည်အောင် ထိန်းသိမ်းမှုကို မပြုနိုင်ပဲ ဟိုကောင်းနိုး သည်ကောင်းနိုးဖြင့် စမ်းတဝါးဝါး ပေါ့ပေါ့ လျော့လျော့ အပေါ်ယံမျှသော စိတ်ပျော့ စိတ်ညံ့ဖြင့် အားထုတ်ခြင်းကြောင့် ဖြစ်သည်။ ခုနစ်ကြိမ်မြောက် ရဟန်းအဖြစ်သို့ ရောက်သောအခါ၌မူကား လေးလေးနက် နက် နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် ဉာဏ်မျက်စိဖြင့် မြင် သောစိတ်ဖြင့် သံဝေဂ သက်ရောက်လာသည် ဖြစ်၍ စိတ်ကို သူတော်ကောင်းတရား၌ စူးစိုက်သွင်း၍ ဒိုးဒိုးချ အား ထုတ်လာသောကြောင့် မဂ်လေးတန် ဖိုလ်လေးတန်တို့ကို လျင်မြန်စွာရရှိ၍ လောက၌ အာသဝေါ ကုန်ခန်း၍ ဘဝ ဇာတ်သိမ်းပြီးကုန်သော ရဟန္တာ အရှင်တို့တွင် တပါး အဝင်အပါ ဖြစ်တော်မူလေသည်။

စိတ္တာနုပဿနာ ၅—ပ-မ-သ-စ

အရှင်စိတ္တဟတ္ထမထေရ်ကဲ့သို့ အိမ်နှင့်ကျောင်းကို ဟိုဟာကောင်းနိုး သည်ဟာကောင်းနိုး ဖြစ်တတ်သည်သာမဟုတ်သေး၊ ဘာသာရေး တရားတို့ကိုလည်း ဟိုဘာသာကောင်းနိုး သည်ဘာသာကောင်းနိုး ဟိုဝါဒမှန်နိုး သည်ဝါဒမှန်နိုးဖြင့် ဇဝေဇဝါသမားတွေ ရှိတတ်ကြသည်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါက ဂေါတမမြတ်စွာဘုရား၏ရှေးဦးစွာကပင် ဘုရားဟု မိမိကိုယ်ကို မိမိဝန်ခံ ပြောဆိုကြကာ ဘုရားပြုလုပ်နေသော သူတို့လည်းရှိကြသည်။ ဘုရားအဖြစ် ဝန်မခံသော်လည်း ဘာသာရေးအဟောအပြော ဆရာတွေအဖြစ်ဖြင့် နယ်တကာသို့ လှည့်လည်၍ ဟောပြောနေကြသူတွေလည်း ရှိကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် စင်စစ်အားဖြင့် အညံ့စားပုဂ္ဂိုလ်တွေကား မဟုတ်ကြကုန်၊ လောကီဘက်၌ တော်သလောက် တော်ကြသော ပုဂ္ဂိုလ်တွေ ဖြစ်ကြသည်။

အချို့သည် လောကီအဘိညာဏ်ရ၍ ကမ္ဘာလေးဆယ်အထိ အသိဉာဏ်ဖြင့် ကြည့်နိုင် မြင်နိုင်သော အရည်အချင်းရှိသည်ဟု သိရသည်။ သို့ရာတွင် မြတ်စွာဘုရား မြင်တော်မူသကဲ့သို့ လျင်မြန်စွာ မြင်ခြင်းမျိုးဖြင့် မမြင်ကြ၊ မြင်လိုသော ဘဝကို တိုက်ရိုက်ခုံကျော်၍ မြင်ခြင်းမျိုးဖြင့်လည်း မမြင်နိုင်ကြ၊ အသေးစိတ်အားဖြင့်လည်း မမြင်နိုင်ကြဟု သိရသည်။

နာဠ္ဍပုတ္တအစရှိသော အချို့သော တိတ္ထိဆရာကြီးတို့သည် (ဗုဒ္ဓဘာသာဝင်တွေ ထင်သလောက် မညံ့ကြပေ၊ သို့သော် လောကီ အဘိညာဏ်ကိုကား ရသည်ဟု မဆိုလိုပေ၊ မနေ့ာက်ထက် ကာယကံ အရေးကြီးကြောင်း ပြောသည်ကို ထောက်ဆခြင်းဖြင့် ဆင်ခြင်ရာသည်။) လောကီအားဖြင့် အကြားအမြင် ဗဟုသုတ ရှိကြသော်လည်း ၎င်းတို့၌ နိဗ္ဗာန်လမ်းကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒါ အလယ်အလတ် အကျင့်တရားထက် ကျော်လွန်ပြီးကာလ မှားယွင်းသော မိစ္ဆာအကျင့်ကို အမှန် ယူမှတ်၍ ပြုလုပ်နေကြသောကြောင့် လမ်းမှားနေသော ပုဂ္ဂိုလ်သည် သွားလိုရာ မြို့ရွာသို့ မရောက်ပဲ ဘေးအန္တရာယ် မကင်းသော တောင်ကြိုတောင်ကြား တောကြိုတောကြားသို့ ရောက်၍ သားရဲ ခြင်္သေ့တို့၏အစာဖြစ်သကဲ့သို့ တရားလမ်းမှားကြကာ ကာမဂုဏ်အာရုံတို့၌ ပျော်မွေ့သော လျော့လွန်းသော အကျင့်မျိုး အတ္တကိလမထ-ဟု ဆိုအပ်သော ကိုယ်ကို ညှဉ်းဆဲပင်ပန်းစေသော အကျင့်မျိုးတို့သည် မဇ္ဈိမပဋိပဒါသို့ မကျပဲ လျော့လွန်းသောအကျင့် တင်းလွန်း လွန်လွန်းသော အကျင့်တို့ဖြစ်၍ မဂ်ဖိုလ်သို့ မရောက်ပဲ အကျိုးမဲ့ဖြစ်ကြပေသည်။

ဤသို့ ဖြစ်ကြရခြင်းသည် သမ္မာဒိဋ္ဌိ အစရှိသော အရိယာမဂ္ဂင်မှလွဲ၍ မိစ္ဆာမဂ္ဂင် လမ်းသို့ လိုက်ပါမိကြခြင်းသာ

လျှင် အကြောင်းအရင်း ဖြစ်ပေသည်။ သို့ကြောင့် မိစ္ဆာမဂ္ဂင်တို့နှင့် မိမိတို့၏ စိတ်ကို မယှဉ်စေမူ၍ သမ္မာဒိဋ္ဌိ အစရှိသော အရိယာမဂ္ဂင်နှင့် ယှဉ်သော စိတ်ဖြောင့် စိတ်မှန်ဖြင့် ပွားများအားထုတ်ကြရာသည်။

မထိန်းသော စိတ် သူ့သဘောအတိုင်း လွှတ်ထားသော စိတ်သည် အလွန် ကြောက်ဖွယ်ကောင်းလှသည်၊ အနတ္ထအကျိုးစီးပွားမဲ့ကို ပြုတတ်သည်၊ သို့ကြောင့် စိတ်ကို သတိဖြင့် ကြပ်မတ်၍ အမြဲစောင့်ထိန်းသင့်ရာ၌ စောင့်ထိန်းရမည် ဖြစ်သည်။ ယင်းသို့ စောင့်ထိန်းရာ၌ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ-ဟု ညွှန်ပြတော်မူသည့်အတိုင်း ငါ့သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်သည် တရားကိုယ်အားဖြင့် လောဘဟုဆိုအပ်သော အာရုံကို တပ်မက်သော ရာဂနှင့်ယှဉ်သော စိတ်လား၊ သို့မဟုတ် ရာဂကင်းသော စိတ်လားဟု ဆင်ခြင်ရမည်၊ အကယ်၍ ရာဂနှင့်ယှဉ်သောစိတ် ရာဂမကင်းသော စိတ်ဟု ဉာဏ်မျက်စိဖြင့် မြင်လျှင် ထိုစိတ်ကို တားမြစ်ပယ်ရှားရပေမည်၊ ထိုစိတ်ကို မပယ်လျှင် မတားမြစ်လျှင် ထို စိတ်က အကျိုးမဲ့ကို ဖြစ်စေလိမ့်မည်၊ ဆင်းရဲစေလိမ့်မည်၊ ထိုစိတ်ကို ပယ်နိုင် တားမြစ်နိုင်လျှင် ကောင်းကျိုးချမ်းသာရပေလိမ့်မည်ဟု သိစေလို၍ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ-ဟူ၍လည်း

ကောင်း ရာဂကင်းသော စိတ်ဖြစ်လျှင်လည်း ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ-ဟု ဟောတော်မူသည်။

## သဋ္ဌေးသား သောရေယျ၏ အဖြစ်ဆန်း

မိမိသန္တာန်၌ ရာဂနှင့်ယှဉ်သော စိတ်ဖြစ်ပေါ်နေသည်ကို သတိမပြု မကြည့်ရှုပဲ ပယ်ခြင်း တားမြစ်ခြင်းကို မပြုမိသည်အတွက် သောရေယျသဋ္ဌေးသားသည်ရှုပကာယတော် တင့်တယ်သပ္ပါယ်သော အရှင်ကစ္စာယနထေရ်ကိုရာဂနှင့်ယှဉ်သော စိတ်ဖြင့် ပြစ်မှားသောကြောင့် ယောကျ်ားအဖြစ်မှ အံ့ဩဖွယ်ရာ မဖြစ်စဖူး ထူးဆန်းစွာ မိန်းမအဖြစ်သို့ ရောက်ရပေသည်။ တဘဝတည်း၌ပင် ရုတ်ခြည်း ယောကျ်ားစင်စစ်က မိန်းမအဖြစ်သို့ ရောက်နိုင်မည်လားဟု ယုံမှားသံသယမဖြစ်ရာ၊ ကမ္မဝိပါကော အစိန္တိယော၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးသည် အလွန်အံ့ဩဖွယ်ကောင်းလှသည်၊ မကြံစည်အပ်သော အကျိုးပေးခြင်းမျိုး ဖြစ်သည်။ (သို့ရာတွင် ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလဲဖြစ်ခြင်းသည် တခဏချင်း ဖြုံးကနဲမဖြစ်ပဲ တရက်ထက် တရက် ယောကျ်ားသဘောပျောက်ကွယ်၍ မိန်းမသဘော ပေါ်ပေါက်ကာ တစတစပြောင်းလဲခြင်းမူလည်း ဖြစ်နိုင်ပေသည်။ဤအဖြစ်မျိုးကား ယခုခေတ်၌လည်း ဖြစ်လျက် ရှိသည်ကို ရံခါ ကြားသိကြရသည်။)

အရှင်ကစ္စည်းထေရ်ကို သရာဂစိတ်ဖြင့် ပြစ်မှား၍ ယောကျ်ားအဖြစ် ပျောက်ကွယ်၍ မိန်းမအဖြစ်သို့ ရောက်ပြီး နောက်မှ သတိသံဝေဂ ပြန်လည်ဖြစ်ဆဲ၌ မိတ်ကောင်းဆွေကောင်း ဖြစ်သော ငယ်သူငယ်ချင်း အကြံပေးချက်အရ အရှင်ကစ္စာယနထေရ်ကို အိမ်သို့ ပင့်ဖိတ်၍ မိုက်မှားမိသည်ကို ထုတ်ဖော်လျှောက်ထား၍ ကန်တော့တောင်းပန်သောကြောင့် ယောကျ်ားဘဝသို့ ပြန်လည်ရောက်ရှိကာ မကောင်းစိတ်၏ အပြစ်ကိုလည်းမြင် သံဝေဂဉာဏ်လည်း ဝင်ကာ ရဟန်းအဖြစ်သို့ ရောက်၍ စိတ်ကောင်းမွေးမြူသဖြင့် ဝီတရာဂစိတ်ဖြင့် တရားကို အားထုတ်ရာ သရာဂစိတ်ကို အကြွင်းမဲ့ ပယ်သတ်နိုင်သောကြောင့် မြတ်စွာဘုရား၏ သားတော်အစစ် ရဟန္တာအဖြစ်သို့ ရောက်၍ အတုကင်းမဲ့သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်လေပြီ။ မဆုံးမ မတားမြစ်သော စိတ်သည် ဤမျှလောက် ဆိုးသွမ်း၍ ဆုံးမတားမြစ်အပ်သော စိတ်သည်လည်း ဤမျှပင် ကောင်းကျိုးချမ်းသာကို ပေးသည်ကို သတိပြုအပ်လှပေသည်။

သောရေယျသဋ္ဌေးသား၏ ဖြစ်ရပ်မှာ မိခင်ကလည်း ဖြစ်စေသည်မဟုတ်၊ ဖခင်ကလည်း ဖြစ်စေသည်မဟုတ်၊ ညီအကို မောင်နှမတို့ကလည်း ဖြစ်စေသည်မဟုတ်၊ မိတ်ဆွေတို့ကလည်း ဖြစ်စေသည်မဟုတ်၊ မထိန်းသိမ်း မတား

မြစ်ပဲ ပေါက်လွှတ်ပဲစား သူသဘောအတိုင်း နေစေဟု လွှတ်ထားသော သရာဂစိတ်ကပင် ဤဖြစ်ရပ်သို့ ရောက်စေသည်ကိုလည်း သတိပြုရာသည်။

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

အတ္တာ ဟိ အတ္တာ ဝေ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ အားထားမှီခိုရာတည်း။ ပရော၊ မိမိမှတပါးသော။ ကော၊ အဘယ်သူသည်။ အတ္တနော၊ မိမိ၏။ နာထော၊ မှီခိုရာဖြစ်အံ့နည်း။ ဟိ၊ မှန်၏။ သုဒန္တေန၊ ကောင်းစွာ ဆုံးမပြုပြင်အပ်သော။ အတ္တနာ၊ မိမိဖြင့်သာလျှင်။ ဒုလ္လဘံ၊ ရခဲသော။ နာထံ၊ မှီခိုအားထားရာကို။ လဘတိ၊ ရ၏။

(ဤ ဒေသနာတော်၌ အတ္တ–ဟူသည် စိတ်ကို ကောက်ယူမှ ဒေသနာတော်၏ အာဘော် ကျမည်။)

ဤသို့လျှင် ကောင်းစွာ ဆုံးမပြုပြင်အပ်သော စိတ်ဖြင့် ကောင်းမှု ကောင်းလုပ်ကို ပြုလုပ်သဖြင့် ရနိုင်ခဲသော

နိဗ္ဗာန်တည်းဟူသော မှိုခိုအားထားရာကိုရသည်ဟု ဟော
တော်မူလိုသည်။

## နာမ်ခန္ဓာတို့၏ အမှူးဖြစ်သောစိတ်

စိတ်တန်ခိုး ကြီးကြောင်း စိတ်သည် ခပ်သိမ်းသော
သင်္ခတ တရားဖြစ်သော လောကကို ဆွဲဆောင်တတ်သော
သဘောရှိကြောင်း ပြဆိုခဲ့ပြီ၊ စိတ်သည် ဤမျှသာ စွမ်း
ဆောင်နိုင်သည် မဟုတ်သေးချေ၊ စိတ်သည် မိမိနှင့်
ယှဉ်ဖော်ယှဉ်ဖက် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ဖြစ်သော
ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟု ဆိုအပ်သော
နာမ်ခန္ဓာ သုံးပါးတို့၏ ရှေ့သွား ခေါင်းဆောင်လည်း
ဖြစ်သည်၊ စိတ်နှင့်တကွသော နာမက္ခန္ဓာ လေးပါးတို့တွင်
စိတ်သည် ရှေ့သွားခေါင်းဆောင် ဖြစ်သည်ဟု ဆိုသည်။
ကာယကံမှုကို ပြုသည်ဖြစ်စေ၊ ဝစီကံမှုကို ပြုသည်ဖြစ်စေ၊
စိတ်က ပထမအာရုံပြုသော သဘောဖြင့်၊ ဝါ၊ စိတ်က ရှေး
ဦးစွာ ပြုလုပ်ပြီးမှ စိတ်ကပြုလုပ်စီစဉ်ပြီးသော အလုပ်ကို
သာ ကိုယ်ဖြင့် အကောင်အထည်ပေါ်အောင် ပြုလုပ်ရ
သည်၊ နှုတ်ဖြင့် အကောင်အထည်ပေါ်အောင် ပြုလုပ်ရ
သည်။

ပန်းချီဆရာတယောက်သည် တောကား တောင်ကား
တခုကို ရေးဆွဲသည်ဖြစ်အံ့၊ ပိတ်ကားပေါ်၌ ဆေးနှင့်

တကူ ဘောပံ တောင်ပံ မရေးမီ စိတ်ဖြင့် ပထမ အလျှင် ရေးပေသည်၊ စိတ်ဖြင့် မှန်းဆ၍ ရေးပြီးသည့်အတိုင်း လက်ဖြင့် ပိတ်ကားပေါ်၌ အကောင်အထည်ရေးကာ ဖော်လိုက်ခြင်းဖြစ်သည်။ ထိုပန်းချီဆရာနည်းတူ ပန်းပု ဆရာ စသည်တို့သည်လည်း စိတ်ဖြင့် ပထမ၊ ဝါ၊ အလျှင် ရုပ်လုံးကို ပြုလုပ်ပြီးမှ လက်ဖြင့် အကောင်အထည်ဖော် ရသည်။ နှုတ်ဖြင့် ပြောဆိုအံ့သော စကားတို့ကိုဖြစ်စေ၊ ဟောအံ့သော တရားတို့ကိုဖြစ်စေ ပြောဆိုမည့်သူ ဓမ္မ ကထိကသည် နှုတ်ဖြင့် မပြောဟောမီ၊ စိတ်ဖြင့် ပထမကြံစီ ၍ စိတ်ဖြင့် ဟောပြောခဲ့သည်ကို နောက်မှ နှုတ်က ထုတ် ဖော်၍ နားထောင်သူတို့ သိရှိအောင် ပြောဟောကြ ရသည်။ ဤသို့လျှင် စိတ်သည် အမှုကိစ္စဟူသမျှတို့၌ ရှေ့ သွားဖြစ်သည်။ ပြဆိုခဲ့ပြီးသည့်အတိုင်း ဝေဒနာသညာအစ ရှိသော နာမက္ခန္ဓာတို့ အချင်းချင်းတွင်လည်း စိတ်ကပင် ရှေ့သွား ရှေ့ဆောင်ဖြစ်ပေသည်။

**အမေး။** ။စေ‌ာဒနာရန်ရှိသည်မှာ-စိတ်နှင့် ဝေဒနာ သညာ အစရှိသော စေတသိက်တို့သည်—

၁။ ကေပ္ပါဒါ=တပြိုင်တည်း ဖြစ်ကြသည်။

၂။ ကေနိရောဓာ=တပြိုင်တည်း ချုပ်ကြသည်။

၃။ ကောလမ္ဗဏာ = အာရုံတခုတည်းကိုသာ အာရုံ ပြုကြသည်။

၄။ ကေဝတ္ထုကာ =မှီရာ ဝတ္ထုရုပ်တခုဌ်သာလျှင် အတူမှီကြသည်မဟုတ်ပါလော၊

ယင်းသို့လျှင် တပြိုင်တည်းဖြစ်ကြ၊ တပြိုင်တည်းချုပ်ကြ တူသောအာရုံရှိကြ တူသောမှီရာရှိကြလျက် အဘယ့်ကြောင့် စိတ်ကို ရှေ့ဆောင် ရှေ့သွားဟု ဆိုရပါသနည်းဟု စောဒနာရန် ရှိပေသည်။

**အဖြေ။** ။ဝေဒနာ သညာ သင်္ခါရတို့သည် စိတ်နှင့် ဖြစ်ချုပ် စသည်တို့ တူကြသည်ကား မှန်၏၊ ယင်းသို့ပင် တူညီကြသော်လည်း ဝေဒနာ သညာ အစရှိသောနာမ်တရားတို့သည် စိတ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ကြကုန်၏။ စိတ်မဖြစ်လျှင် ဝေဒနာ သညာ စသည်တို့ မဖြစ်၊ စိတ်ဖြစ်သော်မှသာ ဝေဒနာ သညာ စသည်တို့ ဖြစ်သောကြောင့် စိတ်သည် ဝေဒနာ သညာ အစရှိသော နာမ်တရားတို့၏၊ ဝါ၊ နာမက္ခန္ဓာတို့၏ ရှေ့သွား ရှေ့ဆောင် ခေါင်းဆောင်ဖြစ်သည်ဟု ပြောဆိုရသည်။

**ဥပမာ။** ။မြို့တမြို့၌ ဒါန သီလအစရှိသော ကောင်းမှုကို ပြုလုပ်နေသော သာသနာ့အသင်းအဖွဲ့တခု ရှိသည်ဖြစ်ရာ၏၊ထိုအသင်းသူ အသင်းသားတို့တွင် အဘယ်သူသည် ရှေ့ဆောင် ရှေ့သွား ခေါင်းဆောင်လူကြီး ဖြစ်သနည်းဟု မေးလျှင် အကြင်လူကြီးကို အမှီပြု၍ အသင်းသူ အသင်းသားတို့သည် ကောင်းမှု ဒါနစသည်တို့ကို ပြုလုပ်

ကြကုန်၏။ ထိုလူကြီးသည် အသင်းသူ အသင်းသားတို့၏ ရှေ့ဆောင်လူကြီး ဖြစ်လေသကဲ့သို့ မှတ်ရာသည်။ ရှေ့ဆောင် ရှေ့သွား ခေါင်းဆောင်လူကြီးနှင့် အတူတကွ တပြိုင်နက် ဒါန စသောကောင်းမှု ဝေယျာဝစ္စကောင်းမှုကို ပြုလုပ်နေကြသော်လည်း ထိုလူကြီး ဦးစီးနှိုးဆော်ကာ ဆောင်ရွက်သည့်အတိုင်း ပါဝင်ပြုလုပ်ကြသည်ဖြစ်သော ကြောင့် အတူတကွပင် ပြုလုပ်ဆောင်ရွက်ကြသူချင်း ဖြစ်သော်လည်း တိုက်တွန်းနှိုးဆော် အားပေး၍ ဦးစီး ဆောင်ရွက်သောသူကို ရှေ့ဆောင် ရှေ့သွားအဖြစ် အသိ အမှတ်ပြုကာ ခေါ်ဝေါ်သုံးစွဲသကဲ့သို့ ထို့အတူ ဝေဒနာ သညာ အစရှိသော နာမက္ခန္ဓာတို့နှင့် စိတ်သည် အတူ တကွ တပြိုင်တည်း ဖြစ်ချုပ်သော်လည်း ဝေဒနာ သညာ အစရှိသော နာမက္ခန္ဓာတို့သည် စိတ်လျှင် အကြောင်းရင်း ရှိကြသည်၊ စိတ်ဖြစ်မှသာ ဝေဒနာ စသည်တို့ ဖြစ်ကြသော ကြောင့် စိတ်ကို နာမ်တရားတို့၏ ရှေ့သွား ပုဗ္ဗင်္ဂမ ဟုဆို ရသည်။

ဆက်ဦးအံ့ .... စိတ်သည် ဝေဒနာ သညာ အစ ရှိသော နာမက္ခန္ဓာတို့၏ ရှေ့သွား ခေါင်းဆောင် မျှသာ မဟုတ် ချေသေး၊ ဝေဒနာ သညာ စသည်တို့ထက် ထူးမြတ်သော သဘောလည်း ရှိသည်၊ ဝေဒနာ သညာ အစရှိသော စေတသိက်တို့သည် စိတ်မဖြစ်ပဲ၊

စိတ်ဦးမဆောင်ပဲ သူတို့ချည်းသက်သက် မဖြစ်နိုင်ကြ၊ ဖြစ်နိုင်စွမ်း မရှိကြ၊ စိတ်ဖြစ်ပေါ်မှသာလျှင် ဖြစ်နိုင်ကြသည်၊စိတ်သည်ကား အချို့သော စေတသိက်တို့ မဖြစ်သော်လည်း မိမိသည် ဖြစ်နိုင်စွမ်းရှိသည်၊ စေတသိက်တို့နှင့် တကွဖြစ်သောအခါ စေတသိက်တို့၏ အကြီးအမှူး အဓိပတိ ဖြစ်သောကြောင့် စိတ်သည် ကြီးမြတ်သော သဘောလည်းရှိသည်။ သစ်သားအစရှိသော အဆောက်အဦတို့ဖြင့် ပြုလုပ်အပ်သော ပစ္စည်းဝတ္ထုကို သစ်သားရုပ်၊ သစ်သား သေတ္တာ စသည်ဖြင့် ခေါ်ရသကဲ့သို့ စိတ်အကြံအစည် ရှေ့သွားဖြင့် ပြုလုပ်အပ်သော ကောင်းမှုတို့ကိုလည်း စိတ်ဖြင့် ပြီးသော မနောမယာ ဟု ဆိုရသည်။ စိတ်သည် ဤမျှကြီးမားထူးကဲသော ရှေ့ဆောင် သဘောတရားဖြစ်သည်။

ဤအကြောင်းနှင့်စပ်၍ တိတ္ထိဆရာကြီးတို့၏အမြင်အသိသည် မြတ်စွာဘုရား၏ဉာဏ်တော်အမြင်နှင့် ကွာခြား၍ မှားယွင်းကြပုံမှာ....

## နာဋပုတ္တနိဂဏ္ဌတပဿီ ဥပါလိကျွတ်ခန်း

အိန္ဒိယနိုင်ငံ နာလန္ဒမြို့၌ နေသော နာဋပုတ္တနိဂဏ္ဌတိတ္ထိ ဆရာကြီးသည် ဘုရားတဆူ ဂုဏ်လုံးအဖြစ်ဖြင့် တပည့်ဒကာအပေါင်းခြံရံလျက် မိမိဝါဒကို ဟောပြောကာနေ၏။ လက်ရုံးတပည့်ကြီး ဒီဃတပဿီနှင့် လက်ရုံးဒကာ နာလန္ဒ

သဒွေး ဥပါလိတို့လည်း ရှိကုန်၏။ တနေ့သော အခါ သဒွေးဥပါလိစသော တပည့် ဒကာတို့နှင့် နာဂသေနပုဏ္ဏ ဆရာကြီးတို့ စကားပြောဆို နေကြစဉ် ဒီဃတပဿီ ရောက်လာ၏၊ ဒီဃတပဿီ ဘယ်ရောက်ခဲ့သလဲ ဟု နာဂသေနပုဏ္ဏက မေး၏။ ဆွမ်းခံအပြန် ဆွမ်းကိစ္စပြီး၍ ကြုံကြိုက်သဖြင့် ရှင်ဂေါတမထံ ဝင်ခဲ့ကြောင်းပြော၏။ ရှင်ဂေါတမနှင့် ဘာစကားများ ပြောခဲ့သလဲဟု မေး၏။ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ် အကြောင်း ဆွေးနွေးခဲ့ကြောင်း တပည့်တော်တို့ နာဂသေနပုဏ္ဏ ဆရာကြီးက ကာယဒဏ်,ဝစီဒဏ်, မနောဒဏ် ဟု ပညတ်သုံးစွဲကြောင်း။ ထိုဒဏ်သုံးမျိုးတို့တွင် ကာယဒဏ်သည် အပြစ်ကြီးကြောင်း အရောက်ကြောင်း ပြောဆိုခဲ့ပါသည်။ ရှင်ဂေါတမက ကာယကံ, ဝစီကံ, မနောကံ ဟု ပညတ် သုံးစွဲကြောင်း။ ထိုကံ သုံးမျိုးတို့တွင် မနောကံ အပြစ်ကြီးကြောင်း အရောက်ကြောင်း ပြောပါသည်ဟု ပြောသည်၊ ထိုအခါ နာဂသေနပုဏ္ဏဆရာကြီးက ဒီဃတပဿီ ပြောခဲ့သည်မှာ မှန်ပေတယ်၊ စိတ်ဖြင့် ဘာကို ပြုလုပ်နိုင်သလဲ၊ ကိုယ်ဖြင့် ပြုလုပ်မှသာလျှင် အလုပ်ဖြစ်သည် မဟုတ်ပါလား ဟု ပြောသောအခါ ဥပါလိသဒွေးကလည်း မှန်ပါသည်၊ စိတ်ဖြင့် အလုပ်လုပ်၍ ဘာမှ မပြီးနိုင်၊ ကိုယ်ဖြင့်ပြုလုပ်မှ သာလျှင် ပြီးစီးနိုင်ကြောင်း သည်အချက်ကို ရှင်ဂေါတမနှင့် ဝါဒပြိုင်ပြောရလျှင် ရှင်ဂေါတမ ရှုံးရမည်၊ တပည့်

တော်သွားပြီး ဝါဒပြိုင်ပြောမည်ဟု ဥပါလိက ဆို၏၊ နာဋ္ဌပုတ္တဆရာကြီးက ကောင်းပြီ သွားချေဟု အားပေး၏၊ ထိုအခါ ဒီဃတပဿီက ဆရာကြီး ဥပါလိကို မလွှတ်နှင့်၊ ရှင်ဂေါတမသည် အပြောအဟောကောင်းသည်၊ လှည့်စားဆွဲဆောင်တတ်သော မာယာရှိသည်၊ တိတ္ထိတို့၏ တပည့်ဒကာတွေကို လှည့်ဖျား ဆွဲဆောင်တတ်သည်ဟု ပြော၍ တားမြစ်၏။ နာဋ္ဌပုတ္တဆရာကြီးကမူ ရှင်ဂေါတမကသာ ဥပါလိရဲ့ တပည့်ဖြစ်မှာပါ၊ သွားသာ သွားပြီး ဝါဒပြိုင်ချေဟု ခွင့်ပြုလိုက်သည်ဖြစ်၍ ဥပါလိသည် မြတ်စွာဘုရားထံ ရောက်သွားလေသည်။

မြတ်စွာဘုရားထံ ရောက်၍ အာလာပ သလ္လာပ ပြောကြားပြီးနောက် ဥပါလိက အရှင်ဂေါတမ ကာယကံ, ဝစီကံ, မနောကံ သုံးမျိုးရှိရာ ဤကံသုံးမျိုးတို့တွင် မနောကံသည် အပြစ်ကြီးသည် အရာရောက်သည်ဟု ရှင်ဂေါတမက ပြောသည်မှာ မှန်ပါသလား၊ ဥပါလိ မနောကံသည် အပြစ်ကြီးသည် အရာရောက်သည်ဟု ငါပြောသည်မှာ မှန်ပေသည်ဟု မိန့်ကြားလေသည်၊ ယင်းသို့ မနောကံ အပြစ်ကြီးသည် အရာရောက်သည်ဟု မြတ်စွာဘုရား မိန့်ကြားသော စကားကို ခိုင်မြဲစေရန် ဥပါလိက သုံးကြိမ်ထပ်၍ မေးသည်၊ မြတ်စွာဘုရားကလည်း သုံးကြိမ်ပင် ထပ်၍ မိန့်ကြားသည်။

ထို့နောက် မြတ်စွာဘုရားက ဥပါလိကို ပြန်၍ မေးတော်မူသည် ဥပါလိ နာဋပုတ္တက ကာယဒဏ်,ဝစီဒဏ်, မနောဒဏ်-သုံးမျိုးတို့တွင် အဘယ်ဒဏ်သည် အပြစ်ကြီးသည် ခရီးရောက်သည်ဟု ပြောသနည်း၊ ကာယဒဏ်သည် အပြစ်ကြီးသည် ခရီးရောက်သည်ဟု ပြောပါသည်ဘုရားဟု လျှောက်သည်။ မြတ်စွာဘုရားကလည်း ဥပါလိ စကားမပြောင်းနိုင်စေရန် ခိုင်မြဲစေရန် သုံးကြိမ်ထပ်၍ မေးတော်မူသည်၊ ဥပါလိကလည်း ကာယဒဏ် အပြစ်ကြီးကြောင်း သုံးကြိမ်ပင် ဖြေကြားလျှောက်ထားသည်။

မြတ်စွာဘုရားက ဥပါလိ သင်သည် မှန်ကန်သောစကား၌ တည်၍ ဆွေးနွေးမည်ဆိုလျှင် ငါတို့ဆွေးနွေးမည်ဟု မိန့်ကြားသောအခါ ဥပါလိကလည်း မှန်ကန်သောစကား၌ တည်၍ ဆွေးနွေးပါမည်ဟု လျှောက်၏။

၁။ ဥပါလိ ငါပြောမည့် စကားကို သင် အဘယ်ကဲ့သို့ သဘောရသနည်း။ နိဂဏ္ဍတယောက်သည် အနာရောဂါ နှိပ်စက်နေသည်ဖြစ်ရာ၏၊ ပြင်းပြစွာ ဆင်းရဲဒုက္ခကို ခံစားနေရ၏။ နိဂဏ္ဍတို့မည်သည် ရေအေးကို ပယ်၍ ရေနွေးကိုသာလျှင် သောက်လေ့ရှိ၏၊ အနာရောဂါနှိပ်စက်နေသော ထိုနိဂဏ္ဍသည် ရေအေးကို မသောက်ရသောကြောင့် သေဆုံးရာ၏၊ သေဆုံးသော နိဂဏ္ဍသည်

အဘယ်ဘုံဌာနသို့ ရောက်သည်ဟု အသင်တို့၏ နာဋပုတ္တ ဆရာကြီးက ပညတ်ပါသနည်း။

အရှင်ဘုရား စိတ် စွဲလမ်းခြင်းကြောင့် ဖြစ်သော နတ်ပြည်သည် ရှိပါ၏၊ နိဂဏ္ဌာသည် ထိုနတ်ပြည်၌ ဖြစ်သည်ဟု နာဋပုတ္တဆရာကြီးက ပညတ်ပါသည်ဘုရား။ ဥပါလိ ယင်းသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်ပါနည်း။ အရှင်ဘုရား စိတ်စွဲလမ်းခြင်းကြောင့် ဖြစ်ပါသည်ဟု လျှောက်သောအခါ မြတ်စွာဘုရားက ဥပါလိ ဆင်ခြင်၍ ပြောလော့၊ သင့်စကားသည် ရှေ့စကား နောက်စကား မညီပဲ ဖြစ်လေပြီဟု မြတ်စွာဘုရားက သတိပေးတော်မူသည်။

၂။ ဥပါလိ ငါပြောမည့် စကားကို သင် အဘယ်ကဲ့သို့ သဘောရသနည်း။ နာဋပုတ္တနိဂဏ္ဌကြီးသည် စောင့် စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းနေ၏၊ အဘယ်လေး မျိုးတို့ဖြစ်သနည်းဟူမူ—

၁။ အလုံးစုံသော ရေအေးကို ပယ်၏။ (မသောက်)

၂။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် တားမြစ်အပ်သော မကောင်းမှု ရှိ၏။

၃။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ခါတွက်၏။

၄။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ပြန့်နှံ့၏။

ယင်းသို့ စောင့်စည်းခြင်း လေးမျိုးတို့ဖြင့် စောင့်စည်းသော နာဋပုတ္တနိဂဏ္ဌဆရာကြီးသည် ရှေ့သို့သွားသည် ရှိသော်လည်းကောင်း၊ နောက်သို့ ဆုတ်သည်ရှိသော်လည်းကောင်း များစွာသော သတ္တဝါငယ်တို့ကို နင်းမိသဖြင့် သေကျေပျက်စီးခြင်းသို့ ရောက်စေသည်၊ ဤသို့ သတ္တဝါငယ်တွေ သေကျေပျက်စီးခြင်းသို့ ရောက်ရာ၌ အကျိုးအပြစ်ကို နာဋပုတ္တနိဂဏ္ဌဆရာကြီးက အဘယ်သို့ ဆိုပါသနည်း။ အရှင်ဘုရား စေ့ဆော်ခြင်း စေတနာမရှိသောကြောင့် ကြီးသော အပြစ်ရှိသည်ဟု မပညတ်ပါဟု လျှောက်၏။

ဥပါလိ အကယ်၍ စေ့ဆော်ခြင်း စေတနာရှိခဲ့လျှင် အဘယ်သို့ဖြစ်သနည်း၊ အရှင်ဘုရား ကြီးလေးသော အပြစ်နှင့်သည်ဟု ပညတ်ပါသည်ဟု ဖြေကြားရာ ဥပါလိ နာဋပုတ္တနိဂဏ္ဌဆရာကြီးက စေတနာကို အဘယ်ဒဏ်ဟု ပညတ်သနည်း၊ မနောဒဏ်ဟု ပညတ်ပါသည်ဘုရား။ ဥပါလိ စဉ်းစားဆင်ခြင်၍ ပြောလေ၊ သင့်စကားသည် ရှေ့စကားနှင့် နောက်စကား မညီခဲ့ချေဟု မြတ်စွာဘုရားက မိန့်တော်မူသည်။

၁။ ဥပါလိ ငါ ပြောမည့် စကားကို သင် အဘယ်ကဲ့သို့ သဘောရသနည်း။ စည်ကားသော နာလန္ဒမြို့၌ ရှိသော လူတွေကို ယောကျ်ားတယောက်သည် ဓားသန်လျက်ကိုယူ၍ တခဏချင်းဖြင့် အသားတစ် အသားပုံဖြစ်အောင် ခုတ်မည် ကြိမ်းဝါးကာ တခဏချင်းဖြင့် အသားပုံ အသားစု ဖြစ်အောင် ခုတ်နိုင်ပါမည်လား။ အရှင်ဘုရား စည်ကားသော နာလန္ဒမြို့၌ ရှိသော လူတွေကို တခဏချင်းဖြင့် အသားစု အသားပုံဖြစ်အောင် ယောကျ်ားတယောက်မက ၁၀-ယောက်၊ ၁၀၀-ယောက် ခုတ်သော်လည်း တခဏချင်းဖြင့် အသားစု အသားပုံဖြစ်အောင် မခုတ်နိုင်ပါဘုရား။

ကောင်းပြီ ဥပါလိ စိတ်တန်ခိုးဣဒ္ဓိပါဒ်ရှိသော ရသေ့ဖြစ်စေ၊ ပြာဟ္မဏဖြစ်စေ စိတ်တန်ခိုးဖြင့် စည်ကားသော နာလန္ဒမြို့၌ရှိသော လူတွေကို ပြာကျအောင်ဒေါသန်မူကိုပြုလိုက်လျှင် နာလန္ဒမြို့ကြီးသည် တခဏချင်း အချိန်အတွင်း၌ ပြာကျမသွားပေဖူးလား၊ အရှင်ဘုရား နာလန္ဒမြို့မက မြို့ပေါင်းများစွာပင် တခဏချင်း၌ ပြာကျသွားနိုင်ပါသည်ဘုရား။ ဥပါလိ သင် သတိထား ပြောလေ၊ ယခင်က ကာယဒဏ်အပြစ်ကြီးသည် အရာရောက်သည်ဟု ပြောခဲ့သည်၊ ယခုကား မနောကံ အပြစ်ကြီးကြောင်း ပြောဆို

သည်။ သင်၏စကားသည် ရှေ့စကား နောက်စကား မညီ ဖြစ်ခဲ့လေပြီ–ဟု မိန့်တော်မူသည်။

၄။ ဥပါလိ ငါပြောမည့်စကားကို သင် အဘယ်ကဲ့သို့ မှတ်ထင်သနည်း။ ဒဏ္ဍကီတော, ကာလိင်္ဂတော, မဇ္ဈတော, မာတင်္ဂတော-သည် တောတွေ့ဖြစ်သွားသော အကြောင်း ကို သင်ကြားဖူးသလော၊ ကြားဖူးပါသည်ဘုရား။ အဘယ် ကဲ့သို့ ကြားဖူးသနည်း။ အဘယ်အကြောင်းကြောင့် သည်တောတွေသည် တောအဖြစ်သို့ ရောက်သွားသည်ဟု ကြားဖူးသနည်း။ ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် တောဖြစ်ကုန်သည် ဟု ကြားဖူးပါသည် ဟု လျှောက်၏။ ဥပါလိ သတိထား ပြောလေ၊ သင့်စကားသည် ရှေ့နောက် မညီဖြစ်လေပြီ။ဤသို့ မြတ်စွာဘုရား မိန့်တော်မူသောအခါ ဥပါလိက လျှောက်ထားသည်မှာ မြတ်စွာဘုရား မြတ်စွာ ဘုရားသည် ရှေးဦးစွာ ဥပမာစကား မိန့်ကြားတော်မူစဉ် ကပင် ဝမ်းမြောက်ခြင်းဖြစ်၍ မြတ်စွာဘုရားအား ကြည် ညိုခဲ့ပါသည်၊ ဆန်းကြယ်သော တရားတော်ကို ဆက်လက် ကြားလို၍သာ မကျေနပ်ယောင်ဖြင့် စောဒက တက်နေ ခြင်း ဖြစ်ပါသည်။ ယနေ့မှစ၍ ဘုရား တရား သံဃာတော် ကို ဆည်းကပ်သော ဘုရားရှင် တပည့်သာဝက ဥပါသကာ အဖြစ် မှတ်တော်မူပါဟု လျှောက်လေသည်။

(အကျဉ်းချုပ်အဲ့) မြတ်စွာဘုရားသည် တရားဆက်လက်ဟောတော်မူသည်တွင် ဉပါလိသဌေးသည် သောတာပတ္တိဖိုလ်သို့ဆိုက်ရောက်ကာ သောတာပန် အဖြစ်သို့ ရောက်လေတော့သည်။ (အကျယ်ကို ဆက်လက်သိလိုကြမူ မဇ္ဈိမပဏ္ဏာသပါဠိတော်၌ ကြည့်ကြကုန်။)

ဆိုလိုရင်းမှာ စိတ်သည် တန်ခိုးကြီးကြောင်း အရာရောက်ကြောင်း၊ စိတ်သာလျှင် ရှေ့သွားဖြစ်ကြောင်း ကာယကမ် ဝစီကမ်တို့သည် မနောကမ် နောက်လိုက်ဖြစ်ကြောင်းကို ထင်ရှားစေလို၍ ဤအကြောင်းကို ထုတ်ဆောင် ပြဆိုခြင်း ဖြစ်သည်။

ကာယကမ်,ဝစီကမ်,မနောကမ် ဤကမ် သုံးမျိုးတို့တွင် ကာယကမ်သာလျှင် အပြစ်ကြီးကြောင်း တန်ခိုးကြီးကြောင်း အရာရောက်ကြောင်း၊ မနောကမ်သည် အပြစ်မကြီးကြောင်း တန်ခိုးမကြီးကြောင်း အရာ မရောက်ကြောင်းကို ယူ၍ဟောပြောသော အခြင်းအရာကို ထောက်သဖြင့် မနောကမ်ဖြင့် ရောက်အပ်သော အဘိညာဏ်မျိုးကို နာဋပုတ္တ ဆရာကြီး မရသည်မှာ ထင်ရှားပေသည်။ (ဉပါလိသုတ်ကို စကားသိုရင်း အဓိပ္ပါယ်ကိုသာလျှင် ထုတ်ယူပြဆိုခြင်း ဖြစ်သည်ကို သတိပြုရန်ဖြစ်သည်။)

နောက်က ပြဆိုခဲ့ပြီးသော သတ္တိစွမ်းမရှိသော စိတ်၊ လျင်မြန်စွာ သွားတတ်သောစိတ်၊ မကောင်းမှု၌ မွေ့လျော်တတ်သောစိတ်၊ ဆောင်ယူတတ် ဆုံးမတတ်သောစိတ်၊ မပွားအပ်သောစိတ်၊ တုန်လှုပ်တတ်သောစိတ်၊ ထွေရာလေးပါး ကြံစည်တတ်သောစိတ်၊ နှိပ်ကွပ်နိုင်ခဲသောစိတ်၊ ကြမ်းသောစိတ်၊ မတည်ငြိမ်သောစိတ်၊ ရိုင်းသောစိတ်၊ ရှေ့သွားခေါင်းဆောင်ဖြစ်သောစိတ်၊ ဤသို့သဘောရှိသော စိတ်ကို စောင့်ကြပ်ကြည့်ရှုခြင်းမရှိပဲသူ့ သဘာဝအတိုင်း ပစ်ထားခဲ့လျှင် နောက်က ထုတ်ပြခဲ့သော အပြစ်မျိုးတွေ ရောက်သဖြင့် ပစ္စုပ္ပန်သံသရာ မကောင်းကျိုးတို့ ရရှိ၍ ဆင်းရဲကြမည်ကို လည်းကောင်း၊ ထိန်းသိမ်း စောင့်ရှောက်ကြည့်ရှုနိုင်သော စိတ်ကြောင့် သည်းခံနိုင်သောစိတ်ကြောင့် ချမ်းသာခွင့်ကို ရရှိကြသည်ကိုလည်းကောင်း သိမြင်တော်မူသော မြတ်စွာဘုရားသည် စိတ်ကို ထိန်းကျောင်းနည်းဖြစ်သော စိတ္တာနုပဿနာကို ဟောကြားတော်မူသည်။

## စိတ်ကို ရှုမှတ်နည်း

ကထဉ္စ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ-စသည်ဖြင့် စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ စိတ္တေ၊ စိတ်၌။စိတ္တာနုပဿီ၊စိတ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ (နေရသနည်း။)

ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ။

ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။သရာဂံ ဝါ စိတ္တံ၊ မိမိသန္တာန်၌ ရာဂနှင့် တကွဖြစ်သော စိတ်ဖြစ်သည်ကိုမူလည်း။ သရာဂံ စိတ္တန္တိ၊ ရာဂနှင့်တကွဖြစ်သော၊ ဝါ၊ ရာဂရှိသော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်၏။

ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ။

ဝီတရာဂံ ဝါ စိတ္တံ၊ ရာဂကင်းသော စိတ်ရှိသည်ကိုမူလည်း။ ဝီတရာဂံ စိတ္တန္တိ၊ ရာဂကင်းသော စိတ်ရှိသည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

စိတ္တာနုပဿနာဘာဝနာကို ပွားသည်ဟူသည် မိမိစိတ်ကို မပြတ်သိအောင် နှလုံးသွင်း ဆင်ခြင်နေခြင်းပင်ဖြစ်သည်။ မိမိစိတ်အစဉ်သည် ယခုအချိန်၌ အဘယ်စိတ်မျိုး ဖြစ်နေသလဲ၊ ကုသိုလ်စိတ်ပဲ ဖြစ်နေသလား၊သို့မဟုတ် အကုသိုလ်စိတ်ပဲ ဖြစ်နေသလား၊ အကုသိုလ်စိတ်ဖြစ်လျှင်လည်း လောဘစိတ် ဖြစ်နေသလား၊ ဒေါသစိတ်ဖြစ်

နေသလား၊ မောဟစိတ်ဖြစ်နေသလား၊ စသည်းအားဖြင့် ရာဂစိတ်ပဲ ဖြစ်နေသလား၊ ရာဂကင်းသောစိတ်ဖြစ်နေသလား၊ ရာဂစိတ်ဖြစ်လျှင်လည်း မိမိသန္တာန်၌ ရာဂစိတ်ဖြစ်နေသည်ဟု သိရအောင် ဆင်ခြင်ရမည်။ ရာဂကင်းသောစိတ် ဖြစ်လျှင်လည်း ရာဂကင်းသောစိတ် ဖြစ်နေသည်ဟု သိအောင် ဆင်ခြင်ရမည်။

အကယ်၍ မိမိသန္တာန်၌ ရာဂနှင့်ဘက်ဖြစ်သောစိတ်၊ ဝါ၊ ရာဂရှိသောစိတ်၊ ရာဂယှဉ်သောစိတ် ဖြစ်နေလျှင် ထိုရာဂနှင့်ယှဉ်သောစိတ်ကို ပယ်နိုင်ရမည်။ မပယ်နိုင်လျှင် ထိုရာဂစိတ်သည် မကောင်းကျိုးကို ဖြစ်စေလိမ့်မည်၊ ထို ရာဂစိတ်သည် အကုသိုလ်စိတ်ဖြစ်သည်၊ အကုသိုလ်စိတ် ၁၂-ခုတွင် လောဘမူစိတ်ဖြစ်သည်ကို သိရမည်။

အကယ်၍ မိမိသန္တာန်၌ ရာဂကင်းသောစိတ်ဖြစ်မူ မိမိသန္တာန်၌ ရာဂကင်းသောစိတ် ဖြစ်သည်ကိုလည်း ဆင်ခြင်၍ သိရမည်၊ ထိုရာဂကင်းသောစိတ်ကို ကုသိုလ်စိတ် အဗျာကတစိတ်ဟု ဆိုသည်၊ ကုသိုလ်စိတ်ကို အားပေးရမည်၊ ပွားများစေရမည်၊သို့ကြောင့် နတ်သားကို မြတ်စွာဘုရားက....ပယ်သင့်သော စိတ်ကို ပယ်ရမည်၊ ပွားသင့်သောစိတ်ကို ပွားရမည်ဟု ဟောတော်မူခဲ့သည်ကို နောက်က ပြဆိုခဲ့ပြီ၊ သို့ဖြစ်၍ အကုသိုလ် ရာဂစိတ်ကို ပယ်၍ ရာဂကင်းသော ကုသိုလ်စိတ်ကို ပွားရပေမည်။

သရာဂစိတ်ဟူသည် လောဘသဟဂုတ်စိတ် ၈-မျိုး ဖြစ်သည်။ လောဘမူစိတ် ၈-မျိုးကို ဆိုသည်၊ အသေးစိတ်ကို နောက်၌ ပြသင့်လျှင် ခွဲခြားပြဦးမည်။ ရာဂကင်းသော စိတ်ဟူသည် လောကီကုသိုလ်စိတ်နှင့် ဝိပါက်ကြိယာဟု ဆိုအပ်သော အဗျာကတစိတ်တို့ ဖြစ်သည်။

ရာဂနှင့်တကွဖြစ်သော စိတ်ကို လည်းကောင်း ရာဂကင်းသော စိတ်ကိုလည်းကောင်း ဟောတော် မူပြီး၍ ဒေါသနှင့်တကွဖြစ်သော စိတ်၊ ဝါ၊ ဒေါသမူ စိတ်ကို လည်းကောင်း ဒေါသကင်းသော စိတ်ကိုလည်းကောင်း ဆက်လက်ဟောတော်မူသည်မှာ —

သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊
ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ
ဟူသတည်း။

သဒေါသံ ဝါ စိတ္တံ၊ ဒေါသနှင့်တကွ ဖြစ်သောစိတ်၊ ဝါ၊ ဒေါသနှင့်ယှဉ်သောစိတ် ဖြစ်သည်ကိုမူလည်း။ သဒေါသံ စိတ္တန္တိ၊ ဒေါသနှင့်တကွဖြစ်သောစိတ်၊ ဝါ၊ ဒေါသနှင့် ယှဉ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

ဝီတဒေါသံ ဝါ စိတ္တံ၊ ဒေါသကင်းသော စိတ်ကိုလည်း။ ဝီတဒေါသံ စိတ္တန္တိ၊ ဒေါသကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

ဒေါသနှင့်တကွဖြစ်သော စိတ်ဟူသည် အကုသိုလ်စိတ် ၁၂-တို့တွင် ဒေါသမူစိတ်နှစ်ခုဖြစ်သည်။ ဒေါသကင်းသော စိတ်ဟူသည် လောကီ ကုသိုလ်စိတ်နှင့် ဝိပါက်ကြိယာ စိတ်ဟုဆိုအပ်သော အဗျာကတ စိတ်တို့ဖြစ်သည်။

မိမိသန္တာန်မှာ ဒေါသစိတ် ဖြစ်နေလျှင် ဒေါသစိတ် ဖြစ်နေကြောင်းကို သတိဖြင့် သိအောင် ဆင်ခြင်ရမည်။ သိလျှင် ယင်းဒေါသသည် မကောင်းကျိုးကို ပေးတတ်သော သဘောရှိသော အကုသိုလ်သာ ဖြစ်သည်ဖြစ်၍ ထိုဒေါသ စိတ်ကို ပယ်ရမည်ကို ရည်ရွယ်၍ ဟောတော်မူသည်။

ဒေါသကင်းသော စိတ်ဖြစ်နေလျှင်လည်း ယခုအချိန်၌ မိမိသန္တာန်မှာ ဒေါသအကုသိုလ်စိတ် ကင်းနေသည် ဟု သိ၍ ယင်း ကုသိုလ်စိတ်ကို ပွားများရမည်။

ဒေါသနှင့် တကွဖြစ်သော စိတ်ကိုလည်းကောင်း၊ ဒေါသကင်းသော စိတ်ကိုလည်းကောင်း ဆင်ခြင်နည်းကို ဟောတော်မူပြီးနောက် မောဟနှင့် တကွဖြစ်သော စိတ် ကိုလည်းကောင်း မောဟကင်းသော စိတ်ကိုလည်းကောင်း ဟောတော်မူသည်မှာ—

သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ-

ဟူသတည်း။

စိတ္တာနုပဿနာ ၇-ပ-မ-သ-စ

သမောဟံ ဝါ စိတ္တံ၊ မောဟနှင့် တကွဖြစ်သော စိတ်၊ ဝါ၊ မောဟနှင့်တကွ ယှဉ်သောစိတ် ဖြစ်သည်ကိုမူလည်း။ သမောဟံ စိတ္တန္တိ၊ မောဟနှင့်တကွ ဖြစ်သောစိတ်၊ မောဟနှင့်ယှဉ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်၏။ ဝီတမောဟံ ဝါ စိတ္တံ၊ မောဟ ကင်းသောစိတ်ကိုမူလည်း။ ဝီတမောဟံ စိတ္တန္တိ၊ မောဟကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

မောဟနှင့် တကွဖြစ်သော စိတ်ဟူသည် ဝိစိကိစ္ဆာသဟာဂုတ်စိတ်နှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်တို့ဖြစ်သည်။ အကုသိုလ်စိတ် ၁၂-ခုလုံးသည်လည်း မောဟနှင့် ယှဉ်သည်ဖြစ်၍ အကုသိုလ်စိတ် ၁၂-ခုလုံးကို မောဟနှင့် တကွဖြစ်သော စိတ်ဟုပင် ဆိုနိုင်သည်ဟု ပြလေသည်။ လောကီကုသိုလ်စိတ်နှင့် အဗျာကတစိတ်တို့သည် မောဟ ကင်းသောစိတ် ဖြစ်ကုန်၏။

စိတ်ကို အလစ်မပေးမူ၍ ယခုအချိန် မိမိသန္တာန်၌ မောဟစိတ်ဖြစ်နေလျှင်လည်း မောဟ စိတ်ဖြစ်နေသည်ကို သတိပြု၍ သိရမည်။ ယင်း မောဟစိတ်သည် မကောင်းသော အကုသိုလ်စိတ်ဖြစ်၍ နောက်ထပ် မဖြစ်ရအောင် ပယ်ရမည်။ အကယ်၍ မောဟကင်းသောစိတ် ဖြစ်လျှင်လည်း မောဟကင်းသော စိတ်ဖြစ်သည်ကို သိ၍ မောဟကင်းသော ကောင်းသော စိတ်ကို ပွားစေရမည်။

သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တံ
ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ။

သံခိတ္တံ ဝါ စိတ္တံ၊ တွန့်တိုဆုတ်နစ်သော စိတ်ဖြစ်သည်ကို မူလည်း။ သံခိတ္တံ စိတ္တန္တိ၊ တွန့်တိုဆုတ်နစ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။ ဝိက္ခိတ္တံ ဝါ စိတ္တံ၊ ပြန့်လွင့်သော စိတ်ဖြစ်သည်ကို မူလည်း။ ဝိက္ခိတ္တံ စိတ္တန္တိ၊ ပြန့်လွင့်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ’ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

ထိနမိဒ္ဓတို့နှင့် ယှဉ်သော စိတ်သည် တွန့်တိုဆုတ်နစ်သော သံခိတ္တ စိတ်ဖြစ်သည်။ ဥဒ္ဓစ္စနှင့် ယှဉ်သော စိတ်သည် ပြန့်လွင့်သော ဝိက္ခိတ္တ စိတ်ဖြစ်သည်။

မိမိသန္တာန်၌ ထိနမိဒ္ဓတို့နှင့် ယှဉ်၍ တွန့်တိုဆုတ်နစ်သော စိတ်ဖြစ်နေလျှင် ငါ့သန္တာန်၌ အလုပ်ကိစ္စတို့၌ ဆောင်ရွက်လိုသော တက်ကြွ ထက်မြက်သော သဘောနှင့် ဆန့်ကျင်ဘက် ထိုင်းမှိုင်းတွန့်တို ဆုတ်နစ်သော သံခိတ္တ စိတ်ဖြစ်နေသည်ကို သိလျှင် ထိုသံခိတ္တစိတ်ကို ပယ်ရမည်။ ပြာပုံပေါ် ခဲကျသကဲ့သို့ အာရုံတခု၌ မတည်မူ၍ ပြန့်လွင့်၍ နေသော ဝိက္ခိတ္တစိတ် ဖြစ်သည်ကို သိလျှင်လည်း ထိုဝိက္ခိတ္တ စိတ်ကို ပယ်ရမည်၊ ပြန့်လွင့်သော စိတ်ကို ထိန်းသိမ်း၍ ကောင်းသောတရား အာရုံတခုခု၌ ရပ်တည်အောင် အားထုတ်ရမည်ဆိုသည်။

## "ဒိဋ္ဌိအချုပ် သက္ကာယ"

ပြဆိုခဲ့ပြီးသော သရာဂစိတ် ရှစ်မျိုးတို့တွင်လည်း ဒိဋ္ဌိနှင့်ယှဉ်သော စိတ်ဖြစ်လျှင် ဒိဋ္ဌိနှင့်ယှဉ်သော စိတ်ဟု **သိရမည်၊ သိအောင် ဆင်**ခြင်သင့်သည်၊ ဒိဋ္ဌိကင်းသော စိတ်ဖြစ်လျှင်လည်း ဒိဋ္ဌိကင်းသော စိတ်ဟု သိရမည်၊ ဒိဋ္ဌိနှင့်ယှဉ်သော စိတ်သည် ပယ်အပ်သော စိတ်ဖြစ်သည်၊ ဒိဋ္ဌိကင်းသော စိတ်သည် ပွားအပ်သော စိတ်ဖြစ်သည်။ ဤအရာ၌ ဒိဋ္ဌိဟူသည် အဘယ်ဒိဋ္ဌိ ဖြစ်သည်ကိုလည်း သတိပြုသင့်သည်။ သက္ကာယဒိဋ္ဌိပ္ပမုခါနိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော် ကျမ်းလာ (နှာ-၁၆၀)၌ ရှိသောကြောင့်လည်းကောင်း

> ယသ္မာ ပန သက္ကာယဒိဋ္ဌိပ္ပမုခါယေဝ ဒွါသဋ္ဌိ-ယော ဟောန္တိ။ တသ္မာ သက္ကာယဒိဋ္ဌိပ္ပမုခေန ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနီတိ ဝုတ္တာ။

> သက္ကာယဒိဋ္ဌိပ္ပမုခေန သက္ကာယဒိဋ္ဌိ ဒွါရေန ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဟောန္တီတိ အတ္ထော။

ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (နှာ-၆၆)၌ လာရှိသောကြောင့် လည်းကောင်း ဤဒိဋ္ဌိအရာ၌ သက္ကာယ-ဒိဋ္ဌိကိုသာလျှင် ယူရမည်။ သက္ကာယဒိဋ္ဌိ ပြုတ်လျှင် ကြွင်းသော ဒိဋ္ဌိတို့ ဖြစ်ဖွယ် မရှိတော့ပြီ။ ၆၂-ပါးသော ဒိဋ္ဌိတို့

သည် သက္ကာယဒိဋ္ဌိရှိသူ၌သာ ထိုက်သည့်အလျောက် ဖြစ်သင့်သော ဒိဋ္ဌိတို့ဖြစ်ကြလေသည်။ အရင်းမူလဖြစ်သော သက္ကာယဒိဋ္ဌိကင်းလျှင် ပြုတ်လျှင် ကြွင်းသော ဒိဋ္ဌိများ ဖြစ်နိုင်တော့သည် မဟုတ်ချေ။

သို့ကြောင့်–

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

မိမိရင်ဝ၌ စူးဝင်သော လှံကို အရေးတကြီး အဆောတလျင် နုတ်ပယ်သူကဲ့သို့လည်းကောင်း၊ ဦးခေါင်းထက်၌ စွဲလောင်နေသော မီးကို အရေးတကြီး အဆောတလျင် ငြိမ်းသတ်သူကဲ့သို့လည်းကောင်း၊ သတိနှင့်ပြည့်စုံသော သာသနာတော်ထမ်း ရဟန်းတော်သည် သက္ကာယ-ဒိဋ္ဌိကို ပယ်သတ်ခြင်းငှာ အရေးတကြီး အားထုတ်ရာသည် ဟု ဟောတော်မူသည်။

ဒိဋ္ဌိနှင့်ယှဉ်သော စိတ်၌လည်း သောမနဿဝေဒနာနှင့် တကွ ဖြစ်သောစိတ်၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော စိတ်-ဟူ၍ ရှိသည်တွင် မိမိသန္တာန်၌ သောမနဿစိတ် ဖြစ်လျှင်လည်း သောမနဿစိတ်ဖြစ်သည်ဟု သိရမည်။ ဥပေက္ခာဝေဒနာစိတ်ဖြစ်လျှင်လည်း ဥပေက္ခာဝေဒနာစိတ် ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။

အသင်္ခါရိကစိတ် သသင်္ခါရိကစိတ်ဟူ၍ ရှိပြန်သည်။ အကယ်၍ အသင်္ခါရိကစိတ်ဖြစ်လျှင်လည်း အသင်္ခါရိက စိတ်ဖြစ်သည်ကို သိရမည်။ သသင်္ခါရိကစိတ်ဖြစ်လျှင်လည်း သသင်္ခါရိကစိတ်ဖြစ်သည်ကို သိရမည်။ ဒိဋ္ဌိနှင့်ယှဉ်သော စိတ်တွေဖြစ်၍ ဤစိတ်တို့သည်လည်း ပယ်အပ်သော စိတ်တို့သာလျှင် ဖြစ်ကုန်၏။ သက္ကာယဒိဋ္ဌိကို သောတာပတ္တိမဂ်ဖြင့်သာ ပယ်သတ်နိုင်သည်။

မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊
အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။

မဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ်စိတ် ဖြစ်သည်ကိုမူလည်း။ မဟဂ္ဂတံ စိတ္တန္တိ၊ မဟဂ္ဂုတ်စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။ အမဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ်မဟုတ်သော စိတ်ဖြစ်သည်ကိုမူလည်း။ အမဟဂ္ဂ-တံ စိတ္တန္တိ၊ မဟဂ္ဂုတ် မဟုတ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

မဟဂ္ဂုတ်စိတ်ဟူသည် ရူပါဝစရစိတ်၊ အရူပါဝစရစိတ်တို့ဖြစ်သည်။ မဟဂ္ဂုတ်မဟုတ်သော စိတ်ဟူသည် ကာမာ-ဝစရတို့ဖြစ်သည်။

သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ၊
အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။

သဥတ္တရံ ဝါ စိတ္တံ၊ မြတ်သော စိတ်နှင့်တကွဖြစ်သော စိတ်ဖြစ်သည်ကိုမူလည်း။ သဥတ္တရံ စိတ္တန္တိ၊ မြတ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။ အနုတ္တရံ ဝါ စိတ္တံ၊ မြတ်သော စိတ်နှင့်တကွ မဖြစ်သောစိတ်ဖြစ်သည်ကိုမူလည်း။ အနုတ္တရံ စိတ္တန္တိ၊ မြတ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

သဥတ္တရစိတ်ဟူသည် ကာမာဝစရစိတ်ဖြစ်သည်၊ ကာမာဝစရစိတ်သည် မိမိထက်မြတ်သော မဟဂ္ဂုတ်ရှိသောကြောင့် သဥတ္တရစိတ်ဟု ဆိုသည်။

အနုတ္တရစိတ်ဟူသည် မဟဂ္ဂုတ် ရူပါဝစရ အရူပါဝစရ စိတ်ဖြစ်သည်။ ရူပါရူပစိတ်တို့တွင်လည်း ရူပါဝစရစိတ်သည် သဥတ္တရစိတ်ဖြစ်ပြန်သည်၊ အကြောင်းကား မိမိထက်မြတ်သော အရူပါဝစရစိတ် ရှိသေးသောကြောင့်တည်း။ အရူပါဝစရစိတ်သည်ကား မိမိထက်မြတ်သော လောကီစိတ် မရှိသောကြောင့် အနုတ္တရစိတ် ဖြစ်သည်။ သမ္မသန အရာဖြစ်သောကြောင့် လောကုတ္တရာစိတ်တို့ကို မယူခြင်းဖြစ်သည်။

သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ၊ အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ။

သမာဟိတံ ဝါ စိတ္တံ၊ သမာဓိနှင့်ယှဉ်သော စိတ်ဖြစ်သည်ကိုမူလည်း။ သမာဟိတံ စိတ္တန္တိ၊ သမာဓိနှင့်ယှဉ်သော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။ အသမာဟိတံ ဝါ စိတ္တံ၊ သမာဓိနှင့် မယှဉ်သော စိတ်ဖြစ်သည်ကိုမူလည်း။ အသမာဟိတံ စိတ္တန္တိ၊ သမာဓိနှင့် မယှဉ်သောစိတ် ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၍၊ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

မိမိသန္တာန်၌ရှိသော ဥပစာရသမာဓိသော် လည်းကောင်း၊ အပ္ပနာသမာဓိသော် လည်းကောင်း တခုခုသော သမာဓိစိတ်ဖြစ်လျှင် ငါ့သန္တာန်၌ ဥပစာရသမာဓိဖြစ်သည်၊ သို့မဟုတ်၊ အပ္ပနာသမာဓိ ဖြစ်သည်ကို သိရမည်၊ သိအောင် ဆင်ခြင်ရမည်ဟုဆိုသည်။ သမာဓိကင်းသောစိတ် ဖြစ်လျှင်လည်း ငါ့သန္တာန်၌ သမာဓိကင်းသော စိတ်ဖြစ်သည်ဟု ဆင်ခြင်သိရှိရမည်။

ကာမာဝစရစိတ်တို့တွင် အကုသိုလ်ဖြစ်သော ကာမာဝစရစိတ် ရှုပုံ သိပုံကို ပြခဲ့ပြီ၊ ကာမာဝစရ မဟာကုသိုလ်စိတ်သည် ရှစ်မျိုးရှိသည်ဖြစ်၍ ထိုရှစ်မျိုးတို့တွင် မိမိသန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်သည် အဘယ်ကုသိုလ်စိတ်ဖြစ်နေသည်ကို သိအောင် ဆင်ခြင်အပ်ပေသည်။

၁။ အကယ်၍ မိမိသန္တာန်၌ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်ဖြစ်လျှင်လည်း ဉာဏသမ္ပယုတ် ကုသိုလ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။

၂။ ဉာဏဝိပ္ပယုတ်စိတ်ဖြစ်လျှင်လည်း ဉာဏဝိပ္ပယုတ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။

၃။ သောမနဿသဟဂုတ်စိတ် ဖြစ်လျှင်လည်း သောမနဿ သဟဂုတ်စိတ် ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။

၄။ ဥပေက္ခာသဟဂုတ်စိတ်ဖြစ်လျှင်လည်း ဥပေက္ခာ သဟဂုတ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။ တဖန်—

၁။ အသင်္ခါရိကစိတ် ဖြစ်လျှင်လည်း အသင်္ခါရိကစိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။

၂။ သသင်္ခါရိကစိတ်ဖြစ်လျှင်လည်း သသင်္ခါရိကစိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင် ဆင်ခြင်ရမည်။

မြတ်စွာဘုရား ညွှန်ပြတော်မူသော နည်းကို နယဂ္ဂါဟပြု၍ သဥတ္တရစိတ် အနုတ္တရစိတ်ဟူ၍လည်း ဤကာမာဝစရ မဟာကုသိုလ်စိတ်ကို ခွဲကာ ဆင်ခြင်မှုလည်း ဆင်ခြင်ရာသည်။ အဘယ်သို့ ဆင်ခြင်ရာသနည်း ဟူမူ—

ကာမာဝစရကုသိုလ်စိတ် ရှစ်မျိုးတို့တွင် ဉာဏဝိပ္ပယုတ်စိတ် ၄-မျိုးသည် မိမိထက် မြတ်သော ဉာဏသမ္ပယုတ်စိတ်ရှိသောကြောင့် သဥတ္တရစိတ်ဟူ၍လည်းကောင်း၊ ဉာဏသမ္ပယုတ်စိတ်၄-မျိုးသည် မိမိထက်မြတ်သောကာမာဝစရစိတ်မရှိသောကြောင့်အနုတ္တရစိတ်ဟူ၍လည်းကောင်း၊ ဝေဖန်ခွဲခြားနိုင်သည်။ ထို့ပြင် ဥပေက္ခာသဟဂုတ်စိတ်သည် မိမိထက်မြတ်သော စိတ်မရှိသောကြောင့် အနုတ္တရစိတ်ဟူ၍လည်းကောင်း ဝေဖန်ခွဲခြားနိုင်သည်။

ထိုနည်းတူ သသင်္ခါရိကစိတ်သည် မိမိထက်မြတ်သော အသင်္ခါရိက စိတ်ရှိသောကြောင့် သဥတ္တရစိတ် ဟူ၍လည်းကောင်း၊ အသင်္ခါရိကစိတ်သည် မိမိထက်မြတ်သော စိတ်မရှိသောကြောင့် အနုတ္တရစိတ်ဟူ၍ ခွဲခြားနိုင်သည်။

ကာမာဝစရကုသိုလ်စိတ်သည် လောကီကုသိုလ်တို့တွင် ကြီးကျယ်သော ကုသိုလ်ဖြစ်၍ မဟာကုသိုလ်ဟု အမည်တွင်ရှားသည်။ ဆရာကောင်းများထံမှ ကောင်းမှုကုသိုလ်ပြုနည်း နည်းနိဿယရ ရှိပြီးကာလ ကောင်းမှုကုသိုလ်ပြုလုပ်သော ကောင်းမှုရှင်တို့သည် ကြီးကျယ်သော ကောင်းကျိုး ချမ်းသာတို့ကို ရရှိတတ်ပေသည်။ အဘယ့်ကြောင့်နည်း ကုသိုလ်စိတ်သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်ဖြစ်သောကြောင့် မဟာကုသိုလ်စိတ် ရှစ်မျိုးတို့တွင် ထိပ်ဆုံးတန်း ကုသိုလ်

စိတ်ဖြစ်ရသည်၊ ထိပ်ဆုံးတန်း ကာမာဝစရကုသိုလ်စိတ်သည် အကျိုးပေးသောအခါ၌ ထိပ်ဆုံးတန်း အကျိုးပေးမည်ဖြစ်သောကြောင့် ဟု ဆိုရမည်။ ပုညံ၊ ကောင်းမှုကုသိုလ်စိတ်သည်။ သဒိသံ၊ တူညီသော။ ပါကံ၊ ကောင်းကျိုးကို။ ဇနေတိ၊ ဖြစ်စေ၏။ ကျမ်းဂန်လာ စကားလည်းရှိသည်။

သို့ဖြစ်၍ ဒါနကောင်းမှုကို ပြုလုပ်သည်ဖြစ်စေ၊ သီလကျင့်သုံး ဆောက်တည်ခြင်း ကောင်းမှုကို ပြုလုပ်သည်ဖြစ်စေ၊ သမထဘာဝနာ ဝိပဿနာဘာဝနာ အလုပ်ကိုအားထုတ် ပွားများသည်ဖြစ်စေ မိမိပြုလုပ်အံ့သော ကောင်းမှုကမ်ကိုလည်းကောင်း၊ယင်းကမ်၏အကျိုး ကျေးဇူးကိုလည်းကောင်း သိရှိယုံကြည်ခြင်း ရတနာသုံးပါးတို့၌ မှန်ကန်သော ယုံကြည်မှုရှိခြင်းတို့နှင့် ပြည့်စုံစေပြီးကာလ ဤယခု ငါတို့ ပြုလုပ်အားထုတ်သော ကောင်းမှုသည် နိဗ္ဗာန်တိုင်အောင် ချမ်းသာကို ကေန်မချွတ်ပေးပေမည်ဟု ယုံကြည်ကာ ထက်သန် တက်ကြွ ရွှင်လန်းသော ကုသိုလ်စိတ်ဖြင့် ကောင်းမှုတို့ကို အားထုတ်အပ်လှပေသည်။ ပြုသမျှ ဒါန သီလ ဘာဝနာတို့သည် အထက်တန်းကျ၍ မှန်ကန်သော ကောင်းမှုတွေ ဖြစ်စေရန်မှာ ဆရာကောင်း ဥပနိဿယ ရရှိဖို့ အရေးကြီးပေသည်။

မြတ်စွာဘုရား ဟောတော်မူသောနည်းကို မှီ၍ မိမိသန္တာန်၌ဖြစ်သော စိတ်တို့ကို ပွားကာ ပွားကာ ဆင်ခြင်မှုလည်း ဆင်ခြင်ရာသည်။ အဘယ်သို့ ဆင်ခြင်ရာနည်းဟူမူ– သရာဂစိတ်ဖြစ်ရာ၌ ရူပါရုံကို အာရုံပြု၍ဖြစ်သော သရာဂစိတ်၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံကို အာရုံပြု၍ဖြစ်သော သရာဂစိတ်၊ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ဖြစ်သော သရာဂစိတ်၊ ဓမ္မာရုံကို အာရုံပြု၍ ဖြစ်သော သရာဂစိတ်ဟူ၍ အစိတ် အစိတ် အာရုံအမျိုးမျိုးကို အကြောင်းပြု၍ ဖြစ်သော သရာဂစိတ်တို့ကိုလည်း ဆင်ခြင်အပ်သည်။

ရူပါရုံတခု ပေါ်ပေါက်လာလျှင်၊ ဝါ၊ ရှေးရှုဖြစ်ပေါ်လာလျှင် ထိုရူပါရုံကို လိုချင်တပ်မက် နှစ်သက်သော လောဘစိတ်ဖြစ်လျှင် ငါ့သန္တာန်၌ ရူပါရုံကို လိုချင်တပ်မက်နှစ်သက်သော သရာဂစိတ် ဖြစ်နေပါကလားဟု ဆင်ခြင်သိရှိရမည်၊ သိရှိပြီးကာလ ဤ သရာဂစိတ်သည် မကောင်းကျိုးကို ပေးတတ်သော အကုသိုလ်စိတ်၊ ဝါ၊ ပါပစိတ်ဖြစ်သည် ဟု ဆင်ခြင်ကာ ယင်း အကုသိုလ်စိတ်၊ ဝါ၊ ပါပစိတ်၊ သရာဂစိတ်ကို အတွင်းရန်သူ အဖြစ်ဖြင့် မြင်အောင်ကြည့်၍ ပယ်သတ်ရမည်။

ထို့အတူ သဒ္ဒါရုံပေါ်ပေါက်လာလျှင်၊ ဝါ၊ သဒ္ဒါရုံကို ကြားလျှင် ထိုသဒ္ဒါရုံကို သာယာ တပ်မက် နှစ်သက်သော လောဘစိတ်ဖြစ်လျှင် ငါ့သန္တာန်၌ သဒ္ဒါရုံကို သာယာ

တပ်မက် နှစ်သက်သော သရာဂစိတ် ဖြစ်သည်ကို သိရှိ၍ မကောင်းသော အကုသိုလ်ဖြစ်သော ထိုစိတ်ကို အတွင်းရန်သူအဖြစ်ဖြင့် မြင်အောင်ကြည့်၍ ပယ်သတ်ရမည်။

ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တို့တွင် တမျိုးမျိုးသော အာရုံပေါ်လာလျှင် အကယ်၍ ထိုအာရုံကို သာယာ တပ်မက် နှစ်သက်သောလောဘစိတ်၊ ဝါ၊ သရာဂစိတ် ဖြစ်ပေါ်ခဲ့သော် ထိုသရာဂစိတ်ကို မကောင်းသော အကုသိုလ်စိတ်ကို အတွင်းရန်အဖြစ်ဖြင့် မြင်အောင်ကြည့်၍ ပယ်သတ်ရမည်။

သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ-ဟု ဟောတော်မူသည်မှာ သရာဂစိတ်ကို သရာဂစိတ် ဟူ၍ သိရုံသာ သိရှိရန်မဟုတ်၊ ဤသရာဂစိတ်သည် မကောင်းကျိုးကို ပေးတတ်သော အကုသိုလ်စိတ်၊ ယုတ်ညံ့သောစိတ် အတွင်းရန်သူဖြစ်သော စိတ်-စသည်ဖြင့် အပြစ်ကိုရှု၍ ကြောက်ရွံ့စက်ဆုပ်ကာ ထိုစိတ်မှ ကင်းလွတ်အောင် အားထုတ်ရမည်၊ ပယ်သတ်ရမည် ဟု ဟောတော်မူလိုရင်း ဖြစ်သည်။

သဒေါသစိတ်ကိုလည်း သရာဂစိတ်ကဲ့သို့ပင် အာရုံ ၆-ပါးနှင့် ဝေဖန်၍ မိမိသန္တာန်၌ ယခုအခါ ရှုပါရုံကို အကြောင်းပြု၍ သဒေါသစိတ် ဖြစ်နေလျှင်လည်း သဒေါ-

သ ဖြစ်နေသည်ဟု သိရှိရမည်၊ သိရှိပြီးကာလ ထိုသဒ္ဒါ-
သစိတ်၏ အပြစ်ကို ရှု၍ပယ်သတ်ရမည်။

စေတီတော်, ဆင်းတု, ရုပ်ပွားတော်, သီလသမာဓိနှင့် ပြည့်စုံသော သံဃာတော်တည်းဟူသော ရူပါရုံ တမျိုးမျိုးကို တွေ့မြင်သောအခါ မိမိသန္တာန်၌ ဝီတရာဂစိတ် တဏှာလောဘကင်း၍ သဒ္ဓါ သတိ အစရှိသော ကောင်းသော စေတသိက်တို့နှင့် ယှဉ်သော ကုသိုလ်စိတ် ဖြစ်လျှင်လည်း ယင်းကုသိုလ်စိတ်ကို မိမိသန္တာန်၌ ဝီတရာဂစိတ် ဖြစ်သည်ကို သိရမည်။ သိပြီးကာလ ယင်းကုသိုလ်စိတ်မျိုးကို ဆင်ခြင်၍ ပွားများစေရမည်။

ပိဋကတ်စာပေ သင်ကြားပို့ချသော အသံ၊ ပရိတ် တရားတော်များကို ရွတ်ဆို ဟောကြားသောအသံ၊ ဘုရားရှိခိုးသံ၊ စေတီတော်ထီးမှ ဆွဲလဲသံ၊ ကြေးစည် ခေါင်းလောင်းသံတို့ကို ကြားသော အခါ မိမိသန္တာန်၌ ဝီတရာဂစိတ် တဏှာလောဘကင်း၍ သဒ္ဓါ သတိအစရှိသော ကောင်းသော စေတသိက်တို့နှင့် ယှဉ်သော ကုသိုလ်စိတ် ဖြစ်လျှင်လည်း ယင်းကုသိုလ်စိတ်ကို မိမိသန္တာန်၌ ဝီတရာဂစိတ် ဖြစ်သည်ကို သိရမည်၊ သိပြီးကာလ ယင်းကုသိုလ်စိတ်မျိုးကို ဆင်ခြင်၍ ပွားများစေရမည်။

ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗအာရုံတို့နှင့် တွေ့ကြုံသောအခါတို့၌လည်း ထိုအာရုံတို့ကိုအကြောင်းပြု၍ထိုအာရုံတည်းဟူသော

ပစ္စည်းတရားကြောင့် မိမိသန္တာန်၌ သရာဂစိတ် ဖြစ်လျှင်လည်း သရာဂစိတ်ဖြစ်သည်ကို သိရှိ၍ ထိုသရာဂစိတ်မျိုး ထပ်မံ မဖြစ်အောင် ပယ်ရမည်။ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးများကို ရည်ညွှန်းကာ အာရုံပြု၍ နှင်းဆီပန်းစပယ်စသော သင်းပြန့်မွှေးကြိုင်သော ရနံ့ရှိသော ပန်းတို့ကို မြတ်စွာဘုရားအား လှူဒါန်းပူဇော်သောအခါ ပန်းရနံ့တည်းဟူသော ဂန္ဓာရုံကို အာရုံပြု၍ ဝီတရာဂစိတ် ကုသိုလ်စိတ် ဖြစ်လျှင်လည်း မိမိသန္တာန်၌ ဝီတရာဂ ကုသိုလ်စိတ် ဖြစ်သည်ကို သိ၍ ယင်းစိတ်ကို ပွားများစေရမည်။

ထမင်း ခဲဖွယ် ဘောဇဉ် အဖျော်ယမကာတို့ကို စားသောက် သုံးဆောင်သောအခါ ထို အာဟာရတို့၌ တပ်မက်နှစ်သက်သော ရာဂစိတ်ဖြစ်လျှင် မိမိသန္တာန်၌ သရာဂစိတ် ဖြစ်သည်ကို သိ၍ ထိုစိတ်ကို ပယ်ရမည်။ သို့မဟုတ် ထိုထမင်း ခဲဖွယ် ဘောဇဉ်တို့ကို ခန္ဓာကိုယ် ခန့်ကျန်းမျှတရုံ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း သူတော်ကောင်းတရားကို ပွားများ အားထုတ်နိုင်ရုံ တဏှာရာဂကို ကင်းစေလျက် စားသောက်သုံးဆောင်သောအခါ မိမိသန္တာန်၌ ဝီတရာဂ စိတ်ဖြစ်သည်ကို သိရှိဆင်ခြင်၍ ထိုဝီတရာဂစိတ်ကို ပွားများစေရမည်။ ကျောင်း, အိမ်, အိပ်ယာ, နေရာ, ကော်ဇော, ကမ္ဗလာ, ကုတင်, ကုလားထိုင် အစရှိ

သော အသုံးအဆောင် ပရိဘောဂတို့ကို သုံးဆောင်သောအခါ အိစက် သိမ်မွေ့နူးညံ့သော ဖောဋ္ဌဗ္ဗာရုံအတွေ့အထိတို့ကို သာယာတပ်မက်နှစ်သက်သဖြင့် သရာဂစိတ်ဖြစ်လျှင် မိမိသန္တာန်၌ ထိုဖောဋ္ဌဗ္ဗာရုံ ဝတ္ထုပစ္စည်းတို့ကို အာရုံပြု၍ သရာဂစိတ်ဖြစ်သည်ကို သိ၍ ထိုသရာဂစိတ်ကို ပယ်ရမည်။ ထို ဖောဋ္ဌဗ္ဗာရုံတို့၌ သာယာ မက်မောမှုမရှိ အခိုက်အတန့်သာလျှင် ဌာရိယာပုထ် မျှတရုံမျှသာလျှင် ခန္ဓာခံ့ကျန်းရုံမျှသာလျှင် မှီဝဲသုံးဆောင်သဖြင့် ဝီတရာဂစိတ်ဖြစ်လျှင်လည်း မိမိသန္တာန်၌ ထို ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဝီတရာဂစိတ် ဖြစ်သည်ဟုသိ၍ ထို စိတ်ကို ပွားစေရမည်။

အာရုံငါးပါးတို့ကို အကြောင်းပြု၍ သရာဂစိတ်ကို မဖြစ်စေပဲ ဝီတရာဂစိတ်ကိုသာ ဖြစ်စေရန် သတိပြု၍ စိတ်ကို စောင့်ရှောက်ထိန်းသိမ်းရမည်၊ ဆင်ခြင်ရမည်။ ယင်းသို့ စိတ်ကို စောင့်ရှောက်ထိန်းသိမ်းဆင်ခြင်သဖြင့် အကုသိုလ်မပွားပဲ ကုသိုလ်တရားတို့သာ တိုးပွား၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်စေလိုတော်မူသဖြင့် မြတ်စွာဘုရားသည် စိတ္တာနုပဿနာကို ဟောတော်မူသည်။

## အသက်ကို အန္တရာယ်ပြုသော သရာဂ

စိတ်ကို မထိန်းသိမ်းလျှင် ကာမဂုဏ်တို့ကို အာရုံပြုမိ နှစ်သက်သာယာမိလျှင် ထို စိတ်က ဒုက္ခကို ပေးတတ်လေ

သည်၊ ရှေးက သီဟိုဠ်သီရိလက်ာကျွန်း၌ မိန်းကလေး တယောက်သည် မိမိနေသော အိမ်ရှေ့လမ်းပေါ်၌ ဖြတ်သန်းသွားသော သာမဏေတပါးကို တွေ့မြင်လိုက်ရာ ထိုသာမဏေတည်းဟူသော ရုပ်ါရုံ၌ သာယာ တပ်မက် နှစ်သက်သော သရာဂစိတ်ဖြစ်ပေါ်လာ၏၊ ယင်း သရာဂစိတ်ကို တရားတော်ဖြင့် ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ဖြစ်ကာ ထို သာမဏေကို မရက သေရမည့်အကြောင်း မိဘများကို ဖွင့်ဟ ပြောကြားပူဆာသဖြင့် မိဘတို့သည် အမျိုးမျိုး ချော့မော့ပြောဆို ဆုံးမသော်လည်း မရသောကြောင့် သမီးအသက်ကို ငဲ့ကွက်၍ သာမဏေထံ သွားရောက်ပြီး ကာလ အကျိုးအကြောင်းပြောကာ လူဝတ်လဲရန် တိုက်တွန်းကြရသည်၊ သာမဏေသည် မိန်းကလေးကိုလည်း တွေ့ဖူး မြင်ဖူးသည် မဟုတ်သည်က တကြောင်း၊ သာသနာတော်၌ ပျော်ပိုက်သည်က တကြောင်းကြောင့် လူမထွက်လိုကြောင်း ငြင်းပယ်သိုက်သည်။ သာမဏေက ငြင်းပယ်လိုက်သော်လည်း မိန်းကလေးသန္တာန်၌ ဖြစ်ဆဲဖြစ်သော သရာဂစိတ်သည် ပျောက်ပြယ်ခြင်းမရှိပဲ တိုးတက်ပြင်းထန်လာကာ ရာဂမီးလောင်၍ သေဆုံးရှာလေသည်။ ဆင်ခြင်၍ မနှိပ်လျှင် ဤမျှဆိုးသွမ်းတတ်သော ရာဂဖြစ်ပေသည်။

မိန်းကလေးသေဆုံး၍ သင်္ဂြိုဟ်ပြီးကာလ မိန်းကလေး ဝတ်ဆင်သော အထည်တို့ကို နေရာခင်းချုပ်၍ မိမိတို့၏

သမီးခင်မင်သော သာမဏေအား သွားရောက်လှူဒါန်းကြ၏။ သာမဏေသည် နေရာခင်းအထည်ကို ကြည့်၍ ဤကဲ့သို့ သိမ်မွေ့နူးညံ့ကောင်းမွန်သော အထည်အဝတ်တို့ကို ဝတ်ရုံသော မိန်းကလေးကို မရလိုက်ရလေခြင်းဟု ဒေါမနဿဖြစ်ကာ ဒေါသမီးလောင်၍ သာမဏေသေဆုံးပြန်သည်။ ဤမျှ ဒုက္ခပေးသော ကာမဂုဏ်များ ဖြစ်သည်။

ရုပ်ပါရုံသာ မဟုတ်သေး၊ သဒ္ဒါရုံသည်လည်း ဆိုးရွားသည်ပင် ဖြစ်သည်။ သီရိသင်္ဘော၌ပင် ပုထုဇဉ်အဖြစ်နှင့် အဘိညာဏ်ရ၍ ကောင်းကင်၌ သွားလာနိုင်သော သာမဏေတပါးသည် အခါတပါး၌ ကောင်းကင်၌ သွားနေရင်း ကြာအိုင်အတွင်း၌ ကြာပန်းခူးနေသော မိန်းကလေး၏ သီချင်းသံ၌ တပ်မက်သာယာသော တဏှာလောဘစိတ် သရာဂစိတ်ဖြစ်၍ ဈာန်ပျက်ကာ လူ့ဘဝသို့ ရောက်၍ မျက်စိတဖက်ပျက်သော မိန်းကလေး၏ ခင်ပွန်း ဖြစ်ခဲ့ရလေသည်။ သို့ကြောင့် အာရုံမှန်သမျှတို့၌ ရာဂစိတ် ဒေါသစိတ်တို့စသည်တို့ မဖြစ်ကြရအောင် ဖြစ်ပေါ်လာသောစိတ်ကို စိစစ်ဆင်ခြင်၍ သိအောင် ပြုကာ သရာဂစိတ်စသော မကောင်းသော အကုသိုလ်စိတ်ဖြစ်လျှင် တဖန် ထပ်၍ မဖြစ်စေရန် သတိမူသင့်လှပေသည်။

နောက်က ပြဆိုခဲ့ပြီးသော သံခိတ္တစိတ်ဆိုသည်မှာ ကောင်းမှုကောင်းလုပ်တို့၌ တွန့်တိုဆုတ်နစ်သော စိတ်ဖြစ်

သည်။ ဘုရားရှိခိုးရမည်ကို ပျင်းရိခြင်း, မထက်သန်ခြင်း, ဝီရိယပျော့ခြင်း, ထိုင်းမှိုင်းခြင်း, တွေဝေခြင်းတို့သည် သံခိတ္တစိတ်ပင် ဖြစ်သည်။ ပိဋကစာပေသင်ကြားခြင်း, သမထဝိပဿနာ ပွားများခြင်းတို့၌ ထက်သန်မှု မရှိခြင်း၊ ဝီရိယနည်းပါးခြင်း၊ ငိုက်မြည်းခြင်းတို့သည်လည်း သံခိတ္တစိတ်တို့ပင် ဖြစ်သည်။ ယင်းသို့သော သံခိတ္တစိတ်မျိုးဖြစ်လျှင် ထို စိတ်တို့ကို သိရှိဆင်ခြင်ကာ ပယ်၍ ထက်သန်အားရှိ ဝီရိယတင်းပြည့် ဖြစ်အောင် ပွားများအားထုတ်ရမည်။

ထို့အတူ ပြန့်လွင့်သော သဘောရှိသော ဝိက္ခိတ္တဖြစ်လျှင် ထိုထိုအာရုံတို့၌ မပြန့်မသွားစေမူ၍ အာရုံ၌ မဝေခွဲနိုင် ဟိုလို သည်လို မတည်မငြိမ်ဖြစ်နေသော ဝိက္ခိတ္တစိတ်ကို ဖမ်းယူထိန်းသိမ်း၍ မိမိထားလိုသော ကောင်းသော သမထ ဝိပဿနာအာရုံ တခုခု၌ ထားခြင်းဖြင့် တည်ငြိမ်သော စိတ်ကို ဖြစ်စေရမည်။

ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊
အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

ဝိမုတ္တံ ဝါ စိတ္တံ၊ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိသည်ကိုမူလည်း။ ဝိမုတ္တံ စိတ္တန္တိ၊ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိသည်ဟူ၍။ ပဇာနာတိ၊ သိ၏။ အဝိမုတ္တံ ဝါ စိတ္တံ၊ ကိလေသာတို့ မလွတ်မြောက်သောစိတ်

ရှိသည်ကိုမူလည်း။ အဝိမုတ္တံ စိတ္တန္တိ၊ ကိလေသာတို့မှ မလွတ်မြောက်သော စိတ်ရှိသည်ဟူ၍။ ပဇာနာတိ၊ သိ၏။

## စိတ်စင်ကြယ်မှု ဝိမုတ္တ

ဤအရာ၌ **ကိလေသာ**တို့မှ လွတ်မြောက်**သော** စိတ်ဟူသော ဝိမုတ္တသည်—

၁။ တဒင်္ဂ ဝိမုတ္တ။

၂။ ဝိက္ခမ္ဘန ဝိမုတ္တ၊

၃။ **သမုစ္ဆေ**ဒ ဝိမုတ္တ၊

၄။ ပဋိပဿဒ္ဓိ ဝိမုတ္တ၊

၅။ နိဿရဏ ဝိမုတ္တ—

အားဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း ၅-မျိုးရှိရာ ဤဝိမုတ္တအရာ၌ **တဒင်္ဂ**ဝိမုတ္တ, ဝိက္ခမ္ဘနဝိမုတ္တတို့သာ ဖြစ်သည်။ သမုစ္ဆေဒဝိမုတ္တ-စသော ဝိမုတ္တတို့၏အရာမဟုတ်ချေ။

ဤသို့လျှင် ´သရာဂစိတ် ဖြစ်လျှင်လည်း မိမိသန္တာန်၌ သရာစိတ်ဖြစ်သည်၊ ဝီတရာဂစိတ် ဖြစ်လျှင်လည်း ဝီတရာဂ စိတ်ဖြစ်သည်ဟု ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်ကို သိမ်းဆည်းဆင်ခြင်ရမည်။ ရံခါ မိမိ စိတ်ကို ဆင်ခြင်ရမည်၊ ရံခါ သူတပါးစိတ်ကို ဆင်ခြင်ရမည်။ သူတပါးစိတ်ကို ဆင်ခြင်

ရာ၌ ထိုသူ၏ မျက်နှာရိပ် မျက်နှာကဲကို မြင်သဖြင့် ထိုသူ သန္တာန်၌ ရာဂစိတ် ဖြစ်နေသည်ဟူ၍ လည်းကောင်း၊ သို့မဟုတ် ဝီတရာဂစိတ် ဖြစ်နေသည်ဟူ၍ လည်းကောင်း အကဲခတ်၍ မှန်းဆကာ သိရှိနိုင်သည်၊ထို့အတူ ဒေါသဖြစ်နေလျှင် ဒေါသစိတ် ဖြစ်နေသည်ဟူ၍ လည်းကောင်း၊ဝီတ-ဒေါသစိတ် ဒေါသကင်းသောစိတ် ဖြစ်နေလျှင်လည်း ဒေါသကင်းသောစိတ် ဖြစ်နေသည်ကို သိမ်းဆည်းဆင်ခြင်ရမည်။ ရံခါ မိမိစိတ်ကို ဆင်ခြင်သိရှိ၍ ရံခါ သူတပါးစိတ်ကို ဆင်ခြင်သိရှိရမည်။ သူတပါး၏ ဒေါသစိတ်ကို သိရှိရန်မှာလည်း ထိုသူ၏ မျက်နှာရိပ် မျက်နှာကဲကို မြင်သဖြင့် ထိုသူသန္တာန်၌ ဒေါသစိတ် ဖြစ်နေသည်ကို သိနိုင်သည်။

မိမိသန္တာန်၌ ဖြစ်သော စိတ်ကိုလည်းကောင်း၊ သူတပါး သန္တာန်၌ ဖြစ်သော စိတ်ကိုလည်းကောင်း ဤစိတ်တို့သည် ရာဂဖြစ်ဖွယ်အကြောင်း ပေါ်ပေါက်လာသည့်အခါ၌ သရာဂစိတ် ဖြစ်ကြသည်။ ရာဂဖြစ်ကြောင်း ချုပ်သောအခါ သရာဂစိတ်တို့သည် ချုပ်ငြိမ်းကြသည်။ ထို့အတူ ဒေါသဖြစ်ဖွယ်အကြောင်း ပေါ်ပေါက်လာသည့်အခါ၌ သဒေါသစိတ် ဖြစ်ကြသည်။ ဒေါသဖြစ်ကြောင်း ချုပ်သောအခါ သဒေါသစိတ်တို့သည် ချုပ်ငြိမ်းကြသည် စသည်ဖြင့် ဆင်ခြင်ပွားများကြရမည်။

ထိုစိတ်တို့၏ ဖြစ်ပေါ်ခြင်း သမုဒယသဘောကိုလည်း ဆင်ခြင်မည်။ ထိုစိတ်တို့၏ ပျက်ခြင်း ပျောက်ကွယ်ခြင်း ဝယသဘောကိုလည်း ဆင်ခြင်ရမည်။ 'အဖြစ်အပျက် သဘောကိုမူလည်း ဆင်ခြင်ရမည်။ အကြောင်းအား လျော်စွာ ဖြစ်ပေါ်ကြ၍ အကြောင်းချုပ်က ချုပ်ပျောက် ခြင်းသဘောရှိသော စိတ်သာလျှင် ဖြစ်ပေသည်ဟု ဆင် ခြင်ဖန်များလျှင် စိတ်၌ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာ လေသည်။ စိတ်၌ ငြီးငွေ့လာပေသည်၊ တပ်မက် နှစ်သက် သာယာသော သဘော ကင်းပါး လာလေသည်။ စိတ်၏ တည်မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်မှအစပြု၍ ကရဇကာယ ရုပ်စုကြီး၌ ငြီးငွေ့လာပေသည်။ ထိုအခါ စိတ်နှင့်တကွစိတ်၌ ယှဉ်ကြသောစေတသိက်တရားဖြစ်ကုန်သောဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၌ရင်း ရူပက္ခန္ဓာ၌ရင်း ခန္ဓာ ငါးပါးလုံး၌ တွယ်တာတပ်မက်နှစ်သက်သာယာခြင်း ကင်း ကာ ငြီးငွေ့ခြင်းဖြစ်သဖြင့် လောက၌ (ခန္ဓာလောက၌) တစုံတရာ စွဲလမ်းခြင်း ဥပါဒါန်တို့မှ ကင်းလွတ်လေတော့ သည်။ ဤသို့လျှင် ဥပါဒါန်တို့မှ ကင်းလွတ်သည့်တိုင် အောင် စိတ္တာနုပဿနာ ဘာဝနာကို ပွားများအပ်ပေ သည်။ ပွားများနိုင်ကြပါစေကုန်သတည်း။

သရာဂစိတ် ဝီတရာဂစိတ် အစရှိသည်ဖြင့် မိမိသန္တာန် ၌ ဖြစ်ပေါ်သော စိတ်တွေကို သိမ်းဆည်းသော သတိသည်

ဒုက္ခသစ္စာဖြစ်သည်။ ဒုက္ခသစ္စာဖြစ်ကြောင်း ဖြစ်သော ရှေးအဖို့က ဖြစ်သော တဏှာလောဘသည် သမုဒယသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာ သမုဒယသစ္စာတို့၏ ချုပ်ငြိမ်းခြင်း သည် နိရောဓသစ္စာဖြစ်သည်။ ဒုက္ခသစ္စာကို ဒုက္ခသစ္စာ အဖြစ်ဖြင့် သိရှိခြင်း၊ ယင်း ဒုက္ခသစ္စာ၏ အကြောင်းဖြစ် ဖြစ်သော သမုဒယသစ္စာကို ပယ်ခြင်း။ ဒုက္ခသမုဒယတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ္ဂင်ရှစ်ပါး သည် မဂ္ဂသစ္စာဖြစ်သည်။ ဤသို့လျှင် စိတ္တာနုပဿနာ ဘာဝနာကို ပွားများသော ယောဂီသည် စိတ္တာနုပဿနာ ဘာဝနာကို ပွားများ ဆင်ခြင်ဖန်များသောအခါ သစ္စာ လေးပါးတို့ကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်၍ သန္ဒိဋ္ဌိကဂုဏ်၊ အကာလိကဂုဏ်တို့နှင့် ပြည့်စုံသော အရိယာအဖြစ်သို့ ရောက်နိုင်ကြပေသည်။ ရောက်သည် တိုင်အောင်လည်း အားထုတ်နိုင်ကြ ပါစေကုန်သတည်း။

ယခုပြဆိုခဲ့သော စိတ္တာနုပဿနာ သတိပဋ္ဌာန်တရား တော်သည် ညစ်နွမ်းကုန်သော ရာဂအစရှိသော ကိလေ သာတို့မှလည်းကောင်း၊ အဘိဇ္ဈာ ဗျာပါဒ အစရှိသော ကိလေသာ အညစ်အကြေးတို့မှ လည်းကောင်း သတ္တဝါ တို့၏ သန္တာန်၌ သန့်ရှင်းစင်ကြယ် စေခြင်းငှာ မြတ်စွာ ဘုရား ဟောတော်မူခြင်း ဖြစ်သည်။ ရှေးရှေးအခါကာလ က ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တို့သည်လည်း

ကောင်း ပစ္စေကဗုဒ္ဓါ တို့သည်လည်းကောင်း အရေအတွက် အားဖြင့် ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် မြားမြောင် လှစွာကုန်သော အရိယာသာဝကတို့သည် လည်းကောင်း အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ဤစိတ္တာနုပဿနာ သတိ ပဋ္ဌာန်တရားတော်ဖြင့် စိတ်၏ အညစ်အကြေးတို့ကို သုတ် သင် ရှင်းလင်းကာ အလွန် သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်တော် မူကြလေကုန်ပြီ။

အမှန်တရား ကောယန ဟု ဆိုအပ်သော သတိပဋ္ဌာန် တရားကို မသိမမြင်ကြကုန်သော အန္ဓပုထုဇဉ်တို့သည်ကား ရုပ်စင်ကြယ်လျှင် ကိလေသာတို့မှ စင်ကြယ်သည်ဟု မှား ယွင်း ဖောက်ပြန်သော အယူအမြင်ဖြင့် ဂင်္ဂါမြစ်၌ ရေချိုး ခြင်း ကိုယ်၏ အညစ်အကြေးကို ဆေးကြောခြင်းဖြင့် ကိလေသာအညစ်အကြေးတွေ သန့်ရှင်းစင်ကြယ်သည် ဟု မိစ္ဆာအယူကို ယူကြလျက် ရုပ်စင်ကြယ်မှုကို ပြုလုပ်ကြကုန် ၏။ ထိုအယူအမြင်များ မှားယွင်းသည်ကို—

ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။
ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။

သတ္တဝါတို့သည် ရုပ်ညစ်နွမ်းလျှင် ကိလေသာတွေ ညစ်နွမ်းကြကုန်၏။ ရုပ်စင်ကြယ်လျှင် သတ္တဝါတွေ ကိလေ သာမှ စင်ကြယ်ကြကုန်၏....ဟူ၍ တရားတော်၏ အမှား

အမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ဟော တော်မူခြင်းမရှိပေ။ ဝါ၊ မဟောခဲ့ပေ။

ဟောခဲ့သည်မှာကား....

စိတ္တေန သံကိလိဿနေ၊ သံကိလိဿန္တိ မာဏဝါ။
စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဇာတိ ဝုတ္တံ မဟေသိနာ။

သတ္တဝါတို့သည် စိတ်သန့်ရှင်းစင်ကြယ်သဖြင့်သာလျှင် ကိလေသာတို့မှ စင်ကြယ်ကြကုန်၏။စိတ်သည် ကိလေသာ တို့မှ စင်ကြယ်သည်ရှိသော် စင်ကြယ်ခြင်း အစစ်ဖြစ်ကြ ကုန်၏ ဟူ၍သာ မြတ်စွာဘုရား ဟောတော်မူခဲ့သည်။

စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊
စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ။

ရဟန်းတို့ စိတ်ညစ်နွမ်းလျှင် သတ္တဝါတွေ ညစ်နွမ်း ကြသည်။ စိတ်ဖြူစင်မှသာ သတ္တဝါတွေ သန့်ရှင်းဖြူစင် သည်ဟု မြတ်စွာဘုရားတိုက်ရိုက် ဟောကြားတော်မူသည်။ သို့ဖြစ်၍ စိတ်၌ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ် ဖို့အရေးသည် မိမိစိတ်ကို မိမိ မပြတ်ကြည့်ရှု ဆင်ခြင်၍ သရာဂစိတ်စသော ညစ်ကြေးသော စိတ်မဖြစ်စေရန် ကိလေသာ အညစ်အကြေး မကပ်ရောက် နိုင်စေရန်

အတွက် စိတ္တာနုပဿနာကို ပွားများအားထုတ် ကြရမည် ဖြစ်သည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားသည် သတ္တဝါတို့ သန္တာန်၌ ကိလေသာအယုတ်တရားတို့မှ လွတ်ကင်း၍ သန့်ရှင်းဖြူစင်သော အရိယာစိတ် ဖြစ်သည်သာ မဟုတ်သေးပေ။ သောက ဖြစ်နေသော သတ္တဝါတို့၌ ယင်းသောကမှလည်း လွတ်မြောက်စေသည်။ ပရိဒေဝမီး တောက်လောင်နေသော သတ္တဝါတို့၌ ယင်းပရိဒေဝမီးကိုလည်း ငြိမ်းစေသည်၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ဖြစ်နေသော သတ္တဝါတို့၏ ဒုက္ခဒေါမနဿတို့ကို ချုပ်ပျောက် ကင်းလွတ်စေသည်။ ထိုမျှသာ မဟုတ်သေးပေ၊ စိတ္တာနုပဿနာကို ပွားများ လေ့လာသော ပုဂ္ဂိုလ်သည် ဉာယ-ဟု ဆိုအပ်သော- အရိယာမဂ္ဂင် ရှစ်ပါးတရားကိုရသော အကျိုးလည်း ရှိ၏။ ဝါန-ဟုဆိုအပ်သော တဏှာမှ ကင်းလွတ်ခြင်းကြောင့် နိဗ္ဗာန်ဟူ၍ အမည်ထူးကို ရရှိသော သေခြင်းကင်းငြိမ်းရာ အမတအငြိမ်းတရားကိုလည်း မျက်မှောက်ထင်ထင် ရရှိခြင်း အကျိုးရှိပေသည်။ ဤသို့လျှင် များပြား ကောင်းမြတ်လှသော အကျိုးထူးတို့ကို ရစေတတ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို

ပွားများအားထုတ်အပ်ပေသည်။ ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

## နိဂုံး

ကတံ စိတ္တာနုပဿနံ၊ သာခုကံ ဗုဒ္ဓဒေသိတံ။
သကာယ မြန်မာဘာသာယ၊ စိတ္တံ စိတ္တံ ဂုဏာသယံ။

ပုညမိဒံ မယာ ကတံ၊ နိဗ္ဗာနပစ္စယော ဘဝ။
ဘာဂံ ပုညဿ သဗ္ဗေသံ၊ သတ္တာနံ ဟောတု သမကံ။

သာခုကံ၊ ကောင်းစွာ။ ဗုဒ္ဓဒေသိတံ၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားအပ်သော။ စိတ္တံ စိတ္တံ ဂုဏာသယံ၊ ဆန်းကြယ်သည်ထက် ဆန်းကြယ်သော ဂုဏ်တို့၏ တည်ရာဖြစ်သော။ စိတ္တာနုပဿနံ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို။ သကာယ မြန်မာဘာသာယ၊ ကိုယ်ပိုင်ဥစ္စာဖြစ်သော မြန်မာဘာသာဖြင့်။ မယာ၊ ငါသည်။ ကတံ၊ ရေးသားအပ်လေပြီ။

မယာ၊ ငါသည်။ ကတံ၊ ရေးသားအပ်သော။ ဣဒံ ပုညံ၊ ဤဓမ္မဒါန ကောင်းမှုသည်။ နိဗ္ဗာနပစ္စယော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အထောက်အပံ့သည်။ ဘဝ-ဘဝတု၊ ဖြစ်ပါစေသတည်း။ ပုညဿ။ ဓမ္မဒါနကောင်းမှု၏။ သမကံ၊ ညီ

မျှသော။ ဘာဂံ၊ အဖို့ဘာဂသည်။ သဗ္ဗေသံ သတ္တာနံ၊ ခပ်သိမ်း ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား။ ဟောတု၊ ရကြသည် ဖြစ်ပါစေသတည်း။

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်သစ်-စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့။

၁၃၄၃-ခုနှစ်-နယုန်လပြည့်ကျော် ၇-ရက်
ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီ ပြီးသည်။

# မစားအပ်သော အသား ၁၂-မျိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်လိမ္မာ ဆရာအာပတ်လွတ် ဆိုရိုးစကားသည် အဓိပ္ပါယ် နယ်ကျယ်၍ တာသွားသော စကားဖြစ်သည်။ ကာလဒေသ အရာဌာနအားလျော်စွာ ဆိုင်ရာဆိုင်ရာ၌ သုံးစွဲနိုင်သောစကား သုံးစွဲရသော စကားဖြစ်သည်၊ သို့သော် ပဓာနအားဖြင့် ရည်ရွယ်ဆိုလိုရင်းမှာ ရဟန်းတော်များ၏ ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ ဆိုလိုရင်းဖြစ်ဟန်ရှိသည်။ ဥပမာအားဖြင့်-န ကဗဠဝစ္ဆေဒကံ ဘုဉ္ဇိဿာ-မိတိသိက္ခာကရဏီယာ—ဟူသော သေခိယသိက္ခာပုဒ်တော်သည် ဆွမ်းလုပ် မုန့်ခဲဖွယ်တို့ကို ကိုက်ဖြတ်၍ မစားရ၊ မစားကောင်း၊ ကိုက်ဖြတ်၍ စားသောက်ခြင်းကို မပြုပါ-ဟု ဆွမ်းမုန့်ခဲဖွယ်တို့ကို ကိုက်ဖြတ်၍ စားသောက်ခြင်းမှ ရှောင်ကြဉ်ရမည်ဟု ပညတ်ချက်ဖြစ်သည်။ ရဟန်းတော်များကို ဆွမ်းခဲဖွယ်တို့ကို ကပ်လှူသောဒကာသည် အသားတုံးတို့ကို ကိုက်ဖြတ်၍ မစားရအောင် အတုံးငယ်ပြု၍ ချက်ပြုတ် ကပ်လှူခြင်းကြောင့် ရဟန်းတော်များ၌ ကိုက်ဖြတ်စားရခြင်းမရှိပဲ၊ အတုံးကလေးများကို တလုတ်စာ တလုတ်စာ

ယူ၍ ဘုဉ်းပေး စားသောက်ရသဖြင့် န ကပ္ပဋ္ဌဝဏ္ဏေဒက သိက္ခာပုဒ်နှင့်စပ်သော ဒုက္ကဋ်အာပတ်မှ ကင်းလွတ်ရပေသည်။

ထိုအတူ မုန့်ခဲဖွယ်တို့ကိုလည်း တခါစား တခါစား အတုံးကလေး အပြားကလေး သို့မဟုတ် အချောင်းကလေး ပြုလုပ်၍ ကပ်လှူကြလျှင် ထိုခဲဖွယ်တို့ကို ရဟန်းတော်များသည် မကိုက်မဖြတ်ရမူ၍ အဆင်သင့် တလုတ်စာ တလုတ်စာ ယူ၍ ဘုဉ်းပေးနိုင်ကြသည်။ ဤသို့ ဘုဉ်းပေးရသဖြင့် န ကပ္ပဋ္ဌဝဏ္ဏေဒက သိက္ခာပုဒ်နှင့် စပ်သော ဒုက္ကဋ်အာပတ်မှ လွတ်ကင်းရပေသည်၊ ရဟန်းတော်များ၌ ယင်းကဲ့သို့ အာပတ်မှ လွတ်ကင်းခြင်းသည် တပည့် ဒကာ ဒကာမတို့က ဝိနည်းကမ်း၌ အထိုက်အလျောက် နားလည်လိမ္မာခြင်းကြောင့် ဆရာတော် ရဟန်းတော်များ၌ အာပတ်မှ လွတ်ကင်းစွာ လဇ္ဇီ သီလဝန္တ ဖြစ်တော်မူကြရသည်။

ဣမ ခဇ္ဇက ဖလာဖလေဟိ သဒ္ဓိံ ဥတ္တရိဘင်္ဂေပိ အနာပတ္တိ-ဟု

ကန်ါအဌကထာ၌ ကိုက်ဖွဲ့၍ စားအပ်သော သစ်သီးကြီးငယ်တို့နှင့်တကွ လက်သုပ်ဟင်းလျာတို့ကို စားရာ၌ ကိုက်ဖြတ်၍ စားသော်လည်း အာပတ်မှ လွတ်ကင်းသည်ဟု မိန့်ဆို၏၊သို့ပင် မိန့်ဆိုသော်လည်း ဆွမ်းခဲဖွယ် သစ်သီး

တို့ကို ကပ်လှူကြသော ဒကာ ဒကာမ ပရိသတ်တို့ အလယ်၌ ပါးစပ်ဖြင့် ကိုက်ဖြတ်၍ စားရလျှင် သာရုပ္ပ မဖြစ်ပေ၊ သို့ဖြစ်၍ ဒကာများ တပည့်များက တလုတ်စာ တလုတ်စာ လှီး၍ဖြစ်စေ၊ ဖြတ်တောက်၍ဖြစ်စေ၊ ကပ်လှူ ကြလျှင် ဒကာ တပည့်တို့၌ ဝေယျာဝစ္စ ကောင်းမှုကိုလည်း ဆည်းပူးရရောက်၍ ဘုဉ်းပေးသော ရဟန်းတော်များမှာ လည်း ဣန္ဒြေမပျက် ချမ်းသာစွာ ဘုဉ်းပေး သုံးဆောင် ကြရသည်။ ဥပမာ ဒူးရင်းသီးကို အမှာလိုက် ရဟန်းတော် များကို ကပ်လျှင် ပါးစပ်ဖြင့် ကိုက်၍ စားရမည်ပြင်၍ သာရုပ္ပ မဖြစ်ပေ၊ အသားကို ခွာ၍ ကပ်လှူပါက ဇွန်း ငယ်ဖြင့် ကောင်းစွာယူ၍ ဘုဉ်းပေးနိုင်သဖြင့် သာရုပ္ပ ဖြစ်ပေသည်၊ အင်ပင် အပ်သော်လည်း ကြည့်၍ လျှောက် ပတ်သည် မလျှောက်ပတ်သည်ကို သိရှိ၍ ဒကာက စီမံပေး လျှင် အာပတ်လည်း ကင်းလွတ်သည်၊ ကြည်ညိုဖွယ်လည်း ရှိသည်၊ ဤသည်တို့ကို ရည်ရွယ်၍ တပည့်လိမ္မာ ဆရာ အာပတ်လွတ် ဆိုရိုးစကား ဖြစ်ပေါ်လာသည် ဟု ယူဆနိုင် ပေသည်။

ထို့ပြင် ရဟန်းတော်များ၌ အပ်သောအသား၊ မအပ် သောအသား၊ စားသင့်သော အသား၊ မစားသင့်သော အသား ၂-မျိုး ရှိလေသည်။ ထို ၂-မျိုးတို့တွင် ဆယ် မျိုးသော အသားတို့ကိုကား လုံးဝ မစားအပ်ချေ။ ဆယ် မျိုးသော အသားတို့မှ လွတ်သော အသားပင် ဖြစ်သော်

လည်း ဤအသားသည် စားအပ်သော အသားဖြစ်သလား မစားအပ်သော အသားဖြစ်သလားဟု ဆင်ခြင်၍ စားရမည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်၊ ဆင်ခြင်ရမည်ဟူသည် သည်အသားသည် ဘာအသားလဲဟု မေးမြန်းစုံစမ်းရမည်၊မေးမြန်းစုံစမ်းပြီး အပ်သော အသားဖြစ်မှသာလျှင် စားရမည်ဟု ဆိုသည်။

(အပ္ပဋိဝေက္ခိတ္ဝာတိ အပုစ္ဆိတွာ၊ ဝိ·ဋ္ဌ- ၃-၃၇၆ ဘေသဇ္ဇက္ခန္ဓက)

အကယ်၍ သည်အသားသည် စားအပ်သော ဝက်သား စသည်ဟု သိမူကား မေးမြန်းစုံစမ်းဖွယ် မလိုတော့ပေ။ ဘာအသားဟူ၍ မသိလျှင်မူကား မေးမြန်းရမည်ဟု ဆိုလိုသည်။ ဆွမ်းကပ်လှူသော ဒကာသည် ရဟန်းတော်များ၌ မစားအပ်သော အသားတို့ကို သိရှိသဖြင့် မအပ်သော အသားကို ကပ်လှူခြင်း မပြုပဲ အပ်သော အသားတို့ကို ကပ်လှူသောအခါ ဤအသားသည် ဝက်သားဖြစ်ပါသည်၊ ဆိတ်သား ဖြစ်ပါသည်စသည်ဖြင့် ဆွမ်းဘုဉ်းပေးသော ရဟန်းတော်များအား လျှောက်ထားလျှင် ရဟန်းတော်များ၌ စားအပ်သော အသားဟောင်းကို ဘုဉ်းပေးရသောကြောင့်လည်း အပြစ်ကင်းသည်၊ ဒကာက ကြိုတင်၍ ဝက်သားဟောင်းပါဟု လျှောက်ထားခြင်းကြောင့်လည်း ရဟန်းတော်၌ အကယ်၍ မေးမြန်းစုံစမ်း ရမည်ကို

သတိမေ့၍ မမေးမိခဲ့သော် သင့်ရောက်ရမည့် ဒုက္ကဋ်အာပတ်မှ ကင်းလွတ်ခြင်း အကျိုးရှိပေသည်။ ဤအခြင်းအရာတို့ဖြင့်လည်း တပည့်လိမ္မာ ဆရာအာပတ်လွတ်ဟု ဆိုရိုးစကား ဖြစ်တန်ရာသည်။

## မစားအပ်သော အသား ၁၂-မျိုး

ရဟန်းတော်များ မစားအပ်သော ဆယ်မျိုးသော အသားတို့ဟူသည်မှာ အဘယ်အသားတို့ ဖြစ်သနည်းဟူမူ

၁။ လူသား၊

၂။ ဆင်သား၊

၃။ မြင်းသား၊

၄။ ခွေးသား၊

၅။ သစ်သား၊

၆။ ခြသေ့်သား၊

၇။ ကျားသား၊

၈။ အောင်းသား၊

၉။ ဝက်ဝံသား၊

၁၀။ မြွေသား –

တို့ဖြစ်ကုန်၏။

ပြဆိုအပ်သော မအပ်သော အသားဆယ်မျိုး အပြင် မိမိရည်မှန်း၍ သတ်အပ်သော အသားကို လည်းကောင်း ဆင်ခြင်မေးမြန်း စုံစမ်းခြင်း မပြုသော အသားကို လည်းကောင်း ယင်းအသားနှစ်မျိုးကိုလည်း မစားအပ်ပေ။

ပါဠိဖြင့် အကျဉ်းမှတ်သားလိုသော ပုဂ္ဂိုလ်များ အလို့ငှာ ခုဒ္ဒသိက္ခာ ၃-ဂါထာကို ထုတ်ပြအပ်သည်။

၁၁၃။ မနုဿ ဟတ္ထိ အဿာနံ၊ မံသံ သုနခ ဒီပိနံ၊
သီဟ ဗျဂ္ဃ တရစ္ဆာနံ၊ အစ္ဆဿ ဥရဂဿ စ။

၁၁၄။ ဥဒ္ဒိဿ ကတမံသဉ္စ၊ ယဉ္စ အပ္ပဋိဝေက္ခိယံ၊
ထုလ္လစ္စယံ မနုဿာနံ၊မံသေ သေသေသု ဒုက္ကဋံ။

၁၁၅။ အဋ္ဌိပိ လောဟိတံ စမ္မံ၊လောမမေသံ န ကပ္ပတိ၊
သစိတ္တကံဝ ဥဒ္ဒိဿ၊ကတံ သေသာ အစိတ္တကာ။

၁၁၃။ မနုဿ ဟတ္ထိ အဿာနံ၊ လူဆင်မြင်းတို့၏။ မံသံ၊ အသားသည်။ န ကပ္ပတိ၊ သီတင်းသုံးဖော်ငါးယောက်တို့သည် မစားအပ်။ သုနခ ဒီပိနံ၊ ခွေးသစ်တို့၏။ မံသံ၊ အသားသည်။ န ကပ္ပတိ၊ မစားအပ်။ သီဟ ဗျဂ္ဃ တရစ္ဆာနံ၊ ခြင်္သေ့, ကျား, အောင်းတို့၏။ မံသံ၊ အသားသည်။ န ကပ္ပတိ၊ မအပ်။ အစ္ဆဿ စ၊ ဝက်ဝံ၏လည်းကောင်း။ ဥရဂဿ စ၊ မြွေ၏လည်းကောင်း။မံသံ၊အသားသည်။ န ကပ္ပတိ၊ မစားအပ်။

၁၁၄။ ဥဒ္ဒိဿကတမံသဉ္စ၊ မိမိအား ရည်သန်း၍ သတ်သော အသားသည်လည်း။ န ကပ္ပတိ၊ မအပ်။ အပ္ပဋိဝေက္ခိယံ၊ ဆင်ခြင် မေးမြန်းခြင်းကို မပြုသော။ ယဉ္စ မံသံ၊ အကြင်အသားသည်။ အတ္ထိ၊ ရှိ၏၊ တဉ္စ မံသံ၊ ထိုအသားသည်လည်း။ န ကပ္ပတိ၊ မအပ်။ မနုဿာနံ၊ လူတို့၏။ မံသေ၊ အသား၌။ ထုလ္လစ္စယံ၊ ကြီးလေးသော အပြစ်ရှိ၏။ သေသေသု၊ လူသားမှကြွင်းသော အသားတို့၌။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သင့်၏။

၁၁၅။ သေံ၊ အသား မအပ်သော လူအစရှိသော သတ္တဝါတို့၏။ အဋ္ဌိပိ ၊ အရိုးတို့သည်လည်းကောင်း။ လောဟိတံပိ၊ သွေးသည်လည်းကောင်း။ စမ္မံပိ၊ အရေသည်လည်းကောင်း။ လောမံပိ၊ အမွေးသည်လည်းကောင်း။ န ကပ္ပတိ၊မအပ်။ (မသုံးဆောင်အပ်) ဥဒ္ဒိဿကတံဝ၊ မိမိကိုရည်ရွယ်၍ သတ်အပ်သော အသားသည်သာလျှင်။ သစိတ္တကံ၊ သစိတ္တက အာပတ်သင့်၏။ သေသာ၊ အခြားသော အသားတို့သည်။ အစိတ္တကာ၊ အစိတ္တက အာပတ်သင့်ကုန်၏။

"လူ မြွေ မြင်း ဆင်၊ ခွေး ခြင် သစ် ကျား၊ ဝံအောင်း အား၊ အသား မအပ် ဆယ်ထွေတည်း။
မဆင်ခြင်မှတ်၊ ရည်၍သတ်၊ ရောလတ် တဆယ့် နှစ်ပါး တည်း။"

(ရှေးဆရာမြတ်တို့၏ ဆောင်ပုဒ်နိယံ)

မစားအပ်သော အသားဆယ်မျိုးတို့တွင် အစ္ဆ-ကို ဝံဟူ၍ မြန်မာပြန်ကြသည်။ တရစ္ဆ-ကို အောင်းဟူ၍ ရှေးနိဿယတို့၌ မြန်မာပြန်ကြသည်။ အဘယာရာမ ဆရာတော်၏ အဘိဓာန်နိဿယသစ်၌ တရစ္ဆကို-သစ်ကျုတ် ဟု မြန်မာပြန်သည်။ ထိုနိဿယ၌ပင်-တရစ္ဆကို ရှေးနိဿ-ယတို့၌ အောင်းဟူ၏။ သီဟဠ၌ ဝက်ဝံတမျိုးဟူ၏။ သက္ကတဋီကာ ဟိန္ဒီနိဿယတို့၌ သစ်ဟူ၏-ဟူ၍ မှတ်ချက် ပြုတော်မူ၏။ ခုဒ္ဒသိက္ခာ ဋီကာသစ်၌-တတ္ထ သီသဂီဝါတ-ရက်နု စရန္တာ အစ္ဆဝိသေသာဝ တရစ္ဆာ-ဟူ၍-မိန့်ဆိုသည်၊ တရစ္ဆ - သတ္တဝါဟူသည်မှာ ဦးခေါင်းနှင့်လည်ပင်းတို့ကို လှိုင်းတပိုးကဲ့သို့ လှုပ်ရှား၍ သွားတတ်သော ဝက်ဝံ အထူး ဝက်ဝံတမျိုးသည်ပင် တရစ္ဆဖြစ်သည်ဟု ဆိုသည်။ အမည်နာမ ပညတ်တို့ဖြစ်၍ သင့်သည် ထင်ရာကိုသာ မှတ်ယူကြရန်ဖြစ်သည်။ အရပ်ဒေသလိုက်၍လည်း အမည် အထူးထူးဖြစ်နိုင်ပေသည်။

လူအစရှိသော အသားမအပ်သော သတ္တဝါတို့၏ အသားသည်သာလျှင် မအပ်သည်မဟုတ်၊ ၎င်းတို့၏ အရိုးများ သွေးများ၊ အရေများ၊ အမွေးများသည်လည်း သီတင်းသုံးဖော် ငါးယောက်တို့အား မအပ်ကုန်။ ဝသ-ဟုခေါ်သော ဆီကြည်၌ လူ၏ဆီကြည်သာ မအပ်သည်၊ အခြား သတ္တဝါတို့၏ ဆီကြည်ကား အပ်သည်ဟူ၏။ နို့ရည်မှာမူကား မည်သည့်သတ္တဝါ၏ နို့ရည်သည် မအပ်သည် မရှိ၊ အပ်သည်ချည်းဟု ဆိုသည်။

အသား ၁၂-မျိုးတို့ကား သိသင့်သ၍ သိကြပေပြီ၊ ထိုအသား ၁၂-မျိုးတို့ကို မစားအပ်၊ မစားကောင်းဟု ပညတ်တော်မူရင်းအကြောင်းတို့ကိုလည်း သိသင့် သိထိုက်ကြသည်ဖြစ်၍ ထုတ်ဆောင်ပြဦးအံ့။

မြတ်စွာဘုရားသည် ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူသောအခါ ဖြစ်သည်၊ ဗာရာဏသီမြို့၌ သုပ္ပိယအမည်ရှိသော ဥပါသကာ ဒကာနှင့် ဇနီးဖြစ်သော သုပ္ပိယာ ဥပါသိကာမတို့ ရှိကြကုန်၏။ သုပ္ပိယနှင့် သုပ္ပိယာ ဇနီးမောင်နှံ ၂-ယောက်တို့သည် ရတနာသုံးပါး၌ ကြည်ညိုကြကုန်၏၊ ပေးလှူတတ်ကုန်၏၊သံဃာတော်အား ပြုစုလုပ်ကျွေးတတ်ကုန်၏။ သုပ္ပိယာ ဥပါသိကာမသည် မိဂဒါဝုန်တောရှိ ကျောင်း အာရာမ်သို့ သွား၍ ကျောင်းစဉ်လှည့်လည်ကာ အရှင်ဘုရားတို့ နေထိုင်မကောင်းသော

ပုဂ္ဂိုလ်၊ မကျန်းမာသော ပုဂ္ဂိုလ်များ ရှိပါသလား၊ အကယ်၍ မကျန်းမာသော ပုဂ္ဂိုလ်ရှိပါလျှင် ထို ပုဂ္ဂိုလ်အား အဘယ်ခေတ်စာ ဆေးဝါးများ အလိုရှိပါသလဲ ဟု လျှောက်ထားလေသည်။ ထိုအခါ ရဟန်းတော်တပါးသည် ဝမ်းနုတ်ဆေးကို သောက်သဖြင့် သုပ္ပိယာ ဥပါသိကာမကို ဒကာမ ငါသည် ဝမ်းနုတ်ဆေးကို သောက်ထားသည် ဖြစ်၍ သားဟင်းရည်ကို အလိုရှိသည်ဟု ပြောကြားလေသည်။

သုပ္ပိယာ ဥပါသိကာမသည် ကောင်းပါပြီ အရှင်ဘုရား သားဟင်းရည်ကို ပို့လှူပါမည်ဟု ဝန်ခံခဲ့ပြီးကာလ အိမ်သို့ ရောက်လျှင် အလိုအလျောက် ဖြစ်ပေါ်ရောင်းချသော အသားကို လူတယောက်ကို စေလွှတ်၍ ဝယ်စေ၏၊ ထိုနေ့သည်ကား မာဃာတသမယ၊ ယနေ့ သားကောင်များကို မသတ်စေရဟု-အမိန့်ထုတ်ထားသော နေ့ဖြစ်သောကြောင့် အသားကို ဝယ်၍ မရခဲ့ပေ။ မရကြောင်းကို ပြောပြရာ သုပ္ပိယာ ဥပါသိကာမသည် ငါသည် ရဟန်းတော်ထံ၌ အသားဟင်းရည် ပို့ပါမည်ဟု ဝန်ခံခဲ့သည်၊အသားဟင်းရည် မရက ရောဂါသော်လည်း တိုးမည်၊ သေသော်လည်း သေမည်၊ ပို့လှူရန် ဝန်ခံခဲ့လျက် မပို့လှူရလျှင် မသင့်ပေ-ဟု ဆင်ခြင်၍ သားလှီးဓားဖြင့် မိမိပေါင်သားကို လှီးဖြတ်ပြီးလျှင် အစေခံမကို ခေါ်၍ သည်အသားကို စီမံချက်ပြုတ်၍

ဤမည်သောကျောင်း၌ မကျန်းမာသော ရဟန်းတော်ရှိသည်၊ ထို ရဟန်းတော်အား သွားရောက်ပို့လှူချေ။ ငါ့ကို မေးလျှင် မကျန်းမာပါဟု လျှောက်နှဲ့ဟု မှာကြားပြီးလျှင် အခေါ်ရုံအဝတ်ဖြင့် ပေါင်ကို ရစ်ပတ်၍ အခန်းတွင်းကုတင်ပေါ်၌ အိပ်နေ၏။

သုပ္ပိယ ဥပါသကာ ဒကာသည် အိမ်သို့ ပြန်လာသောအခါ သုပ္ပိယာ ဥပါသိကာမကို မမြင်၍ မေးမြန်းသောအခါ အကြောင်းရင်းကို သိရှိရာ သုပ္ပိယ ဥပါသကာ ဒကာသည် ဝမ်းမြောက် ဝမ်းသာ တအံ့တသြဖြစ်ကာ၊ အံ့သြဖွယ်ကောင်းလေစွ၊ မဖြစ်စဖူး ထူးထူးကဲကဲဖြစ်လေစွ၊ သုပ္ပိ-ယာ ဥပါသိကာမသည် မိမိ ပေါင်သားကို လှီး၍ လှူနိုင်လောက်အောင် စေတနာသဒ္ဓါရှိပါပေစွ၊ မိမိပေါင်သားကို ပင် လှီး၍လှူနိုင်သော သုပ္ပိယာ ဥပါသိကာမသည် မလှူနိုင်သော အရာဘတ္တုဟူ၍ အဘယ်မှာ ရှိတော့အံ့နည်းဟု ကျူးရင့်ကာ မြတ်စွာဘုရားထံတော်သို့ သွား၍ မြတ်စွာဘုရားအား သံဃာတော်များနှင့်တကွ မနက်ဖြန် မိမိ အိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူရန် ပင့်လျှောက်ခဲ့သည်။

နံနက်၌ သံဃာတော်များနှင့်တကွ မြတ်စွာဘုရားသည် သုပ္ပိယ ဥပါသကာ အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသည်၊ သုပ္ပိယာ ဥပါသိကာမကို မမြင်၍ မြတ်စွာဘုရားက မေးမြန်းတော်မူသဖြင့် အကြောင်းခြင်းရာ သိတော်မူလျှင်

သုပ္ပိယာ ဥပါသိကာမကို ပွေ့၍ ရွှေတော်သို့ ခေါ်ခဲ့ရန် အမိန့်ရှိသဖြင့် ခေါ်ခဲ့ရာ မြတ်စွာဘုရားကို ဖူးမြင်ရလျှင်ပင် ပေါင်၌ သားလှီးမားဖြင့် လှီးထားသောအနာသည် အသားနု တက်၍ အရေပြားဖုံးကာ မွေးညှင်းကလေးများ ပေါက်၍ ပကတိ အသားအတိုင်း ကောင်းမွန် သွားလေသည်။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး တရားအနုမောဒနာ ဟောပြောပြီးကာလ ပြန်ကြွတော်မူသည်။ ကျောင်းတော်သို့ ရောက်သောအခါ ရဟန်းများကို စည်းဝေးစေပြီး ကာလ ရဟန်းတို့ အဘယ်ရဟန်းသည် သုပ္ပိယာ ဥပါသိကာမထံ၌ အသားဟင်း တောင်းသနည်းဟု မေးတော်မူရာ ဘုရားတပည့်တော် တောင်းပါသည်ဟု တောင်းသော ရဟန်းက လျှောက်၏။ ပေးလှူရဲ့လား၊ ပေးလှူပါသည် မြတ်စွာဘုရား။ ပေးလှူသည်ကို စားကော စားမိသလား၊ စားမိပါသည် မြတ်စွာဘုရား။ ဆင်ခြင် မေးမြန်းရဲ့လား၊ မဆင်ခြင် မမေးမြန်းမိပါ မြတ်စွာဘုရား။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်း သင်သည် ဆင်ခြင် မေးမြန်းခြင်း မပြုပဲ အဘယ့်ကြောင့် စားဘိသနည်း။ ရဟန်း သင်းစားသော အသားဟင်းသည် အခြား အသား မဟုတ်၊ လူ့သားကို စားမိပေသည် ဟု ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် တရားစကား ပြောကြားတော်မူ၍ ရဟန်းတို့ ရဘာနာသုံးပါး၌ ကြည်ညိုကြကုန်သော သ ပသန္နရှိကြ

ကုန်သော လူတို့သည် မိမိ၏ အသားကို သော်လည်း စွန့်လွှတ် လှူဒါန်းနိုင်ကြကုန်၏၊ ရဟန်းတို့ လူသားကို မစားကြကုန်လင့်၊ လူသားကို စားသောရဟန်းသည် ကြီးလေးသော ထုလ္လစ္စဥ်းအာပတ်သို့ ရောက်၏။ ရဟန်းတို့ မဆင်ခြင် မမေးမြန်းပဲ မစားအပ်၊ မဆင်ခြင် မမေးမြန်းပဲ စားသော ရဟန်းသည် ဒုက္ကဋ် အာပတ်သို့ ရောက်၏။

> န ဘိက္ခဝေ မနုဿမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ။ န ဘိက္ခဝေ အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ—

ဟု မိန့်ကြား ပညတ်တော်မူသည်။

ဤသို့ဖြင့် သုပ္ပိယာ ဥပါသိကာမကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ရဟန်းတော်များအား လူသားကို မစားရန်နှင့် ဆင်ခြင် မေးမြန်းခြင်းကို မပြုပဲ မစားရန် သိက္ခာပုဒ် နှစ်ပါးကို ပညတ်တော်မူသည်။

## ဆင်မြင်း အစရှိသော အသား ၉-မျိုးကို မစားအပ်ကြောင်း ပညတ်တော်မူခြင်း

အခါတပါး၌ မင်း၏ဆင်တို့သည် သေကြကုန်၏၊ အစာရေစာငတ်မွတ်သော လူတို့သည် ဆင်သားတို့ကို စားကြကုန်၏၊ ဆွမ်းခံသော ရဟန်းတော်တို့ကိုလည်း လောင်းကြ

လှူကြသဖြင့် ရဟန်းတို့သည်လည်း ဆင်သားကို စားကြကုန်၏။

ထိုအခါ အချို့လူတို့က ရဟန်းတော်တို့သည် အဘယ့်ကြောင့် ဆင်သားကို စားကြကုန်သနည်း၊ ဆင်ဟူသည်မှာ ရှင်ဘုရင်၏ စစ်အင်္ဂါထဲ၌ ပါဝင်သော အရာဖြစ်သည်။ ရှင်ဘုရင် သိလျှင် ရဟန်းတော်တို့၌ နှလုံးမချမ်းမသာဖြစ်ပေလိမ့်မည်ဟု ကဲ့ရဲ့ပြစ်တင်ကြကုန်၏၊ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ထိုအခါ မြတ်စွာဘုရားသည်—

န ဘိက္ခဝေ ဟတ္ထိမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ·

ဟူ၍ ပညတ်တော်မူသည်။ ရဟန်းတို့ ဆင်သားကို မစားကြလေနှင့်၊ စားသော ရဟန်းသည် ဒုက္ကဋ်အာပတ်သို့ ရောက်၏-ဟု မိန့်တော်မူသည်—

အခါတပါး၌ မင်း၏မြင်းတို့ သေကြ၍ မြင်းသားကို လူအချို့ စားကြကုန်၏၊ ရဟန်းတော်များကိုလည်း လောင်းကြ လှူကြကုန်၏၊ ရဟန်းတော်တို့ သည်လည်း မြင်းသားကို စားကြကုန်၏၊အချို့လူတွေက ကဲ့ရဲ့ပြီးကာလ မြတ်စွာဘုရားထံ လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည်—

န ဘိက္ခဝေ အဿမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ—

ဟူ၍ ပညတ်တော်မူသည်။ ရဟန်းတို့ မြင်းသားကို မစားကြလေနှင့်၊ စားသောရဟန်းသည် ဒုက္ကဋ်အာပတ်သို့ ရောက်၏... ဟု မိန့်တော်မူသည်။

ငတ်မွတ် ခေါင်းပါးသောအခါ၌ လူတို့သည် ခွေးသားကို စားကြကုန်၏၊ ဆွမ်းခံသော ရဟန်းတော်တို့အား ကပ်လှူကြသဖြင့် ရဟန်းတော်တို့သည်လည်း စားကြကုန်၏။ မြတ်စွာဘုရား သိတော်မူသောအခါ—

န ဘိက္ခဝေ သုနခမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ—

ဟူ၍ ပညတ်တော်မူ၏။ ရဟန်းတို့ ခွေးသားကို မစားကြလေနှင့် စားသော ရဟန်းသည် ဒုက္ကဋ် အာပတ်သို့ ရောက်၏ ဟု မိန့်တော်မူသည်။

(လူတို့ စက်ဆုပ်ရွံရှာသော အသားဖြစ်သောကြောင့် ခွေးသားကို မစားရန် ပညတ်တော်မူသည်။)

ငတ်မွတ်ခေါင်းပါးသောအခါ၌ လူတို့သည် မြွေသားကို စားကြကုန်၏၊ ဆွမ်းခံသော ရဟန်းတော်တို့ကိုလည်း ကပ်လှူကြကုန်သဖြင့် ရဟန်းတော်များလည်း စားကြကုန်၏။ မြတ်စွာဘုရား သိတော်မူသော အခါ——

န ဘိက္ခဝေ အဟိမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိ-
ဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ –

ဟူ၍ ပညတ်တော်မူ၏။ ရဟန်းတို့ မြွေသားကို မစားကြသေနှင့်၊ စားသော ရဟန်းသည် ဒုက္ကဋ် အာပတ်သို့ ရောက်၏ဟု မိန့်တော်မူသည်။

(မြွေသားသည်လည်း လူတို့ စက်ဆုပ်ဖွယ် ရွံရှာဖွယ်ဖြစ်၍ မစားရန် ပညတ်တော်မူသည်။)

ထို့ပြင် အကြောင်းတရပ်မှာ...သုပဿ အမည်ရှိသော နဂါးမင်းသည် မြတ်စွာဘုရားထံ လာရောက်ရှိခိုး၍ မြတ်စွာဘုရား အချို့သော နဂါးတို့သည် သဒ္ဓါတရား မရှိကြပါ၊ ကြည်ညိုခြင်း မရှိကြပါ၊ ထိုနဂါးတို့သည် မပြောလောက်သော အကြောင်းတို့ဖြင့် မှုလည်း ရဟန်းတော်တို့ကို ညှဉ်းဆဲနှိပ်စက်ကုန်ရာသည်၊ သို့ဖြစ်၍ ရဟန်းတော်တို့သည် မြွေသားများကို မစားကြရန် ဆုံးမတော်မူသင့်ကြောင်း လျှောက်ထားသည်ကို အကြောင်း ပြု၍လည်း ရဟန်းတော်များ မြွေသားကို မစားကြရန် ပညတ်တော်မူသည်။

အခါတပါး၌ တောမုဆိုးတို့သည် ခြင်္သေ့ကို သတ်၍ ခြင်္သေ့သားကို စားကြကုန်၏၊ ဆွမ်းခံသော ရဟန်းတော်တို့ကို ကပ်လှူကြသဖြင့် ရဟန်းတော်တို့သည်လည်း စား

ကြကုန်၍ တောကျောင်း၌ နေကြကုန်၏၊ ခြင်္သေ့တို့သည် ခြင်္သေ့သားအနံ့ကို ရကြသဖြင့် ရဟန်းတော်တို့အား ပုတ်ခတ် ကုတ်ဖဲ့ကြကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြသဖြင့်–

န ဘိက္ခဝေ သီဟမံသံ ပရိဘုဥ္ဇိတဗ္ဗံ၊ ယော ပရိဘုဥ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ–

ဟူ၍ ပညတ်တော်မူသည်။ ရဟန်းတို့ ခြင်္သေ့သားကို မစားကြလေနှင့် စားသော ရဟန်းသည် ဒုက္ကဋ်အာပတ်သို့ ရောက်၏ ဟူ၍ မိန့်တော်မူသည်။

ကျားသား၊ သစ်သား (သစ် သတ္တဝါ) ဝံသား၊ အောင်းသားတို့ကိုလည်း ခြင်္သေ့သား၌ကဲ့သို့ အန္တရာယ်ရှိသည်ဖြစ်၍ ရဟန်းတော်များ မစားကြရန် မြတ်စွာဘုရား ပညတ်တော်မူသည်။ ယခု ထုတ်ဆောင်ပြခဲ့ပြီးသည့်အတိုင်း ရဟန်းတော်များ မစားအပ်သော–

၁။ လူသား၊

၂။ ဆင်သား၊

၃။ မြင်းသား၊

၄။ ခွေးသား၊

၅။ မြွေသား၊

၆။ ခြင်္သေ့သား၊

၇။ ကျားသား၊

၈။ သစ်သား၊

၉။ ဝံသား၊

၁၀။ အောင်းသား–

အားဖြင့် အသားဆယ်မျိုးတို့ ဖြစ်ကုန်၏။

ထိုဆယ်မျိုးသော အသားတို့တွင် လူသားကို စားလျှင် ထုလ္လစ္စယ-အမည်ရှိသော ကြီးလေးသော အာပတ်သင့်၏။ ကျန် ၉-မျိုးသော အသားတို့ကို စားလျှင် ဒုက္ကဋ် အာပတ်သင့်သည်။ အသားဟင်းကို တွေ့လျှင် ဘာအသားလဲဟု ဆင်ခြင် မေးမြန်းခြင်းမပြုပဲ စားလျှင်လည်း ဒုက္ကဋ် အာပတ်သင့်သည်။ သို့ဖြစ်၍ တပည့်ဒကာတို့က အသားဟင်း ကပ်လှူသောအခါ သည်ဟင်းသည်-ဝက်သားဟင်း ဖြစ်ပါသည်၊ ဆိတ်သားဖြစ်ပါသည် စသည်ဖြင့် စားအပ်သော အသားဖြစ်သည်ကို သိရှိရန် လျှောက်ထား၍ ကပ်လှူပါက တပည့်ဒကာမှာလည်း ကုသိုလ်ဖြစ်၍ ရဟန်းတော်တို့၌လည်း အာပတ်မှ လွတ်ကင်းတော်မူရပေသည်၊ သို့ကြောင့် တပည့်လိမ္မာ ဆရာအာပတ်လွတ်-ဟု ဆိုရိုးရှိခဲ့သည်ဟု ဆိုရမည်။

အသားဆယ်မျိုးနှင့် မဆင်ခြင် မမေးမြန်းအပ်သော အသားတို့ကို စားခြင်းကြောင့် ရဟန်းတော်တို့၌ ထုလ္လစ္စယနှင့် ဒုက္ကဋ် အာပတ်ရောက်သင့်သည်တို့ကို ပြဆိုခဲ့ပြီ။

ဥဒ္ဒိဿ ကတမံသ-ရည်ညွှန်း၍ သတ်အပ်သောအသား နှင့် စပ်သော အမိပ္ပါယ်တို့ကို ပြဆိုရပေဦးမည်။

ဥဒ္ဒိဿ ကတမံသနှင့်စပ်သော ကိစ္စမှာ ပထမဦးဆုံး အဖြစ်ဖြင့် ဒေဝဒတ်ကို အကြောင်းပြု၍ မြတ်စွာဘုရား မိန့်မြွက်တော်မူသည်ဟု မှတ်ရပေမည်။ ဒုတိယအကြိမ်၌ ဝေသာလီပြည် သီဟစစ်သူကြီး ဆွမ်းကျွေးပွဲကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူသည်။ တတိယအကြိမ်၌ ရာဇဂြိုဟ်မြို့၌ ဆရာဇီဝက လျှောက်ထား သည်ကို အကြောင်းပြု၍ ဟောတော်မူသည်။

ဤသုံးဌာနတို့၌ ဟောတော်မူရာတွင် ပထမအကြိမ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူသည်ကို အကြောင်းနှင့်တကွ ပြသင့်သောကြောင့် အကြောင်းရင်း ကိုပါ ပြပေအံ့။

ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံး ကို လှိမ့်ချ၍ မြတ်စွာဘုရားအား သွေးဥတည်အောင်ပြု ခြင်း၊ နာဠာဂီရိဆင်ကို အရက်တိုက်ပြီး တိုးဝှေ့အောင် ပြုခြင်းဖြင့် မြတ်စွာဘုရား၏ အာယုသင်္ခါရကို အန္တရာယ်ပြု သော အကြောင်းတို့ကြောင့် ဒေဝဒတ်အပေါ်၌ ကြည်ညို ခြင်း နည်းပါးကြကုန်သဖြင့် ဒေဝဒတ်သည် ဆွမ်းစသော လာဘ်လာဘ ပါးရှားခေါင်းပါးခြင်းသို့ ရောက်လာခဲ့သည်။ ယင်းသို့ လာဘ်လာဘနည်းပါးလာသောအခါ ထင်ရှားပြီး

လာဘ်လာဘ ပေါများစေရန် မြတ်စွာဘုရားနှင့် ဂိုဏ်းခွဲရန် သံဃာခွဲရန် ကြံစည်၍ ကဒမေဒကတိဿဟူသော ကောကာလိကရဟန်းနှင့် တိုင်ပင်သည်၊ ကောကာလိကက ငါ့ရှင် အလွန်ဘုန်းတန်ခိုးကြီးမားသော ရှင်ဂေါတမကို အံတု၍ ဂိုဏ်းခွဲရန် ဖြစ်နိုင်မည် မဟုတ်ဘူး။ သည်တော့ သည်အကြံကိုလုပ်ပါ။ ဘာအကြံလဲဆိုလျှင်-ရှင်ဂေါတမထံ သွားပြီးကာလ အရာဝတ္ထုငါးမျိုးတို့ကို တောင်းရမည်၊ ငါးမျိုးတို့မှာ—

၁။ မြတ်စွာဘုရား ရဟန်းတော်တို့သည် အသက်ထက်ဆုံး တောရနေခြင်း အာရညိကဓုတင်ကို ဆောက်တည်ကြပါစေ။

၂။ ရဟန်းတော်တို့သည် အသက်ထက်ဆုံး ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ကြပါစေ။

၃။ ရဟန်းတော်တို့သည် အသက်ထက်ဆုံး ပံသုကူလ ဓုတင်ဆောက်တည်ကြပါစေ။

၄။ ရဟန်းတော်တို့သည် အသက်ထက်ဆုံး ရုက္ခမူလ ဓုတင် ဆောက်တည်ကြပါစေ။

၅။ ရဟန်းတော်တို့သည် အသက်ထက်ဆုံး ငါး အသားတို့ကို မစားကြပါစေနှင့်။ သက်သတ်လွတ် စားကြပါစေ—

ဤငါးမျိုးကို မြတ်စွာဘုရားထံ လျှောက်တောင်းမည်။ မြတ်စွာဘုရားသည် ကေန် ခွင့်ပြုလိမ့်မည် မဟုတ်ပေ၊ မြတ်စွာဘုရားက ခွင့်မပြုသောအခါ တပည့်တော်တို့က ငါတို့သည် ကောင်းမြတ်သော ဤ၀တ္ထုငါးမျိုးကို မြတ်စွာဘုရားထံ တောင်းသည်၊ မြတ်စွာဘုရားက ခွင့်မပြုပဲ ပယ်လိုက်သည်၊ ငါတို့က ကျင့်သုံးလိုက်နာကြမည် ဟူသော သဘောဖြင့် လူတွေကို သိစေမည်။ ငါ့ရှင် ဒေ၀ဒတ်-လူတွေသည် ခေါင်းပါးသော အကျင့်ရှိသော ပုဂ္ဂိုလ်ကို ကြည်ညိုကြသည် မဟုတ်လော၊ ဤသို့ဖြင့် တပည့်တော်တို့သည် သံဃာခွဲပြီး တရားသဘောခွဲပြီး ဖြစ်သွားပေမည်-ဟု ကောကာလိက အကြံပေးသည်ကို ဒေ၀ဒတ်က သဘောတူလေသည်။

သဘောတူသည့်အတိုင်း မြတ်စွာဘုရားထံ ၀တ္ထု ငါးမျိုးတို့ကို ခွင့်ပြုရန် တောင်းသောအခါ-မြတ်စွာဘုရားက ဒေ၀ဒတ် မတော်ဘူး၊ မသင့်ဘူး။

၁။ ရဟန်းတော်များသည် မိမိဆန္ဒအလျောက် တောရကျောင်း၌ နေလိုကနေ၊ ရွာနီးကျောင်း၌ နေလိုက နေကြစေ။

၂။ ပိဏ္ဍပါတ်ခုတင် ဆောင်လိုက ဆောင်ကြစေ၊ ပင့်ဖိတ်သော ဆွမ်းကို စားလိုက စားကြစေ။

၃။ ပံ့သုကူလသင်္ကန်းကို ဆောင်လိုသူ ဆောင်ကြစေ၊ ဒကာများ လှူသော သင်္ကန်းကို ဆောင်လိုသူ ဆောင်ကြစေ။

၄။ ရဟန်းတော်များသည် ရုက္ခမူဓုတင် ဆောင်လိုက ဆောင်ကြစေ၊ ကျောင်းမိုးအောက်၌ နေလိုသူ နေကြစေ။

၅။ ဒေဝဒတ်—အဒိဋ္ဌ—မမြင်ခြင်း၊ အသုတ—မကြားခြင်း။ အပရိသင်္ကိတ—ယုံမှား မရှိခြင်းဟူသော အစွန်းသုံးပါး အပြစ်သုံးပါးတို့မှ လွတ်ကင်းသန့်ရှင်းသော ငါးသားတို့ကို စားလိုက စားကြစေဟု မြတ်စွာဘုရားက အကြောင်းပြကာ ပယ်ချတော်မူလိုက်သည်။

မြတ်စွာဘုရားက ပယ်တော်မူလိုက်သောအခါ ဒေဝဒတ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ မိမိပရိသတ်နှင့် တကွ မြတ်စွာဘုရားကို ရှိခိုး၍ ပြန်သွားလေသည်။ ဒေဝဒတ်သည် ပရိသတ်နှင့်တကွ ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်၍ ရဟန်းတော်များ ခေါင်းပါးသော အကျင့်ကို ကျင့်ကြစေရန် ငါတို့က မြတ်စွာဘုရားထံ ဝတ္ထုငါးမျိုးကို ရဟန်းတော်များအား ပညတ်ရန် တောင်းဆိုသည်၊ မြတ်စွာဘုရားက ငြင်းပယ်တော်မူသည်၊ ငါတို့က ဤငါးမျိုးကို ကျင့်သုံးလိုက်နာကြမည်၊

တေ မယံ ဣမေဟိ ပဥ္စဟိ ဝတ္ထူဟိ သမာဒါယ
ဝတ္တာမ–

ဟု ဟောပြောလေသည်။

ထိုအခါ ရတနာသုံးပါး၌ ယုံကြည်မှု မရှိကုန်သော မကြည်ညိုကုန်သော အသိဉာဏ်နည်းပါးကုန်သော လူပြိန်းတို့သည် ဤသို့ဆိုကြကုန်၏။အဘယ်သို့ ဆိုကြသနည်းဟူမူ အရှင်ဒေဝဒတ်နှင့်တပည့်သားတို့သည် ခုတင်ဆောင်တော်မူကြကုန်၏၊ ခေါင်းပါးသော အကျင့်ရှိကြကုန်၏။ ရှင်ဂေါတမတို့သည်ကား ဘုန်းကြီးအောင် ပစ္စည်းပေါအောင် အားထုတ်နေကြကုန်၏-ဟုဆိုကြသတဲ့။ ရတနာသုံးပါးတို့၌ ယုံကြည်ကြကုန်သော ကြည်ညိုကြကုန်သော အသိဉာဏ်ရှိကြကုန်သော လူတို့သည်ကား–ရှင်ဒေဝဒတ်သည် အဘယ့်ကြောင့် သံဃာကွဲအောင် ပြုသနည်း၊ ဘုရားရှင် တရားတော် ပျက်အောင်ပြု လုပ်သနည်းဟု ကဲ့ရဲ့ကြကုန်သတဲ့။

ဤ၌ ပြလိုရင်းမှာ သားငါးတို့ကို စားသုံးရာ၌ ဥဒ္ဒိဿကတမံသ မိမိကိုရည်ရွယ်၍ သတ်ဖြတ်သော အသားငါးတို့ကို မစားအပ်ကောင်း။ ဥဒ္ဒိဿ ကတမံသ ဖြစ်သည် မဖြစ်သည်ကို သိရှိရန် ရှောင်ကြဉ်သင့်ရာ ရှောင်ကြဉ်ရန်ကို မြတ်စွာဘုရားက–

တိကောဋ္ဌ ပရိသုဒ္ဓ မစ္ဆမံသ- ၁-အဒိဋ္ဌ၊
၂-အသုတံ၊ ၃-အပရိသင်္ကိတံ–

ဟု ညွှန်ပြတော်မူသည်။

မိမိအား ကင်လျှုရန် သတ်ဖြတ်သည်ကို မမြင်ခြင်း၊ မကြားခြင်း။ မိမိအား ကပ်လျှုရန် ပြုလုပ်သည်ဟူ၍ ယုံမှားသံသယ မရှိခြင်း။ ဤအစွန်း သုံးပါးမှ လွတ်ကင်းသော အသားကို စားအပ်၏။ (ဆင်ခြင်၍ စားမှုသည် ကား စားသောအခါ သတိပြုရန်ဖြစ်၏။) အကယ်၍ မိမိအား ရည်ရွယ်၍ သတ်ဖြတ်ခြင်းကို မြင်သည်ဖြစ်အံ့၊ ထိုအသား ဟင်းမျိုးကို မစားအပ်။ မိမိအားရည်မှန်း၍ သတ်ဖြတ်သည်ဟု ကြားသိသည် ဖြစ်အံ့၊ ထိုအသားဟင်း မျိုးကို မစားအပ်။ မိမိအား ရည်မှန်း၍ သတ်ဖြတ်သည်ဟု စိတ်၌ ယုံမှားသံသယ ဖြစ်အံ့၊ ထို အသားဟင်းမျိုးကို မစားအပ်၊ စားသော် ဒုက္ကဋ်အာပတ်သင့်၏။ ဤအစွန်း သုံးပါးမှ လွတ်၍ သန့်ရှင်းသော အသားဟင်းကို မူကား စားလိုက စားအပ်သည်ဟု မြတ်စွာဘုရား ဟောတော် မူသည်။

ဤတွင် ဥဒ္ဒိဿ ကတမံသနှင့် စပ်၍ ပထမစကားတရပ် ပြီး၏။

## သိဟစစ်သူကြီး ဝတ္ထု

ဝေသာလီပြည် စစ်သူကြီး သိဟကို အကြောင်းပြု၍ ဥဒ္ဒိဿ ကတမံသနှင့် စပ်၍ ဒုတိယအကြိမ် မြတ်စွာဘုရား ဟောတော်မူသည်မှာကား—

ဝေသာလီပြည်၌ သိဟ အမည်ရှိသော စစ်သူကြီးသည် နာဋပုတ္တ နိဂဏ္ဌတိတ္ထိတို့ကို ဆည်းကပ် ကိုးကွယ်သောသူ ဖြစ်၏။ အခါတပါး၌ ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ စုဝေး၍ မြတ်စွာဘုရား၏ ဂုဏ်တော်, တရားတော်၏ ဂုဏ်တော်, သံဃာတော်၏ ဂုဏ်တော်တို့ကို မကြာ မကြာ ချီးကျူးပြောဆိုကြသည်ကို ကြားရာ ရှင်ဂေါတမသည် ကောင်းမြတ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံသော ဘုရားမြတ် ဖြစ်ရာသည်-ဟု ဆင်ခြင်၍ နာဋပုတ္တတိတ္ထိဆရာကြီးထံ၌ မြတ်စွာဘုရားအား သွားရောက်ဆည်းကပ်လိုကြောင်း ခွင့်တောင်း ပန်ကြားလေသည်၊ နာဋပုတ္တ တိတ္ထိဆရာကြီးက ၃-ကြိမ် တိုင်တိုင် တားမြစ်၍ မသွားဖြစ်ပဲ ပျက်ခဲ့သော်လည်း နောက်ဆုံး၌ နာဋပုတ္တတိတ္ထိ ဆရာကြီးကို မပန်ကြားတော့ပဲ မိမိသဘော အလျောက် မြတ်စွာဘုရားထံ သွားရောက် ဆည်းကပ်လေသည်။ (လိုရင်းကိုပြ၍ ချုံးလိုက်သည်။

မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်သက် ဝမ်းမြောက်သဖြင့် ဥပါသကာအဖြစ် အသိအမှတ်

ပြုတော်မူရန် ရှိသေစွာ လျှောက်ထားပြီးကာလ သံဃာများနှင့်တကွ မြတ်စွာဘုရားအား ဆွမ်းအလှူခံ ကြွရန်ပင့်သည်။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် ခွင့်ပြုလက်ခံသည်ကို သိ၍ သီဟ စစ်သူကြီးသည် အိမ်သို့ ပြန်သွားလေ၏။

ယောကျ်ား တယောက်ကို ခေါ်၍ နက်ဖြန် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်လှူရန် အလိုအလျောက် ပေါ်ပေါက်ရောင်းချသော အသားများကို ဝယ်ချေဟု စေလွှတ်ကာ ဝယ်ယူစေ၏။ နံနက်ရောက်သောအခါ မြတ်စွာဘုရားနှင့် တကွ သံဃာတော်များအား ဆွမ်းကပ်လှူနေစဉ်၌ များစွာကုန်သော နိဂဏ္ဌ-တိတ္ထိ တို့သည် ဝေသာလီမြို့တွင်း၌ တရပ်မှတရပ် တလမ်းမှ တလမ်းသို့ လှည့်လည်၍ လက်မောင်းတို့ကို ချီမြှောက်ငိုကြွေးကြကုန်၏။ ဤသို့ လှည့်လည် ရွတ်ဆိုကြကုန်သတဲ့၊ အဘယ်ကဲ့သို့ရွတ်ဆိုကြသနည်းဟူမူ ယနေ့စစ်သူကြီး သီဟသည် ဆူဖြိုးသော ကျွဲနွားတို့ကို သတ်၍ ရှင်ဂေါတမအား ဆွမ်းကပ်လှူလေသည်။ ရှင်ဂေါတမသည် မိမိကို ရည်ညွှန်း၍ သတ်သည်ကို သိလျက် ဘုဉ်းပေးတော် မူသည်၊ မိမိကို စွဲ၍ပြုသော မကောင်းမှုကံကို ရှင်ဂေါတမ ရရှိလေပြီဟု ကြွေးကြော်ကြသတဲ့။ ယောကျ်ား တယောက်သည် နိဂဏ္ဌတို့ ကြွေးကြော်သံတို့ကို ကြား၍

စစ်သူကြီး သီဟ နားအနီးသို့ ကပ်၍ ထိုအကြောင်းကို ပြောကြားလေသည်။

ထိုအခါ စစ်သူကြီးသီဟက ဤသို့ပြောကြားလေသည်၊ အမောင် ထို နိဂဏ္ဌတို့သည် ကာလ ကြာမြင့်စွာကပင် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ စကား၊ တရားတော်၏ ဂုဏ်ကျေးဇူးမဲ့စကား၊ သံဃာတော်များ၏ဂုဏ်ကျေးဇူးမဲ့ စကားတွေကို ပြောကြားနေကြသည်၊ မဟုတ်မမှန်သော အချည်းနှီးသော မလို၍ ပြောသော စကားတို့ကို ပြောကြားနေကြသည်။ ကဲ့ရဲ့ရှုတ်ချသော ထိုစကားတွေသည် ပြီးပဲ မပြီးနိုင်၊ ကုန်ပဲ မကုန်နိုင်ကြသေးဘူး။ အမောင် ငါတို့သည် အသက်တည်းဟူသော အကြောင်းကြောင့် မူလည်း သိလျက် စေ့ဆော်၍ သတ္တဝါကို မသတ်ပါဘူး ဟု ပြောကြားလိုက်၏။

မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား အနုမောဒနာ တရားစကား ပြောဟောပြီးကာလ ပြန်ကြွတော်မူသည်။ ဤအတ္ထုပ္ပတ္တိ အခြင်းအရာကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ရဟန်းတော်များအား တရားစကားဟောပြောတော်မူပြီးကာလ –

န ဘိက္ခဝေ ဇာနံ ဥဒ္ဒိဿ ကတမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ တိကောဋိပရိသုဒ္ဓံ မစ္ဆမံသံ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ—

ဟူ၍ မိန့်ကြားတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဒ္ဒိဿ၊ မိမိကို ရည်ညွှန်း၍။ ကတမံသံ၊ ပြုအပ်သော၊ ဝါ၊ သတ်အပ်သော အသားကို။ ဇာနံ ဇာနန္တော၊ သိလျက်။ န ပရိဘုဉ္ဇိတဗ္ဗံ၊ မသုံးဆောင် မစားသောက်အပ်။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ပရိဘုဉ္ဇေယျ၊ စားသောက်သည်ဖြစ်အံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပ-တ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ရဟန်းတို့။အဒိဋ္ဌံ၊မမြင်သော။အသုတံ၊မကြားသော၊ အပရိသင်္ကိတံ၊ ယုံမှားသံသယမရှိသော။တိကော-ဋိပရိသုဒ္ဓံ၊ အစွန်းသုံးပါးမှ လွတ်၍ စင်ကြယ်သော။ မစ္ဆမံသံ၊ ငါးအသားကို။ အနုဇာနာမိ၊ စားအပ်၏ ဟု ငါဘုရား ခွင့်ပြုတော်မူသည်။

ရဟန်းတော်များကို ရည်ညွှန်း၍ သတ်သည်ကို မမြင် ခြင်း၊ ရည်ညွှန်း၍ သတ်သည်ဟု မကြားခြင်း၊ ရည်ညွှန်း ၍ သတ်သည်ဟု ယုံမှားသံသယမရှိခြင်း၊ ဤအစွန်းသုံး ပါးတို့မှ လွတ်ကင်း၍ သန့်ရှင်းသော အသားကို ရဟန်း တော်များ စားလိုက စားခွင့်ပြုခြင်းဖြစ်သည်။ ဤသို့လျှင်

စစ်သူကြီး သီဟကို အကြောင်းပြု၍ ဥဒ္ဒိဿ ကတမံသနှင့် စပ်၍ မြတ်စွာဘုရားသည် ရဟန်းတော်များအား မိန့်ကြား တော်မူသည်။

ဤတွင် ဥဒ္ဒိဿ ကတမံသနှင့် စပ်၍ ဒုတိယစကားရပ် ပြီး၏။

ရာဇဂြိုဟ်မြို့၌ ဆေးဆရာဇီဝက လျှောက်ထားသည်ကို အကြောင်းပြု၍ တတိယအကြိမ် မြတ်စွာဘုရားဟောတော် မူသည်မှာ မာဂဓတိုင်းနှင့် ဝေသာလီပြည်သည် ဆက်စပ် လျက် ရှိသည်ဖြစ်သောကြောင့် ဝေသာလီပြည်က နိဂဏ္ဌ- တိတ္ထိတို့ မဟုတ် မဟတ် လုပ်ကြံ၍ ဝါဒဖြန့်ပြောဆိုကြ သော ဥဒ္ဒိဿ မံသအကြောင်းသည် ရာဇဂြိုဟ်မြို့သို့ ကူးစက် လာဟန်ရှိသည်၊ သို့ကြောင့် ဆရာဇီဝကသည် မြတ်စွာ ဘုရားထံ လျှောက်သည်ဟု ယူဆနိုင်သည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော် ဆရာဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူသောအခါဖြစ် သည်။ ဆရာဇီဝကသည် မြတ်စွာဘုရားထံ ဆည်းကပ် ဝတ်ပြုပြီးကာလ မြတ်စွာဘုရားအား ဤသို့-လျှောက်ထား သည်။ မြတ်စွာဘုရား တပည့်တော်သည် ဤသို့ကြားရ ပါသည်၊ ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ် ကြကုန်၏၊ ထိုအသားကို ရဟန်းဂေါတမသည် သိလျက် ဘုဉ်းပေးသုံးဆောင်သည်၊ မိမိကို ရည်ညွှန်းသော အသား

ဖြစ်၍ ရှင်ဂေါတမ၌ မကောင်းမှုရောက်သည်-ဟူ၍ ကြားရပါသည်၊ ထိုသူတို့ ပြောသောစကားသည် ဟုတ်မှန်သောစကားဖြစ်ပါသလား၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာ မကျပါသလား၊ မြတ်စွာဘုရား ဟောကြားသော အကြောင်းအားလျော်သော စကားကို ပြောကြားရာ ရောက်ပါသလား၊ အလုံးစုံသော အခြင်းအရာအားဖြင့် အရှင်ဘုရားတို့၏ ဝါဒ၌ ကဲ့ရဲ့ဖွယ်အကြောင်း မရှိပါလောဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက ဇီဝက- ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြကုန်၏၊ ရှင်ဂေါတမသည် မိမိကို ရည်ညွှန်း၍ သတ်သည်ကို သိလျက် ဘုဉ်းပေးသည်၊ မိမိကို ရည်ညွှန်း၍ သတ်သော အသားဖြစ်၍ ရှင်ဂေါတမ၌ မကောင်းမှုရောက်သည်ဟု အကြင်သူတို့သည် ပြောဆိုကြကုန်၏။ ထိုသူတို့သည် ငါပြောသော စကားကိုလိုက်၍ ပြောကြသည် မဟုတ်ကုန်၊ ငါ့ကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲခြင်းသာ ဖြစ်ကုန်၏။

(တိတ္ထိတို့သည် မိမိကို ရည်ညွှန်း၍ သတ်သော အသားကို စားသောသူသည်လည်း အကုသိုလ်ဖြစ်သည်၊ အပြစ်ရှိသည်ဟု-မှတ်ယူကြသည်။)

ဇီဝက (၁) မြင်ခြင်း (၂) ကြားခြင်း (၃) ယုံမှားသံသယရှိခြင်းဟူသော သုံးမျိုးသော အကြောင်းတို့ဖြင့်

အသားကို မစားအပ်ဟု ငါဘုရား ဟောတော်မူသည်။ ဇီဝက-မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားသံသယမရှိခြင်း-ဤသုံးမျိုးသော အကြောင်းတို့ဖြင့် အသားကို စားအပ်၏ဟု ငါဘုရားဟောတော်မူသည်။

ဇီဝက - ငါဘုရား၏ သာသနာတော်၌ ရဟန်းသည် တစုံတခုသော ရွာကိုလည်းကောင်း နိဂုံးကိုလည်းကောင်း အမှီပြု၍နေ၏၊ ထိုရဟန်းသည် မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် အရပ်မျက်နှာတခုကိုလည်းကောင်း၊ နှစ်ခုကိုလည်းကောင်း၊ သုံးခုကိုလည်းကောင်း၊ လေးခုမြောက်အရပ်ကိုလည်းကောင်း၊ အထက် အောက်၊ ဖီလာအရပ်တို့ကိုလည်းကောင်း ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်၊ အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ထို ရဟန်းကို အိမ်ရှင်သည်လည်းကောင်း၊ အိမ်ရှင့်သားသည်လည်းကောင်း လာရောက်၍ နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ပင့်သည်ဖြစ်အံ့၊ ဇီဝက ထို ရဟန်းသည် အလိုရှိမူကား လက်ခံလိုက်၏။ မနက်ဖြန်နံနက်၌ သပိတ်သင်္ကန်းကို ယူ၍ ထို အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွ၍ ခင်းထားအပ်သော နေရာ၌ နေ၏။

ထို ရဟန်းကို အိမ်ရှင်ဒါယကာသည် မွန်မြတ်သော ဆွမ်းတို့ဖြင့် ကပ်လှူကျွေးမွေး၏။

ယင်းသို့ မွန်မြတ်သော ဆွမ်းတို့ဖြင့် ကပ်လှူကျွေးမွေးရာ၌ အိမ်ရှင်ဒကာသည် လည်းကောင်း၊ သားသည်လည်းကောင်း ငါ့အား မွန်မြတ်သော ဆွမ်းတို့ဖြင့် ကပ်လှူပါစေဟူ၍လည်းကောင်း၊ နောင်အခါ၌လည်း ဤကဲ့သို့ပင် မွန်မြတ်သော ဆွမ်းတို့ဖြင့် ကပ်လှူပါစေ၊ ကပ်လှူလျှင်ကောင်းလေစွဟူ၍လည်းကောင်း၊ ထို ရဟန်း၏ စိတ်အစဉ်၌ မဖြစ်ပေ။ ထို ရဟန်းသည် ဒကာကပ်လှူသော ဆွမ်းကို မဘပ်မက် မတွေဝေ မစွဲလမ်းမူ၍ ဆွမ်း၌ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ လွတ်မြောက်ကြောင်းတရား၌ ဆင်ခြင်သည်ဖြစ်၍ ဘုဉ်းပေး၏၊ ထို ရဟန်းသည် ထို ဆွမ်းဘုဉ်းပေးသောအချိန်၌ မိမိကိုယ်ကို ဆင်းရဲခြင်းငှာမူလည်း ပြုလုပ်သလား၊ သူတပါး ဆင်းရဲခြင်းငှာမူလည်း ပြုလုပ်သလား၊ မိမိ သူတပါး နှစ်ဦးသားတို့ ဆင်းရဲခြင်းငှာမူလည်း ပြုလုပ်သလား၊ မပြုလုပ်ပါ အရှင်ဘုရား။ ဇီဝက– ထို အချိန်၌ ထို ရဟန်းသည် အပြစ်မရှိသော အပြစ်ကင်းသော ဆွမ်းကိုသာလျှင် ဘုဉ်းပေးသည်မဟုတ်လော။ဟုတ်ပါသည် အရှင်ဘုရား။ (ရဟန်းဟူ၍ သာမန်အမည်တပ်သော်လည်း မြတ်စွာဘုရားသည် မိမိကိုယ်ကို ရည်ညွှန်းမိန့်ကြားခြင်းဖြစ်သည်။)

မြတ်စွာဘုရား ဗြဟ္မာသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် နေသည်ဟု တပည့်တော် ကြားရဘူးပါသည်၊ ယခုမူကား မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့်နေသော ဗြဟ္မာတည်းဟူသော မြတ်စွာဘုရားကို မျက်မြင်ဒိဋ္ဌ ဖူးမြင်ရပါပြီ။ မြတ်စွာဘုရားသည် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် နေတော်မူသော မြတ်စွာဘုရား ဖြစ်ပါသည် အရှင်ဘုရားဟု လျှောက်၏။

ဇီဝက – အကြင် ရာဂကြောင့်၊ ဒေါသကြောင့်၊ မောဟကြောင့် ဆင်းရဲခြင်း ဖြစ်၏၊ ထို ရာဂ ဒေါသ မောဟတို့ကို ငါဘုရားသည် ပယ်အပ်ပြီ၊ အမြစ်အရင်းကို ဖြတ်အပ်ပြီ၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ၊ နောက်ထပ် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောက်တဖန် ဖြစ်ခြင်းသဘော မရှိပြီ။ ဇီဝက အကယ်၍ သင်သည် ဤအကြောင်းကို ရည်ညွှန်း၍ ပြောသည်ဖြစ်အံ့၊ သင်၏ စကားကို ငါဘုရား ခွင့်ပြုတော်မူသည်ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ဤအကြောင်းကို ရည်ညွှန်း၍သာလျှင် လျှောက်ကြားပါသည်ဟု ပြန်ကြား လျှောက်ထားလေသည်။

ကရုဏာနှင့်ယှဉ်သော စိတ်ဖြင့်နေခြင်း၊ မုဒိတာနှင့် ယှဉ်သော စိတ်ဖြင့်နေခြင်း၊ ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် နေခြင်းတို့၌လည်း မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် နေခြင်းကဲ့သို့ပင် ဇီဝကကို မြတ်စွာဘုရား ဟောတော်မူသည်။

**စိတ္တာနုပဿနာ ၁၂—ပ-မ-သ-စ**

မြတ်စွာဘုရားက ဇီဝကအား ဆက်လက်၍ ဟောတော်မူပြန်သည်မှာ ဇီဝက အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သား ရဟန်းကိုလည်းကောင်း ရည်ညွှန်း၍ (ရည်မှန်း၍) သတ္တဝါကို သတ်သည် ဖြစ်အံ့၊ ထိုသူသည် ငါးမျိုးသော အကြောင်းတို့ဖြင့် များစွာသော မကောင်းမှုကို ဖြစ်စေသည် မည်၏။

ဒကာတယောက်သည် တပည့်ဖြစ်သော လူတယောက်ကို မောင်မင်း သွားချေ၊ ဤမည်သော သတ္တဝါကို (ကျွဲ၊ နွားကို) ဖမ်းယူခဲ့လေ ဟု စေခိုင်းသည် ဖြစ်အံ့၊ ယင်းသို့ စေခိုင်းခြင်း ပထမအကြောင်းဖြင့်များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုသတ္တဝါကို လည်ပင်း၌ ကြိုးချည်၍ ဆွဲဆောင်ခြင်းဖြင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို ဖြစ်စေ၏၊ ဤသို့သော ဒုတိယအကြောင်းဖြင့်လည်း များစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။ မောင်မင်း သွားချေ၊ ဤအကောင်ကို သတ်လေလော ဟု စေခိုင်း၏။ ဤသို့သော တတိယ အကြောင်းဖြင့်လည်း များစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုသတ္တဝါကို သတ်ဖြတ်သောအခါ ဆင်းရဲခြင်း ပင်ပန်းခြင်းကို ခံစားရ၏။ ဤသို့သော စတုတ္ထအကြောင်းဖြင့်လည်း များစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုမအပ်သော အသားဟင်းဖြင့် မြတ်စွာ

ဘုရားကို လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သား ရဟန်းကို လည်းကောင်း၊ အရှိန်အစော်မဲ့စေခြင်းကို ပြု၏။ ဤသို့သော ပဉ္စမ အကြောင်းဖြင့်လည်း များစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။ ဇီဝက အကြင်သူသည် မြတ်စွာဘုရားကို လည်းကောင်း မြတ်စွာဘုရား၏ တပည့်သား ရဟန်းကို လည်းကောင်း ရည်ညွှန်း၍ သတ္တဝါကို သတ်သည်ဖြစ်အံ့၊ ထိုသူသည် ဤဆိုခဲ့ပြီးသော ငါးမျိုးသော အကြောင်းတို့ဖြင့် မကောင်းမှုကို ဖြစ်ပွားစေသည် မည်သည်ဟု ဟောတော်မူသည်။ မြတ်စွာဘုရား၏ တရားစကားတော်ကို ကြားနာရသော ဆရာ ဇီဝကသည် ဝမ်းမြောက် ဝမ်းသာ ဥပါသကာအဖြစ်ကို ထပ်မံလျှောက်ထားလေသည်။ ဤသို့ အားဖြင့် ဥဒ္ဒိဿ ကတမံသနှင့် စပ်သော အကြောင်းကို ဇီဝက လျှောက်ထားသည်ကို အကြောင်းပြု၍ တတိယ အကြိမ် မြတ်စွာဘုရားသည် ဟောတော်မူပြန်သည်။

ဥဒ္ဒိဿ ကတမံသနှင့် စပ်၍ ဒိဋ္ဌ, သုတ, ပရိသင်္ကိတ အစိပ္ပါယ်တို့ကို အဋ္ဌကထာ အဆုံးအဖြတ်အား လျော်စွာ ဆက်လက် ဖော်ပြဦးအံ့။ ဘိက္ခုမှစ၍ သီတင်းသုံးဖော် ငါးယောက်ဟူသော အများနှင့် သက်ဆိုင်သော အဆုံးအဖြတ်ဖြစ်သည်။

ဥဒ္ဒိသ ကတမံသ အရာ၌ ဒိဋ္ဌ,သုတ,ပရိသင်္ကိတအား ဖြင့် သုံးမျိုးရှိရာ—

၁။ ဒိဋ္ဌ ဟူသည် ရဟန်းတော်တို့အား ကပ်လှူရန် အကျိုးငှာ သားကောင် ငါးကောင်တို့ကို သတ်ဖြတ်၍ ယူဆောင်သည်တို့ကို မြင်ခြင်းကို ဆိုသည်။

၂။ သုတ ဟူသည် ထိုအတူ ရဟန်းတော်တို့ကို ကပ်လှူရန် အကျိုးငှာ သားကောင် ငါးကောင်တို့ကို သတ်ဖြတ်၍ ယူဆောင်သည်တို့ကို ကြားသိခြင်းကိုဆိုသည်။

၃။ ပရိသင်္ကိတ ဟူသည် (က) ဒိဋ္ဌ ပရိသင်္ကိတ (ခ) သုတ ပရိသင်္ကိတ (ဂ) ၂-မျိုးလုံးမှ လွတ်ကင်းသော ဥဘယမုတ္တ ပရိသင်္ကိတ ဟူ၍ သုံးမျိုးရှိသည်။

ဥပမာ ပုံစံ (က) ရဟန်းတို့သည် ကွန်များ မြှုံးများကို သယ်ဆောင်၍ တောသို့ သွားကြသော လူများကို မြင်ကြကုန်၏။ နောက်တနေ့ ရဟန်းတော်များ ရွာသို့ ဆွမ်းခံကြသောအခါ သားဟင်း ငါးဟင်းတို့ကို လောင်းလှူကြကုန်၏။ ထိုရဟန်းတို့သည် မနေ့က မြင်လိုက်သဖြင့် ငါတို့ကို ရည်ညွှန်း၍ ပြုလုပ်ကြလေသလားဟု သံသယဖြစ်

ကုန်၏၊ ယင်းသို့ (ပရိသင်္ကိတ) သံသယ ဖြစ်ခြင်းသည် ဒိဋ္ဌ ပရိသင်္ကိတ မြင်၍ သံသယဖြစ်ခြင်း ဖြစ်၏။

(ခ) ထို့အတူ – ပိုက်ကွန်များ မြှုံးများကို ယူ၍ တောသို့ သွားကြသတဲ့ ဟု ကြားကြသော ရဟန်းတော်တို့သည် နောက်တနေ့ ဆွမ်းခံကြသောအခါ သားဟင်း ငါးဟင်းဘို့ကို လောင်းလှူကြလျှင် မနေ့က တောသို့ သွားကြကြောင်း ကြားလိုက်ရသဖြင့် ငါတို့ကို ရည်ညွှန်း၍ ပြုလုပ်လေသလားဟု သံသယဖြစ်ကုန်၏။ ယင်းသို့ (ပရိ-သင်္ကိတ) သံသယ ဖြစ်ခြင်းသည် သုတ ပရိသင်္ကိတ ကြား၍ သံသယဖြစ်ခြင်း ဖြစ်၏။

(ဂ) မြင်လည်း မမြင်ကြ၊ ကြားလည်း မကြားကြ၊ ရဟန်းတော်များ ဆွမ်းခံကြသော အခါ သားဟင်း ငါးဟင်းတို့ကို လောင်းလှူ ကြကုန်၏။ ရဟန်းတော်တို့သည် ငါတို့ကို ရည်ညွှန်းပြီး ပြုလုပ်သော အသားများ ဖြစ်လေသလားဟု သံသယဖြစ်ကြ၏၊ ယင်းသို့သော သံသယသည် မြင်ခြင်း ကြားခြင်း ၂-မျိုးတို့မှ လွတ်သော ဥဘယမုတ္တပရိသင်္ကိတ ဖြစ်၏။

ဒိဋ္ဌပရိသင်္ကိတ ရှိသည်ဖြစ်စေ၊ သုတ ပရိသင်္ကိတ ရှိသည်ဖြစ်စေ၊ ဥဘယမုတ္တပရိသင်္ကိတ ရှိသည်ဖြစ်စေ၊ ပရိသင်္ကိတ ယုံမှား သံသယရှိလျှင် အလှူ မခံယူအပ်။ ပရိသင်္ကိတ မရှိမူကား ခံယူအပ်၏။

အကယ်၍ သံသယရှိ၍ ရဟန်းတော်များက မခံယူသောအခါ ဒကာများက အရှင်ဘုရားတို့ အဘယ့်ကြောင့် အလှူမခံပါသနည်း ဟု မေး၍ သံသယ ဖြစ်ကြောင်းကို ရဟန်းတော်များက ပြောကြားလျှင် အရှင်ဘုရား ရဟန်းတော်များကပ်လှူရန် ရည်ညွှန်းကြသည် မဟုတ်ပါ၊ တပည့်တော်တို့စားရန် မင်းမှုထမ်းတို့စားရန်သာ ရည်ညွှန်းကြပါသည်ဟု လျှောက်ထားက ရဟန်းတော်များအား အပ်တော့သည်သာ။

လူတို့၌ သာမူ နာမူ ကိစ္စအား လျော်စွာ ပြုလုပ်၍ လှူဒါန်းကြရာ၌ ရဟန်းတော်များအတွက် ရည်ညွှန်းပြုလုပ်ကြသည် မဟုတ်သောကြောင့် အလှူခံယူ ဘုဉ်းပေးကြရာ၌ အပြစ်မရှိဟုဆုံးဖြတ်သည်။ထိုစကားမှန်သည်ဟူ၏၊ အဘယ့်ကြောင့် ဟူမူ ရဟန်းတော်များကိုသာလျှင် ရည်ညွှန်းခြင်း မဟုတ်သောကြောင့်တည်း ဟု ဖြေသည်။

အကယ်၍ ကျောင်းတိုက်တခု၌ ရဟန်းတော်များကို ရည်ညွှန်း၍ ပြုလုပ်သည်ဖြစ်အံ့၊ ထိုရဟန်းတို့သည်ကား ငါတို့ကို ရည်ညွှန်း၍ ပြုလုပ်သည်ဟူ၍ မသိကြကုန်။ အခြားကျောင်းမှ ရဟန်းတော်တို့ကား သိကြကုန်၏။ အကြင်ရဟန်းတို့သည် မသိကြကုန်၊ မသိသော ထိုရဟန်းတို့သည် အပြစ်မရှိ၊ စားအပ်၏။ သိသောရဟန်းတို့သည် မစားအပ်၊ သီတင်းသုံးဖော် ၅-ယောက်တို့တွင် တစုံတယောက်သော

ပုဂ္ဂိုလ်အားရည်ညွှန်း၍ ပြုလုပ်သော အသားသည် သိတင်းသုံးဖော် အားလုံး မအပ်ဟု ဆိုးဖြတ်၏။ သိလျှင်သာ မအပ်ဟု ယူမှ ရှေးစကားနှင့် ညီမည် သဘောရသည်။

တစုံတယောက်သော ဒကာသည် တပါးသော ရဟန်းတော်ကို ရည်ညွှန်းကာ သတ်၍ ထို ရဟန်းအား သပိတ်ပြည့်အောင် လောင်းလှူလိုက်၏၊ ထိုရဟန်းသည် အကယ်၍ မိမိအတွက်ရည်ညွှန်း၍ ပြုလုပ်သည်ကိုသိလျက် အလှူခံယူပြီးလျှင် အခြား ရဟန်းတပါးကို ပေးလိုက်၏၊ ထို ရဟန်းသည် ပေးသော ရဟန်းအား ယုံကြည်၍ ဘုဉ်းပေးအံ့။ **အဘယ် ရဟန်း၌ အာပတ်သင့်မည်နည်း။**

အဖြေ။ နှစ်ပါးလုံးပင် အာပတ်မသင့်။

အဘယ့်ကြောင့်နည်း၊ အကြင်ရဟန်းကို ရည်ညွှန်း၍ ပြု၏၊ထိုရဟန်းကား မစားသောကြောင့် မသင့်။ စားသော ရဟန်းသည်ကား မသိသောကြောင့် မသင့်-ဟူသည်တည်း။

ကပ္ပိယအသားကို ခံယူခြင်းကြောင့် အာပတ်မသင့်။ ဥဒ္ဒိဿ ကတမံသကိုလည်း မသိပဲ စားသော ရဟန်းအား စားပြီးနောက်မှ သိသော်လည်း အာပတ်ကို ပြောကြားရန် မရှိဟူ၏။ အကပ္ပိယအသားကိုကား စားသော ရဟန်းသည် စားပြီးနောက်၌ သိလျှင် အာပတ်ကို ပြောကြားအပ်၏၊ ဥဒ္ဒိဿ ကတမံသကို သိလျက် စားမှသာ အာပတ်သင့်၏၊ အကပ္ပိယအသားကိုကား မသိပဲ စားလျှင်လည်း

အာပတ်သင့်၏၊ ထို့ကြောင့် ဝိနည်းကို လေးစားသော ပုဂ္ဂိုလ်သည် မေးမြန်းဆင်ခြင်ပြီးမှသာ သုံးဆောင်အပ်၏။

အကာပ္ပိယအသားတို့၌ မစ္ဆမံသ ဟူ၍ တွဲဖက်၍ စကားသုံးသော်လည်း ငါး ပုဇွန် စသော အသား တို့သည် အကပ္ပိယအသား၌ မပါကြကုန်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ရဟန်း တော်များနှင့်တကွ ရဟန်းသံဃာတော်များနှင့်နီးကပ်စွာ ဆည်းကပ်ကြည်ညိုကြ၍ ရဟန်းတော်များ၏ ဝေယျာဝစ္စ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ကြကုန်သော ဥပါသိကာ ဒကာ ဒကာမတို့သည် သတိပြုသင့်၊သိရှိမှတ်သားသင့်သော အကပ္ပိယမံသ, အပ္ပစ္စဝေက္ခိတမံသ, ဥဒ္ဒိဿ ကတမံသတို့၏ အကြောင်းကို ပေါင်းရုံးကာ ရေးသားဖော်ပြအပ်သော စာတမ်းသည် ဤတွင် နိဂုံးကမ္ပတ် သတ်မှတ်၍ ပြီးဆုံး ခြင်းသို့ ရောက်ပြီ။

နိဗ္ဗာနဿ ပစ္စယော ဟောတု။

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့
၁၃၄၃-ခုနှစ်၊ ဝါဆိုလဆန်း ၂-ရက်။
သောကြာနေ့။

ပ-မ-သ-စ ၁၉၃—၁၉-၁-၈၂—၃၀၀၀။

# အဘိဓဇမဟာရဋ္ဌဂုရု
# စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်
# ပြုစုသည့် ကျမ်းစာများ

---

၁။ ဥပုသ်သည်လက်စွဲ
၂။ မြန်မာအလင်္ကာ
၃။ မေတ္တသုတ် မြန်မာဋီကာ
၄။ ပရာဘဝသုတ် မြန်မာဋီကာ
၅။ ယုဝေါဝါဒ ဆုံးမစာ
၆။ စာဏက္ကျနီတိ နိဿယ
၇။ ရွှေသွားမင်္ဂလာ
၈။ မင်္ဂလသုတ်လက်စွဲ
၉။ လူမင်း နတ်မင်း ဦးညွှတ်ခြင်း
၁၀။ ရွှေဟင်္သာတောရသမိုင်း
၁၁။ ထွတ်ခေါင်ဆရာတော်
၁၂။ စံကျောင်းဆရာတော် ကျမ်းစာများ
၁၃။ အတ္ထုပ္ပတ္တိအကျဉ်း
၁၄။ ပဒေသာ ဆုံးမစာ
၁၅။ ကာယာနုပဿနာ
၁၆။ ဝေဒနာနုပဿနာ
၁၇။ စိတ္တာနုပဿနာ
၁၈။ ဓမ္မာနုပဿနာ
၁၉။ ရွှေကျင်ဆရာတော် ဗိမာန်တော်
၂၀။ ဝိနယမဟာဝဂ္ဂ မြန်မာဋီကာ
၂၁။ ရွှေကျင်နိကာယ သာသနာဝင်(ကျယ်)
၂၂။ ရွှေကျင်နိကာယ သာသနာဝင်(ကျဉ်း)
၂၃။ ခန္ဓသုတ် မြန်မာဋီကာ
၂၄။ အသား ၁၂-မျိုး စာတမ်း
၂၅။ ကျောင်းတော်ရာ မဟာထေရုပ္ပတ္တိကထာ
၂၆။ အာစေရဝန္ဒနာပျို့
၂၇။ ဟိ စ ပန နိပါတတ္ထဒီပနီ
၂၈။ ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ
၂၉။ ဂရုဓမ္မဝတ္ထု
၃၀။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ တရားစာ
၃၁။ သာသနာရေး တရားတော်